မြန်မာနိုင်ငံကြက်ခြေနီအသင်း

ရပ်ရွာခြေပြုဘေးအန္တရာယ်လျော့ချရေး

# ဆောင်ရွက်ပုံနည်းလမ်းအဆင့်ဆင့်



Disclaimer

The **Community-Based Disaster Risk Reduction Step-by-Step Methodology** is a consolidation and harmonization of existing CBDRR methodologies, procedures, and practices of Myanmar Red Cross Society. Efforts have been made to ensure the accuracy and reliability of the information contained in this document. The document remains open for correction and improvement.


Key Contributors

| | | |
|---|---|---|
| MRCS | Prof. Tha Hla Shwe | President |
| | U Maung Maung Khin | Head of Disaster Management Division |
| FRC/CRC | Raphaelle Goepfert | Head of Delegation |
| | Shesh Kanta Kafle | Disaster Risk Reduction Program Coordinator |
| | Herve Gazeau | DRR Regional Coordinator for South-East Asia and the Pacific |
| IFRC | John Halder | Disaster Management Delegate |
| AmRC | Adesh Tripathee | Regional DRR Advisor |
| ADPC | Aslam Perwaiz | Head of Department, DRMS |
| | Thitiphon Sinsupan | Program Manager, DRMS |
| | Mareike Bentfeld | CBDRM Coordinator, DRMS |

# အမှာစာ



ကျွန်ုပ်အနေနှင့် ဤပုံနှိပ်ထုတ်ဝေသည့်စာအုပ်အတွက် အမှာစာ ရေးသားရခြင်းကို ဝမ်းမြောက်မိပါသည်။ ချီးကျူးထိုက်သောကြိုးစားအားထုတ်မှုဖြစ်သည့် ဤစာအုပ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင်ရှိသည့် အရင်းအမြစ်များ၊ လူ့စွမ်းအားများ၊ ပစ္စည်းဥစ္စာများနှင့် နည်းပညာများအား ထိရောက်စွာအသုံးပြုခြင်းအပေါ် ရေရှည်တည်တံ့မည့် အကျိုးသက်ရောက်မှုဖြစ်စေမည်ဟု ကျွန်ုပ်ထင်မြင်မိပါသည်။ ပြီးခဲ့သည့် ဆယ်နှစ်ကျော်ကာလအတွင်း ကျွန်ုပ်တို့သည် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် နည်းလမ်းအမျိုးမျိုးကို ကျင့်သုံးခဲ့ကြသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ကျွန်ုပ်တို့သည် ရပ်ရွာအဆင့်တွင် ကြက်ခြေနီစေတနာ့လုပ်အားရှင်များအကြား ဇဝေဇဝါဖြင့် မရှင်းလင်းမှုများ ဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် အများသဘောတူညီပြီး ပြီးပြည့်စုံသော ရပ်ရွာလူထု အခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းအတွက် လိုအပ်ချက်အား ရုပ်လုံးဖော်ခြင်းသည် ယခုအကောင်အထည်ပေါ်ခဲ့လာပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ လက်တွေ့လုပ်ဆောင်မှုများသည် အပြည်ပြည် ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများ ဖက်ဒရေးရှင်းနှင့် မိတ်ဖက်အမျိုးသားအသင်းများ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အစဉ်တစိုက်ကြိုးပမ်းပါဝင်လုပ်ဆောင်မှုလုပ်ငန်းစဉ်မှ ပေါ်ပေါက်လာခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များကို ကျေးရွာများနှင့် မြို့နယ်များတွင် ၂၀၀၃ ခုနှစ်မှစတင်၍ ကြက်ခြေနီစေတနာ့လုပ်အားရှင်များအား အောက်ခြေအဆင့်အထိ စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်းနှင့်အတူ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေး သီးသန့် ဆောင်ရွက်မှုများကိုလည်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီများ ဖက်ဒရေးရှင်း၊ ပြင်သစ်ကြက်ခြေနီ၊ ကနေဒါကြက်ခြေနီနှင့် အမေရိကန်ကြက်ခြေနီတို့၏ ပံ့ပိုးမှုတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ဖြင့် အများကြားတွင် လုပ်ဆောင်လျက်ရှိသည်။

ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၏ စွမ်းဆောင်ရည်တိုးတက်လာမှုသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ နည်းလမ်းကိရိယာနှင့် နည်းစနစ်များကိုဖော်ထုတ်ရန် ဦးတည်ကြောင်း အတွေ့အကြုံများမှ ရှင်းလင်းစွာ ပြဆိုပေသည်။ ယခုအချိန်၌ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတွင် ထိုကဲ့သို့သော အရန်သင့်ရှိနေသော အရင်းအမြစ်များနည်းတူ အသိပညာနှင့် အတွေ့အကြုံများ ရှိနေသော်လည်း ၎င်းတို့ကို ပေါင်းစပ်ပြည့်စုံသော နည်းလမ်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုနိုင်ခဲ့ပေ။ ရပ်ရွာလူထုစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ပို၍ ပေါင်းစပ်ပြည့်စုံပြီး တစ်လုံးတစ်ဝတည်းရှိစေရန်အတွက် ဖော်ထုတ်ပြုစုပြီးသော နည်းလမ်းကိရိယာနှင့် နည်းပညာများအား စံနှုန်းသတ်မှတ်လုပ်ဆောင်ခြင်းကို လိုအပ်သည်ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သိရှိခံစားရပါသည်။ ထို့အပြင် အဆိုပါ နည်းလမ်းကိရိယာများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အခြား ရပ်ရွာလူထုအခြေပြု အစပျိုးလုပ်ဆောင်မှုများတွင်လည်း အသုံးပြုရန် လိုအပ်ပေသည်။

ဤရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းမူဘောင်သည် ဤလိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းပေးပြီး အဆိုပါ ကိရိယာများနှင့် နည်းပညာများသည် မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာကြက်ခြေနီပုံစံ ချဉ်းကပ်နည်းအဖြစ် ဦးတည်နိုင်မည်ဟု ကျွန်ုပ်မျှော်လင့်မိပါသည်။

ဤအခွင့်အရေးကိုယူလျက် ကျွန်ုပ်အနေဖြင့် တောင်းဆိုလိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဆက်စပ်သော အဖွဲ့များအားလုံးနှင့် ကြက်ခြေနီလှုပ်ရှားမှုမိတ်ဖက်အဖွဲ့အစည်းများအား ဤမူဘောင်ကို နိုင်ငံအတွင်း ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းများအား ပုံစံရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ပုံတူယူအသုံးပြုစေလိုပါသည်။ ဤစာအုပ်သည် အမြဲအသုံးပြုနေရမည့် စာတမ်းဖြစ်သည့်အလျောက် ပုံမှန်ပြန်လည်သုံးသပ်၍ ပြင်ဆင်ရန်လိုအပ်မည်မှာ အထူးပြောရန်လိုမည်မထင်ပါ။

**ဒေါက်တာသာလှရွှေ**
ဥက္ကဋ္ဌ

မြန်မာနိုင်ငံကြက်ခြေနီအသင်း
နေပြည်တော်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်

# မာတိကာ


နိဒါန်း ၁

ရပ်ရွာခြေပြုဘေးအန္တရာယ်လျှော့ချရေး (CBDRR) ဆောင်ရွက်ပုံနည်းလမ်းအဆင့်ဆင့် ဆိုသည်မှာ အဘယ်နည်း။ ၂

CBDRR ဆောင်ရွက်ပုံနည်းလမ်းအဆင့်ဆင့်ကို မည်ကဲ့သို့ဖော်ထုတ်ပြုစုပါသနည်း။ ၂

CBDRR ဆောင်ရွက်ပုံနည်းလမ်းအဆင့်ဆင့်တွင် ပါဝင်သောအချက်များ။ ၂

ရပ်ရွာအခြေပြုနှင့် ကျောင်းအခြေပြုဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ ဆက်စပ်ချက်များ။ ၃

ရှေ့လုပ်ငန်းစဉ်။ ၃

အခြားသောဆက်စပ်အကြောင်းအရာများ။ ၄

ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျှော့ချရေး စီမံချက်တွင်ပါဝင်သောအဆင့်များ။ ၆

လုပ်ငန်းစဉ် ၁ စီမံချက်အကြောင်းစတင်မိတ်ဆက်ခြင်း။ ၇

၁.၁။ တိုင်းဒေသကြီး / မြို့နယ်အဆင့် ဆောင်ရွက်ခြင်း။ ၇

၁.၂။ မြို့နယ်အဆင့်ဆောင်ရွက်ခြင်း။ ၁၀

၁.၃။ ရပ်ကွက်/ ကျေးရွာအဆင့်ဆောင်ရွက်ခြင်း။ ၁၁

အဓိကစိန်ခေါ်မှုများ။ ၁၂

အခြားသောဆက်စပ်အကြောင်းအရာများ။ ၁၂

လုပ်ငန်းခွင်ဥပမာ။ ၁၃

လုပ်ငန်းစဉ် ၂ စီမံချက်နယ်မြေရွေးချယ်ခြင်း။ ၁၄

၂.၁။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ရွေးချယ်ခြင်း။ ၁၄

၂.၂။ မြို့နယ်အဆင့်ရွေးချယ်ခြင်း။ ၁၅

၂.၃။ ကျေးရွာ / ကျေးရွာအုပ်စု ရွေးချယ်ခြင်။ ၁၆

၂.၄။ ကျောင်းများရွေးချယ်ခြင်း ။ ၁၉

အဓိကစိန်ခေါ်မှုများ။ ၂၀

အခြားသောဆက်စပ်အကြောင်းအရာများ။ ၂၁

လုပ်ငန်းခွင်ဥပမာ။ ၂၁

လုပ်ငန်းစဉ် ၃ ကြက်ခြေနီစေတနာ့ဝန်ထမ်းလုပ်အား ရှင်နှင့်ရပ်ရွာလူထုအားစည်းရုံးလှုံ့ဆော်ခြင်း။ ၂၃

၃.၁။ ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း။ ၂၄

၃.၂။ ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်း။ ၂၅

၃.၃။ တာဝန်ခွဲဝေမှုဆိုင်ရာသင်တန်း။ ၂၆

၃.၄။ အထိမ်းအမှတ်ပွဲများ စီစဉ်ကျင်းပခြင်း။ ၂၇

၃.၅။ သင်တန်းလိုအပ်ချက်များအား လေ့လာဆန်းစစ်ခြင်း။ ၂၇

အဓိကစိန်ခေါ်မှုများ။ ၂၈

အခြားသောဆက်စပ်အကြောင်းအရာများ။ ၂၈

လုပ်ငန်းခွင်ဥပမာ။ ၃၀

## လုပ်ငန်းစဉ် ၄ ကနဦးလေ့လာမှုပြုလုပ်ခြင်း။ ၃၁

၄.၁။ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအဖွဲ့ ဖွဲ့စည်းခြင်း။ ၃၂
၄.၂။ စောင့်ကြည်အကဲဖြတ်အဖွဲ့ဝင်များအား သင်တန်းပေးခြင်း။ ၃၃
၄.၃။ သတင်းအချက်အလက်ကောက်ယူခြင်း။ ၃၃
၄.၄။ တွေ့ရှိချက်များကို ပြန်လည်တင်ပြခြင်း။ ၃၅
အဓိကစိန်ခေါ်မှုများ။ ၃၅
အခြားသောဆက်စပ်အကြောင်းအရာများ။ ၃၆
လက်တွေ့လုပ်ငန်းခွင် ဥပမာ။ ၃၇

## လုပ်ငန်းစဉ် ၅ ကဏ္ဍစုံလေ့လာဆန်းစစ်မှုပြုလုပ်ခြင်း။ ၃၈

၅.၁။ ကဏ္ဍစုံလေ့လာဆန်းစစ်မှုအဖွဲ့ ဖွဲ့စည်းခြင်း။ ၃၈
၅.၂။ လက်တွေ့လုပ်ငန်းခွင်ဆောင်ရွက်ခြင်း။ ၃၉
၅.၃။ လေ့လာဆန်းစစ်မှုအစီရင်ခံစာ။ ၄၁
အဓိကစိန်ခေါ်မှုများ။ ၄၁
အခြားသော ဆက်စပ်အကြောင်းအရာများ။ ၄၂
လက်တွေ့လုပ်ငန်းခွင်ဥပမာ။ ၄၂

## လုပ်ငန်းစဉ် ၆ လုပ်ငန်းအစီအစဉ်ဖော်ထုတ်ရေးဆွဲခြင်း။ ၄၄

၆.၁။ လူထုပါဝင်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း။ ၄၄
၆.၂။ ရပ်ရွာအတွင်းရရှိနိုင်မည့် အရင်းအမြစ်များစုဆောင်းခြင်း။ ၄၆
၆.၃။ လုပ်ငန်းစဉ် အစီအစဉ်အတွက် လိုအပ်သော ပံ့ပိုးကူညီမှုများ တင်ပြတောင်းခံခြင်း။ ၄၆
အဓိကစိန်ခေါ်မှုများ။ ၄၇
အခြားသောဆက်စပ်အကြောင်းအရာများ။ ၄၇
လက်တွေ့လုပ်ငန်းခွင်ဥပမာ။ ၄၈

## လုပ်ငန်းစဉ် ၇ ကနဦးလေ့လာမှုပြုလုပ်ခြင်း။ ၄၉

၇.၁။ တာဝန်ခွဲဝေခြင်း။ ၄၉
၇.၂။ စွမ်းဆောင်ရည်မြင့်တင်ခြင်း။ ၄၉
၇.၃။ အရင်းအမြစ်များအား စုဆောင်းထားရှိခြင်း။ ၅၀
၇.၄။ လုပ်ငန်းစဉ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ ၅၀
၇.၅။ စောင့်ကြည့်အကဲဖြတ်ခြင်း။ ၅၁
၇.၆။ လုပ်ငန်းအစီအစဉ်အားပြန်လည်သုံးသပ်ခြင်း။ ၅၂
အဓိကစိန်ခေါ်မှုများ။ ၅၂
အခြားသောဆက်စပ်အကြောင်းအရာများ။ ၅၂
လက်တွေ့လုပ်ငန်းခွင်ဥပမာ။ ၅၃

| | | |
|---|---|---|
| ၈ | နောက်ဆုံးအဆင့် သုံးသပ်လေ့လာမှု ဆောင်ရွက်ခြင်း။ | ၅၄ |
| | ၈.၁။ စောင့်ကြည့်အကဲဖြတ်ခြင်းဆိုင်ရာ မွမ်းမံသင်တန်း။ | ၅၄ |
| | ၈.၂။ နောက်ဆုံးအဆင့်သုံးသပ်လေ့လာမှုပြုလုပ်ခြင်း။ | ၅၄ |
| | ၈.၃။ လေ့လာမှုအစီရင်ခံစာ။ | ၅၅ |
| | ၈.၄။ စီမံချက်၏သက်ရောက်မှုအားအကဲဖြတ် လုပ်ငန်းစဉ်။ | ၅၅ |
| | အဓိကစိန်ခေါ်မှုများ။ | ၅၆ |
| | အခြားသောဆက်စပ်အကြောင်းအရာများ။ | ၅၇ |
| | လုပ်ငန်းခွင်ဥပမာ။ | ၅၇ |
| ၉ | လုပ်ငန်းစဉ်များလွှဲပြောင်းပေးခြင်းနှင့် စီမံချက်ဆုတ်ခွါရေးဆိုင်ရာ နည်းဗျူဟာ။ | ၅၈ |
| | ၉.၁။ လုပ်ဆောင်ရန်အစီအစဉ်အား ပြန်လည်သုံးသပ်ခြင်း။ | ၅၉ |
| | ၉.၂။ လိုအပ်သောပစ္စည်းများ ထောက်ပံ့ခြင်း။ | ၅၉ |
| | အဓိကစိန်ခေါ်မှုများ။ | ၆၁ |
| | လုပ်ငန်းခွင်ဥပမာ။ | ၆၁ |
| | Glossary | ၆၂ |
| | ရည်ညွှန်းကိုးကားမှုများ | ၆၆ |

# အကွက်များစာရင်း

| | | |
|---|---|---|
| အကွက် ၁ | အြနည်းဆုံးမဖြစ်မနေ ပါဝင်ဆောင်ရွက်ရမည့်လုပ်ငန်းများ | ၂ |
| အကွက် ၂ | စီမံချက်အကြောင်းစတင် မိတ်ဆက်ခြင်း | ၇ |
| အကွက် ၃ | ပြည်နယ်၊ တိုင်းဒေသကြီး ရွေးချယ်မှုသတ်မှတ်ချက် | ၁၄ |
| အကွက် ၄ | မြို့နယ်ရွေးချယ်မှုသတ်မှတ်ချက် | ၁၆ |
| အကွက် ၅ | ကျေးရွာ / ကျေးရွာအုပ်စု ရွေးချယ်မှု သတ်မှတ်ချက်များ | ၁၇ |
| အကွက် ၆ | ကျောင်းအဆင့်ရွေးချယ်မှုသတ်မှတ်ချက် | ၁၉ |
| အကွက် ၇ | ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်ရေးကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက | ၂၃ |
| အကွက် ၈ | ရပ်ရွာဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ဆောင်ရန်တာဝန်များ | ၂၄ |
| အကွက် ၉ | ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီတွင် ပါဝင်မည့်အဖွဲ့ဝင်များရွေးချယ်မှုသတ်မှတ်ချက် | ၂၄ |
| အကွက် ၁၀ | စွမ်းဆောင်ရည်မြှင့်တင်ခြင်း (အဓိပ္ပါယ်ဖွင့်ဆိုချက်) | ၂၈ |
| အကွက် ၁၁ | ကနဦး လေ့လာဆန်းစစ်ခြင်း။ | ၃၁ |
| အကွက် ၁၂ | အိမ်ထောင်စု ရွေးချယ်ခြင်းပုံစံ (နမူနာ) | ၃၄ |
| အကွက် ၁၃ | လူထုအခြေပြုသတင်းအချက်အလက်ကောက်ယူရေးဆိုင်ရာနည်းလမ်းများ | ၄၀ |
| အကွက် ၁၄ | ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ချရေး လုပ်ငန်းအစီအစဉ်ပါဝင်သောအချက်အလက်မျာ | ၄၄ |
| အကွက် ၁၅ | လူထုပါဝင်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း (အဓိပ္ပါယ်ဖွင့်ဆိုချက်)း | ၄၄ |
| အကွက် ၁၆ | စောင့်ကြည့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အတွက် မေးမြန်းရမည့်အချက်များ | ၅၁ |
| အကွက် ၁၇ | နောက်ဆုံးအဆင့် သုံးသပ်လေ့လာမှု (အဓိပ္ပါယ်ဖွင့်ဆိုချက်) | ၅၄ |
| အကွက် ၁၈ | အကဲဖြတ်ခြင်း (အဓိပ္ပါယ်ဖွင့်ဆိုချက်) | ၅၅ |
| အကွက် ၁၉ | စီမံချက်ဆုတ်ခွါရေးနည်းဗျူဟာရေးဆွဲခြင်း (လုပ်ဆောင်ရန်) | ၅၈ |

# ပုံများစာရင်း

| | | |
|---|---|---|
| ပုံ ၁ | စီမံချက်တွင် ပါဝင်သောလုပ်ငန်းစဉ်အဆင့်ဆင့် | ၆ |

# ဇယားများစာရင်း

ဇယား ၁ သက်ဆိုင်ရာ အဆင့်အလိုက် လုပ်ငန်းတာဝန်ခွဲဝေခြင်း ၈
ဇယား ၂ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်စီမံချက် မိတ်ဆက်ခြင်း ၁၀
ဇယား ၃ မြို့နယ်အဆင့်စီမံချက် မိတ်ဆက်ခြင်း ၁၁
ဇယား ၄ ရပ်ကွက်/ကျေးရွာအဆင့် ဆောင်ရွက်ခြင်း ၁၁
ဇယား ၅ ပြည်နယ် / တိုင်းဒေသကြီး ရွေးချယ်ခြင်း (အကျဉ်းချုပ်) ၁၅
ဇယား ၆ မြို့ နယ်အဆင့်ရွေးချယ်ခြင်း (အကျဉ်းချုပ်) ၁၇
ဇယား ၇ ကျေးရွာ / ကျေးရွာအုပ်စု ရွေးချယ်ခြင်း ၁၉
ဇယား ၈ ကျောင်းအဆင့်ရွေးချယ်ခြင်း (အကျဉ်းချုပ်) ၂၀
ဇယား ၉ အကျဉ်းချုပ – ကျေးရွာအဆင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း ၂၅
ဇယား ၁၀ အကျဉ်းချုပ် – ကျောင်းအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း ၂၅
ဇယား ၁၁ အကျဉ်းချုပ် – တာဝန်ခွဲဝေမှုဆိုင်ရာသင်တန်း ၂၆
ဇယား ၁၂ အကျဉ်းချုပ် – အထိမ်းအမှတ်ပွဲများစီစဉ်ဆောင်ရွက်ခြင်း ၂၇
ဇယား ၁၃ အကျဉ်းချုပ် – သင်တန်းလိုအပ်ချက်အား လေ့လာဆန်းစစ်ခြင်း ၂၈
ဇယား ၁၄ စွမ်းဆောင်ရည်မြင့်တင်ခြင်းဆိုင်ရာသင်တန်း ၂၉
ဇယား ၁၅ အကျဉ်းချုပ် – စောင့်ကြည့်အကဲဖြတ်အဖွဲ့ ဖွဲ့ စည်းခြင်း ၃၂
ဇယား ၁၆ အကျဉ်းချုပ် – စောင့်ကြည့်အကဲဖြတ်သင်တန်းပေးခြင် ၃၃
ဇယား ၁၇ အကျဉ်းချုပ် – သတင်းအချက်အလက်ကောက်ခံခြင် ၃၅
ဇယား ၁၈ အကျဉ်းချုပ် – ကနဦးလေ့လာဆန်းစစ်မှုအစီရင်ခံစာ ၃၅
ဇယား ၁၉ အကျဉ်းချုပ် – ကဏ္ဍစုံလေ့လာဆန်းစစ်မှုအဖွဲ့ ဖွဲ့ စည်းခြင်း ၃၉
ဇယား ၂၀ အကျဉ်းချုပ် – သင်တန်းပို့ ချခြင်း (ကဏ္ဍစုံလေ့လာဆန်းစစ်မှုဆိုင်ရာ) ၃၉
ဇယား ၂၁ အကျဉ်းချုပ် – ကဏ္ဍစုံလေ့လာဆန်းစစ်မှုဆောင်ရွက်ခြင် ၄၁
ဇယား ၂၂ အကျဉ်းချုပ် – ကဏ္ဍစုံလေ့လာဆန်းစစ်မှုအစီရင်ခံစာ ၄၁
ဇယား ၂၃ အကျဉ်းချုပ် – လူထုပါဝင်ဆောင်ရွက်သောလုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း ၄၅
ဇယား ၂၄ အကျဉ်းချုပ် – လုပ်ငန်းစဉ်အစီအစဉ်အတွက်လိုအပ်သောပံ့ပိုးမှုများတင်ပြ တောင်းခံခြင်း ၄၆
ဇယား ၂၅ အကျဉ်းချုပ် – လုပ်ငန်းစဉ်အစီအစဉ်အတွက်တင်ပြတောင်းဆိုမှုများကို အတည်ပြုခြင်း ၄၇
ဇယား ၂၆ အကျဉ်းချုပ် – တာဝန်ခွဲဝေခြင်း ၄၉
ဇယား ၂၇ အကျဉ်းချုပ် – စွမ်းဆောင်ရည်မြင့်တင်ခြင်း ၅၀
ဇယား ၂၈ အကျဉ်းချုပ် – အရင်းအမြစ်များ စုဆောင်းထားရှိခြင်း ၅၀
ဇယား ၂၉ အကျဉ်းချုပ် – လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း ၅၂
ဇယား ၃၀ အကျဉ်းချုပ် – စောင့်ကြည့်အကဲဖြတ်ခြင်း မွမ်းမံသင်တန် ၅၄
ဇယား ၃၁ အကျဉ်းချုပ် – နောက်ဆုံးအဆင့် လေ့လာမှုပြုလုပ်ခြင်း ၅၅
ဇယား ၃၂ အကျဉ်းချုပ် – လေ့လာမှုအစီရင်ခံစာ ၅၅
ဇယား ၃၃ အကျဉ်းချုပ် – သက်ရောက်မှုအကဲဖြတ်လုပ်ငန်းစဉ် ၅၆
ဇယား ၃၄ အကျဉ်းချုပ် – လုပ်ငန်းအစီအစဉ်အား ပြန်လည်သုံးသပ်ခြင် ၅၉
ဇယား ၃၅ အကျဉ်းချုပ် – လိုအပ်သောပစ္စည်းများ ထောက်ပံ့ခြင်း ၆၀

# Acronyms

| | |
|---|---|
| **2IC** | Second in Command |
| **AmRC** | American Red Cross |
| **BFA** | Basic First Aid |
| **CBDRR** | Community-Based Disaster Risk Reduction |
| **CBDRM** | Community-Based Disaster Risk Management |
| **CBFA** | Community-Based First Aid |
| **CCA** | Climate Change Adaptation |
| **CRC** | Canadian Red Cross |
| **CSO** | Civil Society Organization |
| **DM** | Disaster Management |
| **DRR** | Disaster Risk Reduction |
| **DyHoD** | Deputy Head of Division |
| **EWS** | Early Warning System |
| **FGD** | Focus Group Discussion |
| **FO** | Field Officer |
| **FRC** | French Red Cross |
| **G1** | Grade 1 Officer |
| **G2** | Grade 2 Officer |
| **GAD** | General Administration Department |
| **HoD** | Head of Division |
| **HQ** | Head Quarter |
| **IDRR** | International Day of Risk Reduction |
| **IEC** | Information, Education and Communication |
| **IFRC** | International Federation of Red Cross and Red Crescent Societies |
| **M&E** | Monitoring & Evaluation |
| **MAPDRR** | Myanmar Action Plan on Disaster Risk Reduction |
| **MCWA** | Maternal and Child Welfare Association |
| **MRCS** | Myanmar Red Cross Society |
| **MSA** | Multi-Sector Assessment |
| **NGO** | Non Governmental Organization |
| **OD** | Organization Development Division (MRCS) |
| **PC** | Program Coordinator |
| **PMER** | Planning, Monitoring, Evaluation and Reporting |
| **PNS** | Partner National Society |
| **RCEC** | Red Cross Executive Committee |
| **RCV** | Red Cross Volunteer |
| **RRD** | Relief and Resettlement Department |
| **SAR** | Search & Rescue |
| **SBDRR** | School-Based Disaster Risk Reduction |

| | |
|---|---|
| **SDMC** | School Disaster Management Committee |
| **SPP** | School Preparedness Plan |
| **SPSS** | Statistical Package for Social Sciences |
| **TBCB** | Township Branch Capacity Building |
| **TEO** | Township Education Officer |
| **TO** | Training Officer |
| **ToT** | Training of Trainers |
| **Tsp** | Township |
| **UDRR** | Urban Disaster Risk Reduction |
| **VDMC** | Village Disaster Management Committee |

# နိဒါန်း

မြန်မာနိုင်ငံအတွက် ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ (CBDRR) လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အပြည်ပြည်ဆိုင်ရာကြက်ခြေနီ၊ လခြမ်းနီများအသင်း ဖက်ဒရေးရှင်းနှင့် အခြားသောမိတ်ဖက်အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ကာ ရေးဆွဲထားခြင်းဖြစ် သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းစဉ်များ (CBDRR) ကို ၂၀၀၃ ခုနှစ်မှစတင်ကာ မြို့နယ်များနှင့် ကျေးရွာများတွင် အကောင်အထည်ဖော်ဆောင် ရွက်ခဲ့သည်။ ထို့သို့ဆောင်ရွက်ရာတွင် မြို့နယ်နှင့် ကျေးရွာအဆင့်ရှိ ကြက်ခြေနီစေတနာလုပ်အားရှင် များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းများအပြင် အခြားသောသက်ဆိုင်ရာလုပ်ငန်းများကို လည်း ၂၀၀၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးဆိုင် ရာလုပ်ငန်းစဉ်များ ဆောင်ရွက်မှုမှ ရရှိလာသောအတွေ့အကြုံများအပေါ် အခြေခံ၍ လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာ နည်းလမ်းများကို ဖော်ထုတ်ရေးဆွဲထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် အဆိုပါနည်းလမ်းကောင်းများနှင့် အတွေ့အကြုံများရှိသော်လည်း ထိုနည်းလမ်းများကို စနစ်တကျပေါင်း စပ်ထည့်သွင်း အကောင်အထည်ဖော်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့်မဆောင်ရွက်နိုင်ပါ။ သို့ပါသောကြောင့် အသင်းအနေဖြင့် လူထုအခြေပြု လုပ်ငန်းစဉ်များအားလုံးပေါင်းစပ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ပါဝင်သော ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ ဖွဲ့စည်းစည်းပုံတစ်ခု ရေးဆွဲဖော်ထုတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ အဆိုပါ ဖွဲ့စည်းပုံတွင် ဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော် ရာတွင်အသုံးပြုရမည့် ပေါင်းစပ်နည်းလမ်းများကို ထည့်သွင်းဖော်ပြထားသည်။ ထိုပေါင်းစပ်နည်းလမ်း များကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စီမံချက်များအကောင်အ ထည်ဖော်ခြင်းမှ ရရှိလာသော အတွေ့အကြုံများ၊ သင်ခန်းစာများနှင့် လက်ေ တွ့အသုံးပြုနေသောနည်းလမ်းများပေါ်တွင် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနမှ ဆောင်ရွက်လျက် ရှိသော အမျိုးမျိုးသော DRR စီမံချက်များတွင် အမျိုးမျိုးသောနည်းလမ်းများနှင့် အထောက်အကူပြုပစ္စည်း များ အသုံးပြုလျက်ရှိသည်။ ထို့ကြောင့် ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး ဖွဲ့စည်းပုံတွင် ဖော်ပြ ထားသော ပေါင်းစပ်နည်းလမ်းများကို အသုံးပြုစေခြင်းဖြင့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် လုပ်ဆောင်သောနည်းလမ်းများ၊ လုပ်ငန်းစဉ်များ တပြေးညီဖြစ်စေမည့်အပြင် လက်တွေ့ဆောင်ရွက် နေသော မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်ဝန်ထမ်းများ၊ ကွင်းဆင်း စီမံချက်ဝန်ထမ်းများနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်တို့အနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်မှု ပိုမိုလွယ်ကူစေမည် ဖြစ်သည်။

လူထုအခြေပြု ဘေးအန္တရာယ်လျော့ချခြင်းဆိုင်ရာ ဖွဲ့စည်းပုံတွင် ပါဝင်သောစာရွက် စာတမ်းများမှာ –

- CBDRR လက်တွေ့လေ့ကျင့်ခန်းဥပမာများ
- CBDRR လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းအဆင့်ဆင့်
- CBDRR လက်စွဲစာအုပ်
- CBDRR သင်တန်းပို့ချချက်များ
- CBDRR အသိပညာပေးသေတ္တာ တို့ဖြစ်သည်။

အဆိုပါ စာရွက်စာတမ်းတစ်ခုချင်းစီတွင် သီးသန့်ရည်ရွယ်ချက်များရှိပြီး သက်ဆိုင်ရာ ပုဂ္ဂိုလ်များမှ သက်ဆိုင်ရာစာရွက်စာတမ်းများကို အသုံးပြုရန်ဖြစ်သည်။ ဥပမာအားဖြင့် CBDRR လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းအဆင့်ဆင့်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းရုံးချုပ်နှင့် စီမံချက် ဝန်ထမ်းများအသုံးပြုရန်အတွက် ရည်ရွယ်ပြီး CBDRR လက်စွဲစာအုပ်ကို လက်တွေ့စီမံချက်နယ်မြေတွင် ဆောင်ရွက်နေသော မြန်မာနိုင်ငံကြက်ခြေနီအသင်း ကွင်းဆင်းဝန်ထမ်းများနှင့် ကြက်ခြေနီစေတနာလုပ် အားရှင်များအတွက်ရည်ရွယ်ပါသည်။

# ရပ်ရွာခြေပြုဘေးအန္တရာယ်လျော့ချရေး (CBDRR) ဆောင်ရွက်ပုံနည်းလမ်းအဆင့်ဆင့် ဆိုသည်မှာ အဘယ်နည်း။

ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ချရေး ဆောင်ရွက်မှုနည်းလမ်းအဆင့်ဆင့်ကို ဖော်ထုတ် ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အခြားသောဘေးအန္တရာယ်လျော့ချရေး ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများအနေဖြင့် ရပ်ရွာအခြေပြုနှင့် ကျောင်းအ ခြေပြု ဘေးအန္တရာယ်လျော့ချ ရေးလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ စီမံချက်တစ်ခုစီလျှင် အဓိကပါဝင် ရမည့်လုပ်ငန်းစဉ်များနှင့် အဆိုပါလုပ်ငန်း စဉ်များအောက်တွင် မဖြစ်မနေဆောင်ရွက်ရမည့် အသေးစိတ်လုပ်ငန်းများကို ဤစာအုပ်တွင် ရေးသားဖော် ပြထားပါသည်။ အနည်းဆုံး မဖြစ်မနေပါဝင်ဆောင်ရွက်ရမည့်လုပ်ငန်းဟုဆိုရာတွင် မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ချရေးစီမံချက်များအားလုံး အကောင်အထည်ဖော် ရာ၌ အဓိကလိုက်နာရမည့်လုပ်ငန်းများကို ရည်ညွှန်းခြင်းဖြစ်သည်။ ထိုသို့ဆိုခြင်းကြောင့် အဆိုပါလုပ် ငန်းများမှလွဲ၍ အခြားသောလုပ်ငန်းများကို ဆောင်ရွက်ရန်မလိုဟု ဆိုလိုခြင်းမဟုတ်ပါ။ ရပ်ရွာလူထု၏ လိုအပ်ချက်၊ အလှူရှင်အဖွဲ့အစည်းများ၏ တောင်းဆိုချက်များပေါ်မူတည်၍ အခြားသောလုပ်ငန်းစဉ်များကို လည်း ထပ်မံဆောင်ရွက်နိုင်ပါသည်။ ဖော်ပြပါဆောင်ရွက်ပုံနည်းလမ်းများသည် ဘေးအန္တရာယ် လျော့ချရေးလုပ်ငန်းဆောင်ရွက်သူများအတွက် လမ်းညွှန်စာအုပ်သာဖြစ်ပြီး မိမိတို့ဆောင်ရွက်သည့် စီမံ ချက်ပေါ်တွင်မူတည်၍ ပြောင်းလဲဆောင်ရွက်နိုင်ပါသည်။ ဤဆောင်ရွက်ပုံနည်းလမ်းအဆင့်ဆင့်စာအုပ်ကို အဓိကအားဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရုံးချုပ်)နှင့် စီမံချက်ဝန်ထမ်းများမှ အသုံးပြု၍လိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်သည်။

> **အကွက် ၁**
> **အနည်းဆုံးမဖြစ်မနေ ပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းများ။**
>
> မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်သော လူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး စီမံချက်တိုင်းတွင် လုပ်ငန်းစဉ်အလိုက် အဓိကလိုက်နာဆောင်ရွက်ရမည့်နည်းလ မ်းများကိုဖော်ပြတားခြင်း ဖြစ်သည်။

## CBDRR ဆောင်ရွက်ပုံနည်းလမ်းအဆင့်ဆင့်ကိုမည်ကဲ့သို့ဖော်ထုတ်ပြုစုပါသနည်း။

ဆောင်ရွက်ပုံနည်းလမ်းအဆင့်ဆင့်ဖော်ထုတ်ရေးဆွဲရာတွင် လူထုပါဝင်ဆောင်ရွက်ခြင်း နည်းလမ်းကိုအသုံးပြု၍ ဆောင်ရွက်စေပါသည်။ မြန်မာနိုင်ငံကြက်ခြေနီ ဘေးဒုက္ခစီမံခန့်ခွဲမှုဌာနနှင့် အခြားသော သက်ဆိုင်ရာဌာနများဖြစ်သည့် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဌာန၊ဆက်သွယ်ရေး၊ ရှေးဦးသူနာ ပြုစုခြင်းနှင့် ဘေးကင်းလုံခြုံရေး အစရှိသည်တို့နှင့် တွေ့ဆုံမှုများပြုလုပ်၍ ဆောင်ရွက်ခဲ့ပြီး ဘေးအန္တ ရာယ်လျော့ချရေးစီမံချက်များ အကောင်အထည်ဖော်မှုနည်းလမ်းများနှင့် အသုံးပြုသောပစ္စည်းများ၊ လုပ်ငန်းများအကြောင်းကို အသေးစိတ်ဆွေးနွေးမှုပြုသည်။ အဆိုပါတွေ့ဆုံဆွေးနွေးမှု၏ အဓိကရည်ရွယ် ချက်မှာ ဘေးအန္တရာယ်လျော့ချရေးစီမံချက် တစ်ခုချင်းစီမှ ကောင်းမွန်သော ဆောင်ရွက်ချက်နည်းလမ်း များ၊ လုပ်ငန်းအကောင်အထည်ဖော်မှု စီမံချက်အသီးသီးတွင် ပါဝင်သောလုပ်ငန်းအဆင့်များကို ရွေးချယ် သတ်မှတ်ရန်ဖြစ်သည်။ ထိုသို့ဆွေးနွေးမှုများနောက်တွင် လုပ်ငန်းစဉ်အဆင့် (၉)ရပ်ကို သတ်မှတ်နိုင်ခဲ့ပြီး လုပ်ငန်းစဉ်တစ်ခုချင်းစီအတွက် အသေးစိတ်ဆောင်ရွက်ရမည့် အချက်များကို ဖော်ထုတ်နိုင်ခဲ့သည်။

## CBDRR ဆောင်ရွက်ပုံနည်းလမ်းအဆင့်ဆင့်တွင် ပါဝင်သောအချက်များ။

ဤနည်းလမ်းအဆင့်ဆင့်ဖော်ပြမှုတွင် အဓိကအားဖြင့် ရပ်ရွာအခြေပြု ဘေးအန္တရာယ် လျော့ပါးရေးစီမံချက် အကောင်အထည်ဖော်မှုအတွက် လုပ်ငန်းစဉ် (၉)ရပ် ပါဝင်ပါသည်။ ပထမဦးစွာ အဆိုပါလုပ်ငန်းစဉ် (၉)ရပ်ကိုဖော်ပြပြီး လုပ်ငန်းစဉ်တစ်ခုနှင့်တစ်ခု ဆပ်စပ်မှုအကြောင်းကို ဆွေးနွေးစေ သည်။ ထို့နောက်လုပ်ငန်းတစ်ခုချင်းစီ၏ ယေဘုယျဖော်ပြချက်၊ ရည်ရွယ်ချက်နှင့် ပါဝင်သောလုပ်ငန်း များအကြောင်း အသေးစိတ်ဖော်ပြချက်များ ပါဝင်သည်။ ထို့ပြင် လုပ်ငန်းစဉ်တစ်ခုချင်းစီအတွက် ကြုံတွေ့ ရသော အဓိကစိန်ခေါ်မှုများနှင့် အဆိုပါစိန်ခေါ်မှုများကို မည်ကဲ့သို့ ရင်ဆိုင်ဖြေရှင်းရမည်ဆိုသည် ကိုလည်း အကြံပြုရေးသားထားသည်။ မြန်မာနိုင်ငံကြကခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော DRR စီမံချက်များအကြောင်းကိုလည်း ဖတ်ရှုသူများအနေဖြင့် အတွေ့အကြုံကောင်းများရရှိစေရန်

လက်တွေ့လုပ် ငန်းခွင်ဥပမာများဖြင့် ထည့်သွင်းဖော်ပြထားသည်။ နောက်ဆုံးအနေဖြင့် လုပ်ငန်းစဉ်တိုင်းတွင်ထည့်သွင်းစဉ်းစားရမည့် အချို့သောဆက်စပ်အကြောင်းအရာများကိုလည်းရေးသားတင်ပြထားသည်။ အဆိုပါ တင်ပြချက်များသည် အကြောင်းအရာများထံမှ ကောက်နှုတ်ထားခြင်းဖြစ်ပြီး စီမံချက်ရင်ဆိုင်ကြုံတွေ့ရ သော အခြားသောအခက်အခဲမျ ားလည်းရှိနိုင်သည်။ သတိပြုရန်မှာ ရင်ဆိုင်ကြုံတွေ့ရသောအခက်အခဲများ နှင့် ဆက်စပ်အကြောင်းအရာများသည် အချိန်နှင့်နေရာဒေသကိုလိုက်ပြီး ပြောင်းလဲလေ့ရှိရာ အဆိုပါကိစ္စ ရပ်များကို သတိပြုထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။

စာရှုသူအနေဖြင့် နည်းလမ်းအဆင့်ဆင့်လမ်းညွှန်ချက်တွင် ပါဝင်သော အချက်အလက် များကို လွယ်ကူလျင်မြန်စွာ နားလည်သိရှိနိုင်စေရန် လုပ်ငန်းတစ်ခုချင်းစီ၏ အဓိကအချက်များကို ဇယား အနေဖြင့် ထုတ်နှုတ်ဖော်ပြထားပါသည်။ အဆိုပါဇယားတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်၊ အသေးစိတ် လုပ်ငန်းများ၊ ရာထူးနှင့်တာဝန်ခွဲဝေမှု၊ မျှော်မှန်းရလဒ်များကို အဓိကထားရေးဆွဲထားသည်။ ထို့ပြင် လုပ်ငန်းတစ်ခုချင်းဆောင်ရွက်မှုအတွက် လမ်းညွှန်ကိုးကားချက်များရရှိစေ ရန် ရည်ညွှန်းစာရွက်စာတမ်း များကိုပါ ရေးသားထားသည်။ သို့သော် လုပ်ငန်းဆောင်ရွက်ရာတွင်အသုံးပြုမည့် အသေးစိတ်နည်းလမ်း များနှင့် အထောက်အကူပြုပစ္စည်းများအကြောင်း မပါဝင်ပါ။ အဆိုပါအကြောင်းအရာများကို နောက်တစ် ဆင့်ဖြစ်သော ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ချရေး လက်စွဲစာအုပ်တွင် လက်တွေ့ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် အသုံးပြုမည့်ပစ္စည်းများအကြောင်း အသေးစိတ်ရေးသားဖော်ပြထားပါသည်။ ထို့ပြင် အစီအစဉ်များရေးဆွဲခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် လိုက်နာရမည့်လမ်းညွှန်မှုများနှင့် လုပ်ဆောင်ရမည့်အချက်များကိုလည်း ထပ်မံထည့်သွင်းဖော်ပြမည်ဖြစ်သည်။

## ရပ်ရွာအခြေပြုနှင့် ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ ဆက်စပ်ချက်များ။

တစ်ခါတစ်ရံတွင် ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြုစီမံချက်များအကြား ရှုပ်ထွေးမှု၊ နားလည်မှုလွဲမှားခြင်းတို့ ဖြစ်ပေါ်လာနိုင်သည်။ ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ချရေးကို သီးခြား ဆောင်ရွက်သော စီမံချက်တစ်ခုအနေဖြင့်သော်လည်းကောင်း၊ ရပ်ရွာခြေပြုစီမံချက်တွင်ပါဝင်သော လုပ်ငန်းစဉ်တစ်စိတ်တစ်ဒေသတစ်ခုဖြစ်သော်လည်းကောင်း သတ်မှတ်ဆောင်ရွက်နိုင်သည်။ ယခုဖော်ပြ ထားသောနည်းလမ်းအဆင့်ဆင့် စာအုပ်သည် နှစ်မျိုးစလုံးအတွက်အသုံးပြုနိုင်ရန် ရေးသားထားသည်။ အကယ်၍ ကျောင်းအခြေပြုလုပ်ငန်းကို သီးခြားစီမံချက်အနေဖြင့်သတ်မှတ်ဆောင်ရွက်ပါက လုပ်ငန်းစဉ် (၉) ရပ်ကို ကျောင်းအခြေပြုပုံစံနှင့် ကိုက်ညီအောင်ပြုပြင်ဆောင်ရွက်နိုင်သည်။ ထို့အပြင် ဤစာအုပ်တွင် ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြု ဆက်စပ်အကြောင်းအရာများကို သီးခြားဖော်ပြထားပြီး ရပ်ရွာ အခြေပြုစီမံချက်၏လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့်လည်း ဆောင်ရွက်နိုင်သည်။

## ရှေ့လုပ်ငန်းစဉ်။

ဤဆောင်ရွက်ပုံနည်းလမ်းအဆင့်ဆင့်စာအုပ်သည် ရပ်ရွာအခြပြု ဘေးအန္တရာယ်လျော့ချ ရေး လက်စွဲစာအုပ်၏ အခြေခံကျောရိုးဖြစ်သည်။ စာအုပ်တွင်လုပ်ငန်းစဉ်အားလုံးအတွက် လမ်းညွှန်မှုများ ကိုခြုံငုံသုံးသပ်ဖော်ပြထားပြီး လက်တွေ့စာအုပ်တွင် လက်တွေ့အကောင်အထည်ဖော်မှုအတွက်လိုအပ်သော သတင်းအချက်အလက်များ၊ ဆောင်ရွက်ရမည့်နည်းလမ်းများကို အသေးစိတ်ဖော်ပြထားသည်။ အဆိုပါ လက်စွဲစာအုပ်ကို သက်ဆိုင်ရာမြို့နယ်များရှိ ကြက်ခြေနီဝန်ထမ်းများ၊ လုပ်ငန်းများအားနေ့စဉ်အကောင် အထည်ဖော်ဆောင်ရွက်နေသော ရပ်ရွာလူထုနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များ ကိုင်ထွယ်အသုံးပြု ရန် ရည်ရွယ်ထားပါသည်။

# အခြားသောဆက်စပ်အကြောင်းအရာများ။

လူထုအခြေပြု ဘေးအန္တရာယ်လျော့ချရေးစီမံချက်များ ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်း စားရမည့် ဆက်စပ်အကြောင်းအရာများ ပါဝင်သည်။ အဆိုပါဆက်စပ်အကြောင်းအရာများကို စီမံချက် ကြိုတင်ပြင်ဆင်ခြင်းနှင့်

အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတွင် ထည့်သွင်းစဉ်းစားရေးဆွဲထားခြင်းဖြင့် နောင်ကာလတွင် ရပ်ရွာလူထုအတွက် အကျိုးသက်ရောက်မှုကြီးမားသည့် လုပ်ဆောင်ချက်များဖြစ်လာပြီး အောင်မြင်သောစီမံချက်များ ပေါ်ထွက်လာစေမည်ဖြစ်သည်။ အောက်ဖော်ပြပါ ဆက်စပ်အကြောင်းအရာ (၅)ခုတွင် မြန်မာနိုင်ငံအနေဖြင့် အဓိကကြုံတွေ့ရသော အချက်များလည်းဖြစ်သည်။ အဆိုပါအကြောင်း အရာများ၏ အသေးစိတ်အချက်အလက်များကိုလည်း အောက်တွင်ဖော်ပြထားသည်။

## ရာသီဥတုပြောင်းလဲခြင်း။



စီမံချက်အကောင်အထည်ဖော်မှု ပိုမိုထိရောက်စေရန် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျော ညီထွေဆောင်ရွက်ခြင်းဖြင့် ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစဉ်များကို ပေါင်းစပ်ထည့် သွင်း၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဘေးအန္တရာယ်များမကြာခဏကျရောက်မှုနှင့် ပြင်းထန်သော သဘာဝဘေးများဖြစ်ပေါ်မှုတို့ကြောင့် ရာသီဥတုပြောင်းလဲမှုများကို ဖြစ်ပေါ်စေသည်။ ထိုကဲ့သို့ရာသီဥတု ပြောင်းလဲမှုအကျိုးဆက်များကြောင့် ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို များစွာထိ ခိုက်စေသည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေမှုရှိစေရန်ဆောင်ရွက်ခြင်းနှင့် ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်ခြင်းသည် ဖြစ်ပေါ်လာသောရာသီဥတုပြောင်းလဲမှုအကျိုးဆက်များကို ပြင်ဆင်ဆောင်ရွက်နိုင်စေမည့်အပြင် ရပ်ရွာလူထုအနေ ဖြင့် ဘေးအန္တရာယ်ဒဏ်ကို ကြံ့ကြံ့ခိုင်နိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ပေါင်းစပ်ဆောင်ရွက်စေရန် ဆက်စပ်မှုရှိ သောနယ်ပယ်၊ လုပ်ငန်းစဉ်များကို ဦးစွာရွေးချယ်သတ်မှတ်ရန်လိုအပ်ပါသည်။ ထို့နောက် စီမံချက်တွင် ရာသီဥတုပြောင်းလဲမှုအား လိုက်လျောညီထွေမှုရှိစေရန် ဆောင်ရွက်ရမည့်နည်းလမ်းများကိုလည်း ဤစာအုပ်တွင် အသေးစိတ်ဖော်ပြထားပါသည် ။

## အကြမ်းဖက်မှုအား ကြိုတင်ကာကွယ်တားဆီးခြင်း။



အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီများအသင်းဖက်ဒရေးရှင် (IFRC)မှ အကြမ်း ဖက်မှုကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် လူတစ်ဦးနှင့်တစ်ဦး (သို့) အုပ်စုတစ်စု (သို့) ရပ်ရွာအသိုင်းအဝိုင်းအား ဒဏ်ရာအနာတရဖြစ်စေရန်၊ အသက်အန္တရာယ်ထိခိုက်စေရန်၊ စိတ်ဒဏ်ရာရရှိစေရန်၊ တိုးတက်ကြီးပွားမှုကို ဆုတ်ယုတ်ပျက်ဆီးစေရန် ရည်ရွယ်၍ အမိန့်အာဏာသုံး၍သော်လည်းကောင်း၊ အင်အားသုံး၍သော်လည်း ကောင်း၊ ပြောဆိုခြိမ်းခြောက်ခြင်းသော်လည်းကောင်း လုပ်ဆောင်ခြင်းကို အကြမ်းဖက်ခြင်းဟုခေါ်သည်။

အသက်အရွယ်မရွေး၊ ကျား/မ မရွေး၊ ကိုးကွယ်မှု ဘာသာ/လူမျိုး/အဆင့်အတန်းမရွေး အကြမ်းဖက်မှု ခံရနိုင်ဖွယ်ရှိသည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားပြီးနောက်တွင် နိုင်ငံ အတွင်း လူမျိုးရေး၊ ဘာသာရေးပဋိပက္ခ၊ အဓိကရုဏ်းများ ဖြစ်ပွားမှုပိုမိုလွယ်ကူနိုင်လေ့ရှိသည်။ ထို့ကြောင့် တိုင်းရင်းသား၊ လူမျိုးစုနှင့် ဘာသာရေးကိုးကွယ်မှု များပြားသောမြန်မာနိုင်ငံတွင် အကြမ်းဖက် မှု ကြိုတင်ကာကွယ်တားဆီးခြင်းနှင့်ပတ်သက်သော အသိပညာ ဗဟုသုတများဖြန့်ဝေပေးရန်လိုအပ်သည်။ ထို့ကြောင့် မကြာမီကာလအတွင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ကနေဒါကြက်ခြေနီအသင်း နှင့်ပူးပေါင်း၍ အကြမ်းဖက်မှုကြိုတင်ကာကွယ်ရေး ဆိုင်ရာစီမံချက်များတွင် ကျေးရွာအဆင့်စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန အစီအစဉ်များချမှတ်ခဲ့သည်။ ထို့ပြင် အဆိုပါစီမံချက်ကို အကောင် အထည်ဖော်ဆောင်ရွက်ရန်အတွက် သီးခြားအကြမ်းဖက်မှုကြိုတင်ကာကွယ်ရေးအဖွဲ့ ကိုလည်း ဖွဲ့စည်းစေ ခဲ့သည်။ ထို့ကြောင့် ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ချရေး စီမံချက်များအကောင်အထည်ဖော် ဆောင် ရွက်ရာတွင် အကြမ်းဖက်မှုကြိုတင်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ထည့်သွင်းစဉ်းစား၍ လုပ်ဆောင်ကြရမည်ဖြစ်သည်။

## ကျား၊မ ခွဲခြားမှုဆိုင်ရာ ကိစ္စရပ်များ



စီမံချက်အနေဖြင့် အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှစွာ အကျိုးခံစားမှုရှိစေရန် ၄င်းတို့ ၏ မတူညီသော လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ ကျား၊ မခွဲခြားမှု မရှိစေသော နည်းလမ်းများကို အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျား၊မ ခွဲခြားရာတွင် အဓိကအားဖြင့် မိရိုးဖလာရိုးရာအစဉ်အလာများ၊ ယဉ်ကျေးမှုများမှ လွှမ်းမိုးလေ့ရှိရာ စီမံချက်ကြိုတင်ပြင်ဆင်ရေးဆွဲရာတွင် အဆိုပါအချက်အလက်များကို လေ့လာသုံးသပ်၍ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ရပ်ရွာ အခြေပြု ဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်စဉ် ကာလ တစ်လျောက်

ကျား၊မ ခွဲခြားမှုမရှိစေရာ အသိပညာ၊ ဗဟုသုတများ ဖြန့်ဝေခြင်းဖြင့် ရပ်ရွာအတွင်း ကျား၊မ ခွဲခြားမှုများ လျော့နည်းစေနိုင်မည်ဖြစ်သည်။ အထူးသဖြင့် စီမံချက်တွင် အမျိုးသမီးများပါဝင်ဆောင်ရွက် စေခြင်းဖြင့် ၄င်းတို့၏ လိုအပ်ချက်များ၊ အတွေးအမြင်များကိုပါ ဖော်ထုတ်ပြသဆွေးနွေးနိုင်မည်ဖြစ်သည်။

## မသန်းစွမ်းမှု

ဘေးအန္တရာယ်ကျရောက်လွယ်သော အုပ်စုများအနက် မသန်စွမ်းပုဂ္ဂိုလ်များအနေဖြင့် မှားယွင်းကျဉ်းမြောင်းသော ဓလေ့ထုံးစံများကြောင့် ဘေးအန္တရာယ်၏ အကျိုးစက်ကို အခြားသူများထက် ပိုမိုဆိုးရွားစွာခံစားကြရသည်။ ရပ်ရွာအသိုင်းအဝိုင်းအတွင်း၊ မိသားစုအတွင်း ပစ်ပယ်မှုများကြောင့် နေ့စဉ် ဘဝအထီးကျန်ဆန်လာပြီး ရပ်ရွာအရေးကိစ္စများဖြစ်သော လူမှုရေးနှင့် အခြားသောစီးပွားရေးဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မှု မရှိကြပေ။ ထို့သို့ ဘေးအန္တရာယ်နှင့်သက်ဆိုင်သော လုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်မှုများ မရှိသဖြင့် ၄င်းတို့၏ လိုအပ်ချက်များနှင့် အခက်အခဲများကို အခြားသော စီမံချက်လုပ်ဆောင်သူများမှ ပြည့်စုံစွာသိရှိနိုင်မည် မဟုတ်ချေ။ သွားလာရခက်ခဲခြင်း၊ အမြင်အကြားနှင့် သင်ကြားမှုအာရုံများချို့တဲ့ခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ၄င်းတို့အနေဖြင့် ရှိရင်းစွဲ အခြေအနေကို ပိုမိုဆိုးရွားစေသည့်အပြင် အခြားသောအခက်အခဲများကို ပိုမိုကြုံတွေ့ရလေ့ရှိသည်။ ထို့ကြောင့် ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ချရေး လုပ်ငန်းအစီအစဉ်များရေးဆွဲရာတွင် ကိုယ်လက် အင်္ဂါမသန်စွမ်းသူများအတွက်ပါ ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုကဲ့သို့ ကိုယ်လက်အင်္ဂါမသန်စွမ်းသူများကို ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများတွင် မပါဝင်စေပါက ၄င်းတို့တွင်ရှိသော စွမ်းဆောင်ရည်နှင့် ဘေးအန္တရာယ်ကျရောက်လွယ်မှုအတိုင်းအတာကို လုပ်ငန်းဆောင် ရွက်သူများအနေဖြင့် သိရှိနိုင်မည်မဟုတ်ပါ။

ထို့ကြောင့် မသန်စွမ်းသူများပါဝင်သော ဘေးအန္တရာယ်လျော့ချရေးစီမံချက်လုပ်ငန်းစဉ် များရေးဆွဲရာတွင် ၄င်းတို့၏ အခွင့်အရေးနှင့် လိုအပ်ချက်များကို မည့်သို့ကဲ့သို့ဖြည့်ဆည်းပေးရမည်၊ လုပ်ငန်း စဉ်များတွင် ၄င်းတို့အနေဖြင့် မည်ကဲ့သို့ပါဝင်ဆောင်ရွက်နိုင်မည်ကို ထည့်သွင်းစဉ်းစား၍ ဆောင်ရွက် ရမည်ဖြစ်သည်။ အချို့သောမသန်စွမ်းသူများအနေဖြင့် လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန် အထောက်အကူပြုပစ္စည်းများ လိုအပ်သော်လည်း အချို့သောသူများတွင် မသန်စွမ်းမှုအတွက် ၄င်းတို့ကိုယ် တိုင်ရှာဖွေကြံဆသော နည်းလမ်းများနှင့် အတွေ့အကြုံများရှိတတ်လေသည်။ စီမံချက်တွင် ပါဝင်ဆောင် ရွက်သူများအတွက် အဓိကကြုံတွေ့ရသော စိန်ခေါ်မှုမှာ အဆိုပါကိုယ်လက်အင်္ဂါ မသန်စွမ်းသူများကို ရပ်ရွာ၏ ဝန်ထုပ်ဝန်ပိုးအဖြစ် မရှုမြင်၊ အသတ်မှတ်စေဘဲ လုပ်ငန်းစဉ်များတွင် ၄င်းတို့ပါဝင်ဆောင်ရွက် နိုင်စေမည့် အကောင်းဆုံးသော နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရန်ဖြစ်သည်။


## သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ

မြန်မာနိုင်ငံသည် ဘသာဝသယံဇာတရင်းမြစ်များ ပေါကြွယ်ဝသောနိုင်ငံ တစ်နိုင်ငံဖြစ် သည့်အားလျော်စွာ နိုင်ငံသားတို့၏ အဓိကအသက်မွေးလမ်းကြောင်းသည်လည်း သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်လျက်ရှိနေပါသည်။ အထူးသဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ၄င်းတို့၏ နေ့စဉ်အသက် မွေးဝမ်းကျောင်းမှု လုပ်ငန်းများသည် ၄င်းတို့နေထိုင်ရာ တောတောင်၊ ရေမြေ ပတ်ဝန်းကျင်တို့ပေါ်တွင် မူတည်ဆက်စပ်လျက်ရှိပါသည်။ သို့သော် ယခုကာလတွင် အချို့သော အကြောင်းအရာများဖြစ်သည့် သဘာဝဘေးများကြောင့် ပတ်ဝန်းကျင်ရင်းမြစ်များ ပျက်စီးခြင်း၊ အတိုင်းအဆမရှိသော သယံဇာတများ တူးဖော်ခြင်း၊ ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးဆိုင်ရာစီမံချက်များမှားယွင်းခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ်များ ကြရောက်မှုလွယ်ကူလာလျက်ရှိသည်။ ထိုကဲ့သို့ အခြေအနေမျိုးတွင် အစိုးရမှထုတ်ပြန်ထားသော သဘာဝပတ်းဝန်းကျင်ဆိုင်ရာ ဥပဒေများကို လိုက်နာရမည့်အပြင် ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် သဘာဝ သယံဇာတစီမံခန့်ခွဲမှု အကြောင်းအရာများကို ပေါင်းစပ်ထည့်သွင်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြ ရမည်ဖြစ်သည်။ သို့မှသာ ရပ်ရွာလူထုအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိန်းမှုအတွက် အကျင့် ဆိုးများဖျောက်ဖျက်နိုင်ပြီး အလေ့အကျင့်ကောင်းများကို လိုက်နာလုပ်ဆောင်ကြရမည်။

# ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ချရေး စီမံချက်တွင်ပါဝင်သောအဆင့်များ။

ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ချရေးစီမံချက် ဆောင်ရွက်ရာတွင် အဓိကအားဖြင့် အဆင့် (၉)ဆင့် ရှိပြီး အဆင့်တိုင်းကို ရပ်ရွာလူထု ပါဝင်စေခြင်းဖြင့် ဆောင်ရွက်သည်။ ထိုသို့ပါဝင် ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနမှ ဝန်ထမ်းများနှင့် အခြားသောဌာန (ကျန်းမာရေး၊ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး) များမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ပါဝင်ဆောင် ရွက်စေသည်။

**ပုံ ၁**
**စီမံချက်တွင် ပါဝင်သောလုပ်ငန်းစဉ်အဆင့်ဆင့်**




အထက်ဖော်ပြပါ လုပ်ငန်းစဉ်အဆင့် (၉)ဆင့်စလုံးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိသည်။ ဥပမာအားဖြင့် ရပ်ရွာလူထုအား စည်းရုံး လှုံ့ဆော်ခြင်းလုပ်ငန်းစဉ်သည် အချိန်ကာလတစ်ခုတည်းတွင်သာ ဆောင်ရွက်ရမည့်လုပ်ငန်းမျိုးမဟုတ်ဘဲ စီမံချက်ကာလတစ်လျှောက်လုံး လုပ်ဆောင်ရမည့် လုပ်ငန်းမျိုးဖြစ်သည်။ ထို့ပြင် လုပ်ငန်းစဉ် (၄)(၅)(၆) ဖြစ်သော ကနဦးလေ့လာဆန်းစစ်မှု၊ ကဏ္ဍစုံလေ့လာဆန်းစစ်ခြင်းနှင့် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း တို့သည် များသောအားဖြင့် အချိန်ကာလတစ်ခုထည်းတွင် တပြိုင်နက်ပြုလုပ်ရလေ့ရှိပြီး လုပ်ငန်းစဉ်တစ်ခုနှင့် တစ်ခုသည် ဆက်စပ်လျက်ရှိသည်။ ထို့အပြင် စီမံချက်အကောင်အထည်ဖော်စဉ်ကာလတစ်လျှောက် စဉ်ဆက်မပြတ်လုပ်ဆောင်ရန်လိုအပ်သည့် လုပ်ငန်းစဉ် (၂)ခုမှာ ရပ်ရွာလူထု၏ ထောက်ခံမှုရရှိစေရန် စည်းရုံးလှုံ့ဆော်ခြင်းနှင့် စီမံချက်ဆုတ်ခွါရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းတို့ ဖြစ်သည်။ အဆိုပါ လုပ်ငန်း(၂)ရပ်စလုံးကို စီမံချက်အစော ပိုင်းကာလကတည်းက ဆောင်ရွက်ရန်ဖြစ်ပြီး နောက်ဆုံးစီမံချက်ပြီးဆုံး၍ လုပ်ငန်းလွှဲပြောင်းခြင်းအစီအစဉ်ကို စဉ်ဆက်မပြတ်လုပ်ဆောင်ရမည်ဖြစ်သည်။

ထို့အပြင် လုပ်ငန်းစဉ်အသီးသီးအားအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ သက်ဆိုင်ရာပုဂ္ဂိုလ်အသီးသီးမှ တာဝန်ယူဆောင်ရွက်ကြရမည်။ ပုံ ၁တွင် ဖော်ပြထားသည့်အတိုင်း အပြာရောင်ဖြင့် သတ်မှတ်ထားသော လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်း စီမံချက်အဖွဲ့မှ တာဝန်ယူ ဆောင်ရွက်ရမည် ဖြစ်ပြီး အစိမ်းရောင်ဖြင့် သတ်မှတ်ထားသော လုပ်ငန်းစဉ်များကို ရပ်ရွာလူထုမှ ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်သည်။ ဇယား – ၁ တွင်လည်း လုပ်ငန်းတာဝန်ခွဲဝေ ဆောင်ရွက်မှုများကို အသေးစိတ်ဖော်ပြထားသည်။

လုပ်ငန်းစဉ် ၁

# စီမံချက်အကြောင်းစတင်မိတ်ဆက်ခြင်း။

စီမံချက်အကြောင်းစတင်မိတ်ဆက်ခြင်း လုပ်ငန်းစဉ်သည် မြန်မာနိုင်ငံကြက်ခြေနီအသင်း ၏စီမံချက်တိုင်းပါဝင်သော အဆင့်တစ်ခုဖြစ်ပြီး စီမံချက်အသစ်၏အစပိုင်းကာတွင် ဆောင်ရွက်ရသည်။ အဆိုပါလုပ်ငန်းစဉ်သည် စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ပထမဆုံးလုပ်ငန်းစဉ်တစ်ရပ် လည်းဖြစ်ပြီး သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့များနှင့် တွေ့ဆုံမှုပြုလုပ်ပြီး စီမံချက်အကြောင်းသိရှိစေရန် အသိပေးအကြောင်ကြားခြင်းနှင့် စီမံချက်အကောင်အထည်ဖော်ဆောင်ရွက စဉ် ကာလတစ်လျောက် ၄င်းတို့ထံမှ အချိန်နှင့် အခြားသောရင်းမြစ်များ ပံ့ပိုးကူညီမှုရရန် ပြုလုပ်သောဆောင်ရွက်ချက်တစ်ခု ဖြစ်သည်။ ထို့ပြင် ဆောင်ရွက်နေသော လုပ်ငန်းစဉ်များအကြောင်းကို သက်ဆိုင်ရာတာဝန်ရှိသူများ သိရှိ စေရန် စဉ်ဆက်မပြတ်အသိပေး စည်းရုံးလှုံ့ဆော်ရန် လိုအပ်ပါသည်။ ဤကဲ့သို့ စည်းရုံးလှုံ့ဆောင်ခြင်းဖြင့် အဆင့်အသီးသီးရှိ အာဏာပိုင်များ၏ ထောက်ခံအားပေးမှုများရရှိကာ စီမံချက်၏ အရေးကြီးမှုကို သိရှိ နားလည်ပြီး ပံ့ပိုးကူညီဆောင်ရွက်မှုများရရှိနိုင်စေမည်ဖြစ်သည်။ အဆိုပါ စည်းရုံးလှုံ့ဆော်မှုကို စီမံချက် အကောင်အထည်ဖော်စဉ် ကာလတစ်လျောက်လုံး ပြုလုပ်ရမည်ဖြစ်သည်။

> **အကွက် ၂**
> **စီမံချက်အကြောင်းစတင်မိတ်ဆက်ခြင်း။**
>
> စီမံချက်အကြောင်းစတင်မိတ်ဆက်ခြင်းဆိုသည်မှာ သက်ဆိုင်ရာပုဂ္ဂိုလ်များအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းလှုပ်ရှားမှုများအကြောင်းနှင့် အသင်းမှဆောင်ရွက်မည့် စီမံချက်လုပ်ငန်းများ အကြောင်း အသိပေးခြင်းဖြင့် ၄င်းတို့၏ ကူညီထောက်ပံ့မှုများပေးရန် စည်းရုံးလှုံ့ဆော်ခြင်းဖြစ်သည်။

စီမံချက်အကြောင်း စတင်မိတ်ဆက်ခြင်းလုပ်ငန်းစဉ်အနေဖြင့် ပတမဆုံးဆောင်ရွက်ရန်မှာ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် တာဝန်ရှိအဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်၍ စီမံချက် ဆောင်ရွက်မှုအပေါ် ၄င်းတို့၏ သဘောတူညီမှုများအား တရားဝင်ရယူရန်ဖြစ်သည်။ ထို့ပြင် စီမံဆောင်ရွက်မှုအတွက် အိကကျသော မြို့နယ်အဆင့်ဆွေးနွေးမှုတွင် မြို့နယ်ကြက်ခြေနီအသင်းရုံးခွဲ ဝန်ထမ်း များအား တွေ့ဆုံ၍ စီမံချက်အကြောင်း သိရှိစေရမည်ဖြစ်သည်။ ထိုတွေ့ဆုံဆွေးနွေးမှုတွင် မေးခွန်းများ မေးမြန်းခြင်းဖြင့် အသင်းရုံးခွဲ၏စွမ်းဆောင်ရည်ကို လေ့လာသုံးသပ်နိုင်ပြီး လိုအပ်သော စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းများကိုပြင်ဆင်ခြင်းနှင့် ရပ်ရွာ၏လက်တွေ့ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပထဝီ ဝင်အနေအထားတို့ကို သိရှိစေသည့်အပြင် အခြားသော စီမံချက်အတွက်အသုံးဝင်မည့် အချက်အလက် များကိုလည်း ရရှိစေနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုသော် သက်ဆိုင်ရာအာဏာပိုင်များနှင့် ကြက်ခြေနီရုံးခွဲအဖွဲ့ဝင်များအား စီမံချက်အကြောင်း ရှင်းလင်းပြောကြားထားခြင်းဖြင့် ၄င်းတို့၏ဒေသတွင် ဆောင်ရွက်မည့်လုပ်ငန်းများကို သိရှိစေပြီး လိုအပ်သောသတင်းအချက်အလက်များ၊ ပံ့ပိုးကူညီမှုများ၊ ၄င်းတို့၏စိတ်အားထက်သန်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို ရရှိစေမည်ဖြစ်သည်။

## ၁.၁။ တိုင်းဒေသကြီး / မြို့နယ်အဆင့် ဆောင်ရွက်ခြင်း။

စီမံချက်စတင်မိတ်ဆက်ခြင်းလုပ်ငန်းစဉ်ကို တိုင်းဒေသကြီး / ပြည်နယ်အဆင့်တွင် ဆောင်ရွက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်သက်ဆိုင်ရာဒေသ အာဏာပိုင်များအနေဖြင့် ၄င်းတို့ဒေသတွင် ဆောင်ရွက်မည့် စီမံချက်အကြောင်းသိရှိနားလည်စေရန်နှင့် လိုအပ်သောပံ့ပိုးမှုများ ပြုလုပ်နိုင်စေရန်ဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး ဆွေး နွေးမှုများတွင်ပါဝင်စေပြီး စီမံချက်အပေါ်စိတ်ဝင်စားမှုရှိရန် လိုအပ်ပါသည်။ အဆိုပါတွေ့ဆုံဆွေးနွေးမှု များတွင် တိုင်းဒေသကြီးအဆင့် သက်ဆိုင်ရာညွှန်ကြားမှုကော်မတီနှင့် ပညာရေးဆိုင်ရာတာဝန်ရှိသူများ ပါဝင်ရန်လိုအပ်သည်။ ထို့ပြင် စီမံချက်ဆောင်ရွက်ရန် မြို့နယ်များရွေးချယ်ခြင်းကို အဆိုပါဆွေးနွေး တွေ့ဆုံမှုများတွင် ပြုလုပ်လေ့ရှိရာ စီမံချက်စတင်မိတ်ဆက်ခြင်းလုပ်ငန်းစဉ်သည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်သည်။

**ဇယား ၁**
သက်ဆိုင်ရာ အဆင့်အလိုက် လုပ်ငန်းတာဝန်ခွဲဝေခြင်း။

| | ဌာနချုပ်အဆင့် | တိုင်းဒေသကြီး/ပြည်နယ် အဆင့် |
|---|---|---|
| **စီမံချက်စတင်မိတ်ဆက်ခြင်း** | စီမံချက်အကြောင်း အကျဉ်းချုပ်ပြင်ဆင်ခြင်း | စီမံချက်မိတ်ဆက်ခြင်းလုပ်ငန်း စဉ်အား စီစဉ်ဆောင်ရွက်ခြင်း။ (ဌာနမှူး၊ ပ ဦးစီးမှူး) |
| **စီမံချက်နယ်မြေရွေးချယ်ခြင်း** | ပြည်နယ်နှင့်တိုင်းအဆင့် စီမံချက်နယ်မြေရွေးချယ်ခြင်း။<br>မြို့နယ်ရွေးချယ်မှုအား အတည်ပြုခြင်း။ | ပြည်နယ်နှင့်တိုင်းအဆင့် စီမံချက်နယ်မြေရွေးချယ်ခြင်း။ (အမှုဆောင်ကော်မတီ အဖွဲ့ ဝင်များ)<br>မြို့နယ်အဆင့်ရွေးချယ်မှုအတွက် တွေ့ဆုံဆွေးနွေးခြင်း (ကြက်ခြေနီအမှုဆောင်ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အုပ် ချုပ်ရေးမှူးရုံးမှ ပုဂ္ဂိုလ်များ) |
| **ရပ်ရွာလူထုအားစည်းရုံး လှုံ့ဆော်ခြင်း** | | |
| **ကနဦးလေ့လာဆန်းစစ်ချက်** | ကနဦးလေ့လာ ဆန်းစစ်မှု အစီရင်ခံစာအား အတည်ပြုခြင်း | |
| **ကဏ္ဍစုံလေ့လာဆန်းစစ်ခြင်း** | ကဏ္ဍစုံလေ့လာဆန်းစစ်မှု အစီရင်ခံစာအတည်ပြုခြင်း။ | |
| **ရပ်ရွာလုပ်ဆောင်ရန်အစီအစဉ် ရေးဆွဲခြင်း** | လုပ်ငန်းနှင့် ဘဏ္ဍာရေး ဆိုင်ရာ တင်ပြတောင်းဆိုမှု အားအတည်ပြုခြင်း။ | |
| **ရပ်ရွာလုပ်ဆောင်ရန်အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း** | လိုအပ်သောရင်းမြစ်ပစ္စည်းများ ထောက်ပံ့ခြင်း။ | လိုအပ်သောရင်းမြစ်ပစ္စည်းများ ထောက်ပံ့ခြင်း။ |
| **နောက်ဆုံးလေ့လာဆန်းစစ်မှု ပြုလုပ်ခြင်း** | | |
| **လွှဲပြောင်းမှုလုပ်ငန်းစဉ်** | စီမံချက်ဆုတ်ခွါရေးဆိုင်ရာ နည်းဗျူဟာများရေးဆွဲခြင်း | စီမံချက်ဆုတ်ခွါရေးဆိုင်ရာ နည်းဗျူဟာများရေးဆွဲခြင်း |

| မြို့နယ်အဆင့် | ရပ်ရွာအဆင့် |
|---|---|
| စီမံချက်မိတ်ဆက်ခြင်းလုပ် ငန်းစဉ်အား စီစဉ်ဆောင်ရွက် ခြင်း။<br>(ဌာနမှူး၊စီမံချက်ညှိနှိုင်း ရေးမှူး၊ ပ/ ဦးစီးမှူး) | စီမံချက်မိတ်ဆက်ခြင်းလုပ်ငန်း စဉ်အား စီစဉ်ဆောင်ရွက်ခြင်း။<br>(စီမံချက်အရာရှိ၊ ဒုဦးစီးမှူး) |
| မြို့နယ်အဆင့်ရွေးချယ်မှုအ တွက်သတင်းအချက်အလက် များကောက်ယူခြင်း<br>နောက်ဆုံးအဆင့် ကျေးရွာ ရွေးချယ်ခြင်း (စီမံချက်ညှိနှိုင်း ရေးမှူး နှင့် ကြက်ခြေနီအမှု ဆောင်ကော်မတီအဖွဲ့ဝင်များ)<br>ကျောင်းများရွေးချယ်ခြင်း (စီမံချက်ညှိနှိုင်းရေးမှူ၊ မြို့နယ်ပညာရေးမှူး) | ကနဦးလေ့လာဆန်းစစ်ခြင်း (စီမံချက်အရာရှိ နှင့် ကြက်ခြေန စေတနာလုပ်အားရှင်များ)<br>ကျောင်းဘေးအန္တရာယ်လေ့ လာဆန်းစစ်ခြင်း။ (မြို့နယ် ပညာရေးမှူး) |
| တာဝန်ခွဲဝေမှုဆိုင်ရာသင်တန်း (စီမံချက်ညှိနှိုင်းရေးမှူး/ စီမံ ချက်အရာရှိ၊ ဒုတပ်ရင်းမှူး)<br>အခမ်းအနားများ စီစဉ် ကျင်းပခြင်း။ (မြို့နယ်ကြက် ခြေနီးအသင်း)<br>သင်တန်းလိုအပ်ချက် ဆန်းစစ် မှု (စီမံချက်ညှိနှိုင်းရေးမှူး/ စီမံ ချက်အရာရှိ၊ သင်တန်း ရေးရာအရာရှိ) | ရပ်ရွာအခြေပြု ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်ခြင်း။<br>(စီမံချက်အရာရှိနှင့် ဒုတပ်ရင်းမှူး)<br>ကျောင်းအခြေပြုဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်း။<br>(စီမံချက်အရာရှိနှင့် ဒုတပ်ရင်း မှူး၊ ကျောင်းအုပ်ကြီး) |
| စောင့်ကြည့်အကဲဖြတ်ခြင်း သင်တန်းပြုလုပ်ခြင်း။ (စီမံ ချက်စောင့်ကြည့်အကဲဖြတ် အရာရှိ၊ လေ့ကျင့်သင်ကြား ထားသော စေတနာလုပ်အုပ် ရှင်များ)<br>သတင်းအချက်အလက်များ လေ့လာဆန်းစစ်ခြင်း။ (စီမံ ချက်စောင့်ကြည့်အကဲဖြတ် အရာရှိ)<br>အစီရင်ခံစာရေးသားပေးပို့ခြင်း (စီမံချက်စောင့်ကြည့် အကဲဖြတ် အရာရှိ) | လေ့လာဆန်းစစ်မှုအဖွဲ့ ဖွဲ့စည်း ခြင်း။ (ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြု ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ)<br>သတင်းအချက်အလက်ကောက် ယူခြင်း။ (ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြု ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ) |
| လေ့လာဆန်းစစ်မှု ဆောင်ရွက် ခြင်း (စီမံချက်ညှိနှိုင်းရေးမှူး နှင့် သင်တန်းရေးရာအရာရှိ)<br><br>ကဏ္ဍစုံလေ့လာဆန်းစစ်ချက် အစီရင်ခံစာ (စီမံချက်ညှိနှိုင်း ရေးမှူး) | ကဏ္ဍစုံလေ့လာဆန်းစစ်မှု အဖွဲ့ ဖွဲ့စည်းခြင်း။ (စီမံချက်ညှိနှိုင်း ရေးမှူး နှင့် သင်တန်းရေးရာ အရာရှိ)<br><br>ကဏ္ဍစုံလေ့လာဆန်းစစ်မှု ပြုလုပ်ခြင်း။ (စီမံချက်ညှိနှိုင်း ရေးမှူး၊ စီမံချက်အရာရှိ၊ ကြက် ခြေနီစေတနာလုပ်အားရှင်၊ ရပ်ရွာလူထု၊ သင်တန်းရေးရာ အရာရှိနှင့် ဒုတပ်ရင်းမှူး) |
| | လုပ်ငန်း အစီအစဉ် ရေးဆွဲခြင်း (ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြု ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ)<br>လုပ်ငန်းနှင့် ဘဏ္ဍာရေး ဆိုင်ရာ တင်ပြတောင်းဆိုမှု အစီရင်ခံစာ ရေးသားခြင်း။ (ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြု ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၊ စီမံချက် အရာရှိ) |
| လိုအပ်သောရင်းမြစ်ပစ္စည်းများ ထောက်ပံ့ခြင်း။ | သက်ဆိုင်ရာတာဝန်ခွဲဝေခြင်း။<br>(ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြု ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ )<br>စွမ်းဆောင်ရည် မြင့်တင်ရေး ဆိုင်ရာလုပ်ငန်းများ အကောင် အထည်ဖော်ခြင်း။<br>(ကျောင်းအခြေပြု/ ရပ်ရွာအခြေပြု ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီ၊ သင်တန်းရေးရာ အရာရှိ၊စီမံချက် ညှိနှိုင်းရေးမှူး၊ ရပ်ရွာ စည်းရုံးလှုံ့ဆော်သူ၊ ကြက်ခြေနီ စေတနာ့ လုပ်အားရှင်များ၊ ရပ်ရွာလူထု)<br>လိုအပ်သော ရင်းမြစ်များ ထောက်ပံ့ခြင်း။<br>(ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီ)<br>လုပ်ငန်း အစီအစဉ်အား ပြန်လည် သုံးသပ်ခြင်း။<br>(ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီ) |
| စောင့်ကြည့်အကဲဖြတ်ခြင်းဆိုင် ရာမွမ်းမံသင်တန်းပေးခြင်း။ ( စီမံချက် စောင့်ကြည့် အကဲဖြတ် အရာရှိ )<br>နောက်ဆုံးလေ့လာဆန်းစစ်မှု အစီရင်ခံစာ (စီမံချက်စောင့် ကြည့်အကဲဖြတ်အရာရှိနှင့် မြို့နယ်ပညာရေးမှူး )<br>တက်ရောက်မှုအကဲဖြတ်မှု လုပ်ငန်းစဉ် ဆောင်ရွက်ခြင်း။ (စီမံချက်စောင့်ကြည့်အကဲ ဖြတ်အရာရှိနှင့် မြို့နယ်ပညာ ရေးမှူး) | သတင်းအချက်အလက် ကောက်ခံမှု လုပ်ငန်းစဉ်တွင် ပံ့ပိုးကူညီခြင်း။ (ကျောင်းအခြေပြု/ ရပ်ရွာအခြေပြု ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီ)<br>နောက်ဆုံးအဆင့်လေ့လာဆန်းစစ်မှု အတွက် လိုအပ်သော မေးမြန်းရမည့် သူများ ရှာဖွေခြင်း။ (ကျောင်းအခြေပြု/ ရပ်ရွာအခြေပြု ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီ) |
| စီမံချက်ဆုတ်ခွါရေးဆိုင်ရာ နည်းဗျူဟာများရေးဆွဲခြင်း။<br>လိုအပ်သော ပစ္စည်းများ ထောက်ပံ့ခြင်း။ | စီမံချက်ဆုတ်ခွါရေးဆိုင်ရာ နည်းဗျူဟာများရေးဆွဲခြင်း။<br>ရပ်ရွာ လုပ်ဆောင်ရန် အစီအစဉ်အား ပြန်လည် သုံးသပ်ခြင်း။<br>(ကျောင်းအခြေပြု/ ရပ်ရွာအခြေပြု ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီ) |

ထိုကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ်အဆင့် တွေ့ဆုံမှုတွင် အဓိကအားဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအကြောင်း၊ အသင်း၏ရည်မှန်းချက်၊ ရည်ရွယ်ချက်များ၊ အသင်းမှ ဆောင်ရွက်လျက် ရှိသောစီမံချက်များအကြောင်း အနှစ်ချုပ်ကို တင်ပြဆွေးနွေးစေသည်။ အဆိုပါအချက်အလက်များတွင် စီမံ ချက်၏ ဦးတည်အုပ်စု၊ အကျိုးခံစားခွင့်ရှိသူအရေအတွက်၊ စီမံချက်ကာလ၊ လွှဲပြောင်းမှုလုပ်ငန်းစဉ်နှင့် အဆိုပါလွှဲပြောင်းမှုတွင် တိုင်းဒေသကြီး/ပြည်နယ်တို့မှ သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍနှင့် တာဝန်များအကြောင်း ပါဝင်ဆွေးနွေးတင်ပြစေသည်။

**ဇယား ၂**
**တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်စီမံချက် မိတ်ဆက်ခြင်း။**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| ရပ်ရွာအခြေပြုဘေး အန္တရာယ်လျော့ချ ရေးစီမံချက်ဆောင် ရွက်မှုအတွက်တိုင်း ဒေသကြီး/ပြည် နယ်အဆင့်အာဏာ ပိုင်များထံမှ ပံ့ပိုး ကူညီမှုရရှိစေရန်။ | ၁။ စီမံချက်အ ကြောင်းအကျဉ်း ချုပ်ပြင်ဆင်ခြင်း။<br>၂။ အဓိကဆက် သွယ်ရမည့်ပုဂ္ဂိုလ် များစာရင်းပြုစုခြင်း (ကြက်ခြေနီအမှု ဆောင်ကော်မတီ နှင့် အထွေထွေ အုပ်ချုပ်ရေးဌာန)<br>၃။ တရားဝင်မိတ် ဆက်အကြောင်း ကြားခြင်း။ | စီမံချက်အကြောင်း အကျဉ်းချုပ်ပြင် ဆင်ခြင်းနှင့်တရား ဝင်အကြောင်းကြား စာပေးပို့ခြင်း – မြန်မာနိုင်ငံကြက် ခြေနီအသင်းဝန် ထမ်းများ။<br><br>အဓိကဆက်သွယ် ရမည့်စာရင်းပြုစု ခြင်း –ဦးစီးမှူး(ပ)<br><br>တွေ့ဆုံဆွေးနွေး ခြင်း – ဌာနမှူးနှင့် ဦးစီးမှူး (ပ) | စီမံချက်ဆောင်ရွက် ရန်တိုင်းဒေသကြီး /ပြည်နယ်အာဏာ ပိုင်များမှ အတည် ပြုခြင်း<br><br>တာဝန်ခံမှု၊ ညှိနှိုင်း ဆောင်ရွက်မှု။ | စီမံချက်မိတ်ဆက် ရာတွင် အသုံးပြု ရန် စံအဖြစ်သတ် မှတ်ထားသော ပါဝါပွိုင့်များ |

## ၁.၂။ မြို့နယ်အဆင့်ဆောင်ရွက်ခြင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ပြုလုပ်စဉ်ကကဲ့သို့ပင် ရွေးချယ်ထားသော မြို့နယ် အတွင်းရှိ သက်ဆိုင်ရာ ကြက်ခြေနီရုံးခွဲဝန်ထမ်းများနှင့် တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ဆောင်ရွက်သည်။ အဆိုပါ တွေ့ဆုံမှုတွင် မြို့နယ်ကြက်ခြေနီအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ ကြက်ခြေနီစေတနာ့လုပ်အားရှင် များနှင့် မြို့နယ်ကြက်ခြေနီအသင်းအမှုဆောင်အဖွဲ့ဝင်များ၊ ကြက်ခြေနီစေတနာ့လုပ်အားရှင်များနှင့် သက် ဆိုင်ရာမြို့နယ်အာဏာပိုင်များ (မြို့နယ်အုပ်ချုပ်ရေးဌာနမှ ကိုယ်စားလှယ်) ပါဝင်ဆောင်ရွက်စေသည်။ ထိုကဲ့သို့ ဆွေးနွေးရာတွင် ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ချရေးစီမံချက်ဆိုင်ရာ လုပ်ငန်းစဉ်များကို သက်ဆိုင်ရာပုဂ္ဂိုလ်များအား အသိပေးအကြောင်းကြားခြင်းအပြင် လုပ်ငန်းစဉ်များအား ထိရောက်အောင် မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြို့နယ်ကြက်ခြေနီအသင်းရုံးခွဲ ဝန်ထမ်းများ၏စွမ်းဆောင် ရည်၊ ရှိနှင့်ပြီးသောအရင်းအမြစ်များနှင့် လိုအပ်ချက်များအားမေးမြန်းခြင်း။

တွေ့ဆုံဆွေးနွေးပွဲတက်ရောက်လာသူများအား ရပ်ရွာတွင်ကြုံတွေ့ရလေ့ရှိသော ဘေးအန္တ ရာယ်များနှင့် ကျေးရွာနှင့်သက်ဆိုင်သောအချက်အလက်များကို ဝေမျှစေခြင်းဖြင့် စီမံချက်တွင် သင့်တော် မည့် ကျေးရွာအုပ်စုနှင့် ကျေးရွာများအားရွေးချယ်နိုင်ပါသည်။ ထိုကဲ့သို့ရွေးချယ်ရာတွင် စီမံချက်၏အချိန် ကာလနှင့် ရရှိသောရင်းမြစ်များပေါ်တွင် မူတည်၍ တက်ရောက်လာသောပုဂ္ဂိုလ်များအား ၎င်းတို့၏ အတွေ့အကြုံ၊ ဒေသဆိုင်ရာဗဟုသုတများတွင်အခြေခံ၍ ဘေးအန္တရာယ်ကျရောက်လွယ်မှု ဖြစ်နိုင်ချေအ များဆုံးရှိသော ကျေးရွာများကို တင်ပြစေခြင်းဖြင့် အချိန်ကုန်သက်သာစေခြင်း။

မြို့နယ်အဆင့်စီမံချက်မိတ်ဆက်ရာတွင် ဝေမျှသော သတင်းအချက်အလက်များနှင့် တိုင်း ဒေသကြီး/ ပြည်နယ်အဆင့်တွင်တင်ပြဆွေးနွေးသော အကြောင်းအရာများသည် အနည်းငယ်ကွဲပြား ခြားနားမှုများရှိနိုင်ပါသည်။ မြို့နယ်အဆင့်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်မည့်လုပ်ငန်း စဉ်များအကြောင်းနှင့် ကြက်ခြေနီစေတနာ့ လုပ်အားရှင်များအတွက် သင်တန်းလိုအပ်ချက်များကိုလည်း တင်ပြဆွေးနွေးကြသည်။ ထို့ပြင် စီမံချက်ပြီးဆုံးပြီးနောက် လွှဲပြောင်းမှုလုပ်ငန်းစဉ်တွင်ဆောင်ရွက်ရမည့် မြို့နယ်ကြက်ခြေနီအသင်း၏ အခန်းကဏ္ဍနှင့် တာဝန်များကိုလည်း အသေးစိတ်ဆွေးနွေးရန်လိုအပ်သည်။

**ဇယား ၃**
မြို့နယ်အဆင့်စီမံချက်မိတ်ဆက်ခြင်း။

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| မြို့နယ်အဆင့်တာဝန်ရှိသူများအနေဖြင့်စီမံချက်ဆောင်ရွက်မှုအား ပံ့ပိုကူ ညီရန် | ၁။ စီမံချက်အကြောင်းအကျဉ်းချုပ်ပြင်ဆင်ခြင်း<br>၂။ အဓိကဆက်သွယ်ရမည့်ပုဂ္ဂိုလ်များစာရင်းပြုစုခြင်း (ကြက်ခြေနီအမှုဆောင်ကော်မတီဝင်များ၊မြို့နယ်အာဏာပိုင်များ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ<br>၃။ တရားဝင်မိတ်ဆက်အကြောင်းကြားခြင်း။<br>၄။ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခြင်း | စီမံချက်အကြောင်းအကျဉ်းချုပ်ပြင်ဆင်ခြင်းနှင့်တရားဝင်အကြောင်းကြားစာပေးပို့ခြင်း – စီမံချက်ညှိနှိုင်းရေး မှူးနှင့် စီမံချက် အရာရှိ<br><br>အဓိကဆက်သွယ်ရမည့်စာရင်းပြုစု ခြင်း –(ပ)ဦးစီးမှူး နှင့် (ဒု) ဦးစီးမှူး<br><br>တွေ့ဆုံဆွေးနွေး ခြင်း – ဌာနမှူး/ဒု ဌာနမှူး၊ စီမံချက် ညှိနှိုင်းရေးမှူး၊ ပ ဦးစီးမှူး/ ဒုဦးစီးမှူး | မြို့နယ်တာဝန်ခံပုဂ္ဂိုလ်များ၏ ပံ့ပိုး ကူညီမှု<br><br>တာဝန်ခံမှု၊ ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်းပါဝင်မှု | စီမံချက်ဆိုင်ရာသတင်းအချက် အလက်ပါဝါပွိုင့် များ။ |

## ၁.၃။ ရပ်ကွက်/ ကျေးရွာအဆင့်ဆောင်ရွက်ခြင်း။

တိုင်းဒေသကြီး၊ မြို့နယ်အဆင့်များတွင် ဆောင်ရွက်စဉ်ကကဲ့သို့ပင် ကျေးရွာဒေသရှိ ရပ်ရွာလူထုနှင့် ဒေသဆိုင်ရာအာဏာပိုင်များအနေဖြင့် စီမံချက်အား စိတ်ဝင်စားရန်နှင့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် လိုအပ်သောပံ့ပိုးကူညီမှုများပေး၍ ပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံချက်နှင့် ၄င်း၏လုပ်ငန်းစဉ်များအား ရပ်ရွာသို့စတင်မိတ်ဆက်အကြောင်းကြားမှုပြုစေသည်။ အဆိုပါ လုပ်ငန်းစဉ်များအားလုပ်ဆောင်ရာတွင် အဓိကအားဖြင့်စီမံချက်ညှိနှိုင်းရေးမှူး၊ စီမံချက်အရာရှိနှင့် ကြက် ခြေနီအသင်းဌာနမှူး (သို့) ဒုဌာနမှူး ကိုယ်စား ဒုတပ်ရင်းမှူးတို့မှ တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ် သည်။ ထိုကဲ့သို့ ရပ်ကွက်၊ ကျေးရွာအဆင့် စီမံချက်မိတ်ဆက်မှုကို စီမံချက်ဆောင်ရွက်မည့်ကျေးရွာ၊ ရပ်ကွက်/ ကျေးရွာအဆင့် ဆောင်ရွက်ခြင်းကို လုပ်ငန်းစဉ် (၂)ခု (ကျေးရွာရွေးချယ်ခြင်း) အဆင့်ပြီးဆုံး မှသာပြုလုပ်ရန်ဖြစ်သည်။

မိတ်ဆက်ဆောင်ရွက်ခြင်းတွင် ရပ်ရွာလူထုအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ပိုမိုသိရှိနားလည်စေရန် အသင်း၏လှုပ်ရှားမှုများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ၏အင်အားနှင့် ဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားရမည်ဖြစ်သည်။ ထို့ပြင် စီမံချက်လွှဲပြောင်းပြီးနောက် ကျေးရွာ၊ ရပ်ကွက်၊ ကျောင်းပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ၄င်းတို့တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းများ နှင့် သက်ဆိုင်ရာ ရာထူးအကြောင်း အသေးစိတ်ဆွေးနွေးညှိနှိုင်းရန်ဖြစ်သည်။

**ဇယား ၄**
ရပ်ကွက်/ ကျေးရွာအဆင့်ဆောင်ရွက်ခြင်း


| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| ရပ်ရွာအဆင့်တာဝန်ရှိသူများအနေဖြင့်စီမံချက်ဆောင်ရွက်မှုအား ပံ့ပိုကူ ညီရန် | ၁။ စီမံချက်အကြောင်းအကျဉ်းချုပ်ပြင်ဆင်ခြင်း<br>၂။ အဓိကဆက်သွယ်ရမည့်ပုဂ္ဂိုလ်များစာရင်းပြုစုခြင်း (ကျေးရွာခေါင်းဆောင်၊ ကျေးရွာအုပ်စုခေါင်းဆောင်နှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များ<br>၃။ တရားဝင်မိတ်ဆက်အကြောင်းကြားခြင်း။<br>၄။ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခြင်း၃။ | စီမံချက်အကြောင်းအကျဉ်းချုပ်ပြင်ဆင်ခြင်းနှင့်တရားဝင်အကြောင်းကြားစာပေးပို့ခြင်း – စီမံချက် အရာရှိ<br><br>အဓိကဆက်သွယ်ရမည့်စာရင်းပြုစု ခြင်း – ဒုတပ်ရင်း မှူး<br><br>တွေ့ဆုံဆွေးနွေး ခြင်း – စီမံချက် ညှိနှိုင်းရေးမှူး၊ စီမံ ချက်အရာရှိနှင့် ဒုတပ်ရင်းမှူး | ကျေးရွာရှိသက်ဆိုင်ရာပုဂ္ဂိုလ်များ ထံမှ စီမံချက်လုပ် ငန်းတွင် ပံ့ပိုး ကူညီမှု<br><br>တာဝန်ခံမှု၊ ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်းပါဝင်မှု | ကျေးရွာအဆင့်စည်းရုံးလှုံ့ဆော် မှုဆိုင်ရာလုပ်ငန်း လမ်းညွှန်။ |

## အဓိကစိန်ခေါ်မှုများ။

**ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျှော့ချရေးစီမံချက်၏ အကျိုးရလဒ်များအပေါ် အလေးထားဆောင်ရွက် စေခြင်း။**
စီမံချက်အကြောင်း စတင်မိတ်ဆက်ခြင်းလုပ်ငန်းစဉ်တွင် ရပ်ရွာအခြေပြုဘေးအန္တရာယ် လျှော့ချရေး၏ အကျိုးသက်ရောက်မှုကောင်းများကို အထူးအလေးထား၍ တင်ပြမှုပြုလုပ်ရမည်ဖြစ်သည်။ စီမံချက်ဆောင်ရွက်မှုကြောင့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုရှိခြင်း၊ ဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ခြင်း အစရှိသော ရလဒ်ကောင်းများ ဖြစ်ပေါ်ရုံသာမက ဘေးအန္တရာယ်ဖြစ်ပွားမှုကြောင့် ပျက်ဆီးဆုံးရှုံးမှုအတွက် ကုန်ကျစရိတ်များ သက်သာ လျှော့နည်းစေနိုင်သည်။ ထို့ကြောင့် အဆိုပါအချက်များကို အလေးထား၍ သက်ဆိုင်ရာတာဝန်ရှိသူများ အား ဝေမျှပေးခြင်းဖြင့် စီမံချက်အပေါ် နားလည်လက်ခံလာပြီး ကူညီပံ့ပိုးမှုများ ပြုလုပ်မည်ဖြစ်သည်။

**စီမံချက်ဆုတ်ခွါရေးဆိုင်ရာ နည်းဗျူဟာများအတွက် ပြင်ဆင်ခြင်း**
စီမံချက်ကာလအစောပိုင်းကတည်းကပင် အကောင်အထည်ဖော်ဆောင်ရွက်မှု ပြီးဆုံးပြီး စီမံချက်အဖွဲ့ဝင်များ သက်ဆိုင်ရာဒေသများမှ ဆုတ်ခွါရေးအတွက် နည်းဗျူဟာများကို ထည့်သွင်းစဉ်းစား ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်သော စီမံချက်လုပ်ငန်းစဉ်များပြီးဆုံး သော်လည်း အလေ့အကျင့်ကောင်းများအား ဆက်လက်တည်မြဲစေရန် သက်ဆိုင်ရာ ရပ်ရွာတာဝန်ရှိသူများ မှ လုပ်ငန်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုအပ်သည်။ ထို့ကြောင့်အဆိုပါ စီမံချက်မိတ်ဆက်မှု လုပ်ငန်းဆောင်ရွက်စဉ်ကတည်းကပင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား စီမံချက်ပြီးဆုံးပြီးနောက် တာဝန်ယူ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအကြောင်း အသေးစိတ်ဆွေးနွေးကြရမည်ဖြစ်သည်။ သို့မှသာ ၎င်းတို့အနေဖြင့် ၎င်းတို့လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင် မည်ဖြစ်သည်။ ထို့အပြင် အဆိုပါဆွေးနွေးမှုများမှ အဓိကအချက်အလက်များကို ထုတ်နှုတ်မှတ်သားပြီး ဆုတ်ခွါရေးဆိုင်ရာနည်းဗျူဟာ ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်မည့် အဓိကပုဂ္ဂိုလ်များကို ရွေးချယ်ရန် လိုအပ်သည်။

## အခြားသောဆက်စပ်အကြောင်းအရာများ။



အဆိုပါ ကနဦးစတင်မိတ်ဆက်ခြင်းလုပ်ငန်းစဉ်တွင် သက်ဆိုင်ရာအဆင့်အလိုက် ဘေးအန္တရာယ်ထိခိုက်လွယ်သော အုပ်စုများကို ပါဝင်စေလျက် ၎င်းတို့၏ အကြံဉာဏ်များ၊ ထင်မြင်ယူဆ ချက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့များမှ ကိုယ်စားလှယ်များ (ဥပမာအားဖြင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အခြားသောရပ်ရွာရှိ လူနည်းစုမျိုးနွယ်) များမှ ကိုယ်စားပြုပုဂ္ဂိုလ်များကို တွေ့ဆုံဆွေးနွေးပွဲများသို့ ဖိတ်ကြား၍ သတင်းအချက်အလက်များ ဝေမျှရမည် ဖြစ်သည်။



စီမံချက်ဆောင်ရွက်မှုတွင် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဉတုပြောင်းလဲခြင်းဆိုင်ရာ ကိစ္စ ရပ်များကို ထည့်သွင်းစဉ်းစားရန် အဆိုပါနယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပုဂ္ဂိုလ်များကိုလည်း တွေ့ဆုံ ဆွေးနွေးမှုများတွင် ပါဝင်စေလျက် ၎င်းတို့၏ သုံးသပ်ချက်၊ အကြံပေးမှုများကို တောင်းခံရမည်ဖြစ်သည်။

# လုပ်ငန်းခွင်ဥပမာ

**စီမံချက်အကြောင်းမိတ်ဆက်ခြင်းလုပ်ငန်းစဉ်ကို ရခိုင်ပြည်နယ်တွင် ဆောင်ရွက်ခြင်း။** (CBDRR **စီမံချက် မေ ၂၀၁၃**)
ပထမဦးစွာ ရခိုင်ပြည်နယ်တွင် စီမံချက်မိတ်ဆက်ခြင်းလုပ်ငန်းဆောင်ရွက်ရန် သက်ဆိုင် ရာပြည်နယ်ကြက်ခြေနီတပ်ဖွဲ့ (ပ) ဦးစီးမှူးအား အကြောင်းကြား၍ ဆောင်ရွက်မည့်အချိန်၊ နေ့ရက်၊ ကျင်း ပမည့်နေရာနှင့် တက်ရောက်မည့်ပုဂ္ဂိုလ်များစာရင်း ပြုစု၍ စီစဉ်ဆောင်ရွက်ရန် အကူအညီတောင်းခံမှု ပြုသည်။ ထို့နောက် တွေ့ဆုံမည့် နေ့ရက်၊ အချိန်များအတည်ပြုရန်အတွက် အထွေထွေအုပ်ချုပ်ရေးရုံးများ နှင့် ကြက်ခြေနီအမှုဆောင်ကော်မတီအဖွဲ့ဝင်များအား တရားဝင်အကြောင်းကြားစာများ ပေးပို့စေသည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာန (ဒု)ဌာနမှူး၊ စီမံချက်ညှိနှိုင်းရေးမှူးများအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် ဝန်ထမ်းများ၊ (ပ)(ဒု)ဦးစီးမှူး များနှင့် ပြည်နယ်ကြက်ခြေနီအသင်းအမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီစေတနာ့ဝန်ထမ်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာန ဝန်ထမ်းများ၊ မီသတ်တပ်ဖွဲ့ဝင်များနှင့် သတင်းမီဒီယာ အဖွဲ့များ တက်ရောက်ခဲ့သည်။ အဆိုပါတွေ့ဆုံ ဆွေးနွေးမှုတွင် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာန၊ ဒုဌာနမှူးမှ စီမံချက်အကြောင်းအကျဉ်းချုပ်ပြောကြားပြီး စီမံချက်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို တက်ရောက်လာသူများအား ဖြန့်ဝေစေပြီး တက်ရောက်လာသူများ၏ သိလိုသမျှမေးခွန်းများကို ဖြေကြားပေးသည်။

ရခိုင်ပြည်နယ် တွေ့ဆုံဆွေးနွေးမှုကို စီမံချက်ဆောင်ရွက်မည့်မြို့နယ်၊ ကျေးရွာအဆင့် ရွေးချယ်မှုပြီးဆုံးပြီးနောက်မှသာ ဆောင်ရွက်စေသည်။ စီမံချက်အကောင်အထည်ဖော်မည့် မြို့နယ်များ ရွေးချယ်ရာတွင် ဂီရိမုန်တိုင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သောမြို့နယ်များကိုသာ အဓိကထား ပြန်လည်ရွေးချယ်မှုပြုသည်။ ဂီရိမုန်တိုင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကျောက်ဖြူ၊ ပေါက်တော၊ မြေပုံနှင့် မင်းပြားမြို့နယ်များတွင် ဆောင်ရွက်ခဲ့ရာ အဆိုပါမြို့နယ်များအနက် မြေပုံနှင့် မင်းပြားမြို့နယ်များကိုသာ စီမံချက်နယ်မြေအဖြစ် ပြန်လည်ရွေးချယ်မှုပြုခဲ့သည်။

**ပဲခူးတိုင်း မင်းလှမြို့နယ်တွင် မြို့နယ်အဆင့် စီမံချက်မိတ်ဆက်မှုပြုလုပ်ခြင်း (ဒီအာအာ စီမံချက် – ဇူလိုင် ၂၀၁၂)**
မင်းလှမြို့နယ်တွင် စီမံချက်မိတ်ဆက်မှုပြုလုပ်ရန် ပထမဦးစွာ ဒုတပ်ရင်းမှူးနှင့် ဆက်သွယ်၍ စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်စေသည်။ ထို့နောက်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးနှင့် ကြက်ခြေနီအမှုဆောင်ကော်မတီတို့အား တရားဝင် အကြောင်းစာများ ပေးပို့စေသည်။ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်မှ ဝန်ထမ်းများ၊ စီမံချက်ညှိနှိုင်းရေးမှူးများ၊ စီမံချက်အရာရှိများ၊ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် အစီရင်ခံစာပြုစုရေးဆိုင်ရာ အရာရှိ (ဏန္တြ ဉ်ငခနမ) နှင့် မြို့နယ်အသင်းစွမ်းဆောင်ရည်မြင့်တင်ရေးဆိုင်ရာ အရာရှိတို့တက် ရောက်သည်။ ထို့အပြင် အခြားသောပုဂ္ဂိုလ်များအနေဖြင့် မြို့နယ်ကြက်ခြေနီတပ်ရင်း ဒုတပ်ရင်းမှူး၊ ကြက် ခြေနီစေတနာ့လုပ်အားရှင်များ၊ ကြက်ခြေနီအမှုဆောင်အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာန၊ မီးသတ်၊ သစ်တော၊ လူဝင်မှုကြီးကြပ်ရေးဌနမှ တာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများနှင့် သက်ကြီးရွယ်အိုများ လည်းတက်ရောက်စေသည်။ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုကို အဓိကအားဖြင့် စီမံချက်ညှိနှိုင်းရေးမှူးမှ ဆောင်ရွက်သည်။ ထို့အပြင် မင်းလှမြို့နယ်တွင် စီမံချက်ဆောင်ရွက်ရန် ရာထားသော ကျေးရွာများ အကြောင်းကိုလည်း ရပ်ရွာလူထုနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သည်။

လုပ်ငန်းစဉ်

# ၂ စီမံချက်နယ်မြေရွေးချယ်ခြင်း။

စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နယ်မြေရွေးချယ် သတ်မှတ်ခြင်းသည် အရေးကြီးသောလုပ်ငန်းစဉ်များထဲမှ တစ်ခုအပါအဝင်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် နှစ်စဉ်နှစ်တိုင်း သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ ရလေ့ရှိပါသည်။ ထိုသို့ ရင်ဆိုင်ကြုံတွေ့ ရာတွင် သဘာဝ ဘေးအမျိုးအစား၊ ပထဝီအနေအထား၊ လူနေထူထပ်မှုအတိုင်းအတာ၊ စီးပွားရေးအခြေအနေနှင့် အခြား သောရပ်ရွာဖွံ့ ဖြိုးမှု အနေအထားပေါ်မူတည်၍ မြို့ နယ်တစ်မြို့ နယ်ထဲတွင်ဖြစ်သော်ငြား ကျရောက်သော ဘေးအန္တရာယ်များနှင့် ပျက်စီးဆုံးရှုံးမှုဖြစ်နိုင်ခြေအမျိုးအစားတို့ ကွဲပြားခြားနားလေ့ရှိပါသည်။ ထို့ ကြောင့် ဘေးအန္တရာယ်ကျရောက်မှု အများဆုံးဖြစ်သော ဒေသတွင်းနေထိုင်သည့် ရပ်ရွာလူထုများကို စီမံချက်၏ အကျိုးခံစားခွင့်ရှိသောသူများအဖြစ် အဓိကပါဝင်စေခြင်းအလို့ ငှာ ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ချ ရေးအစီအစဉ်များ ဆောင်ရွက်ရာတွင် အဆိုပါဒေသ၊ နယ်မြေများကိုဦးစားပေးရွေးချယ်ဆောင်ရွက် ရပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့်လည်း တစ်နိုင်ငံလုံးရှိဘေးအန္တရာယ်ကျရောက်သောဒေသများကိုလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့များပေးရန် ရည်ရွယ်သော်လည်း ရရှိလာသော အရင်းအမြစ်များပေါ်မူတည်၍ ဘေးအန္တရာယ်ကျရောက်မှုအများဆုံးသော ရပ်ရွာများနှင့် အထောက်အပံ့ ရရှိမှုအားနည်းသော ဒေသများကို စီမံချက်နယ်မြေအဖြစ် ဦးစားပေးရွေးချယ်ဆောင်ရွက် လျက်ရှိပါသည်။ ထိုသို့ စီမံချက်နယ်မြေရွေးချယ်ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ပြည် နယ်နှင့်တိုင်းဒေသကြီးအဆင့်မှစ၍ ကျေးရွာ၊ အုပ်စု၊ ကျောင်းများအထိ အဆင့်ဆင့်ရွေးချယ်ဆောင်ရွက် လျက်ရှိပါသည် ။

| အကွက် ၃<br>ပြည်နယ်၊<br>တိုင်းဒေသကြီး<br>ရွေးချယ်မှုသတ်မှတ်ချက် | ၁။ **ဘေးအန္တရာယ်ကျရောက်သောဒေသ**<br>စီမံချက်နယ်မြေရွေးချယ်မှုတွင် လွန်ခဲ့သော (၁၀)နှစ်အတွင်း သဘာဝဘေးဒဏ်အများဆုံး ခံရသော ပြည်နယ်နှင့်တိုင်းဒေသကြီးများကို ဦးစားပေးအနေဖြင့် သတ်မှတ်ပါမည်။<br>၂။ **စီမံချက်များမဝင်ရောက်နိုင်သော နယ်မြေဒေသ**<br>မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် အခြားသောအဖွဲ့ အစည်းများမှ ဆောင်ရွက်လျက် ရှိသည့် ဘေးအန္တရာယ်လျော့ပါးရေးစီမံချက်များ ဝင်ရောက်ခြင်းမရှိသေးသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။<br>၃။ သက်ဆိုင်ရာ ပြည်နယ်တိုင်းဒေသကြီးမှတာဝန်ရှိသူများမှ တောင်းဆိုခြင်း<br>ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံချက်များကို သက်ဆိုင်ရာဒေသ တာဝန်ရှိသူများ မှငင်းတို့ ၏ပြည်နယ်၊ တိုင်းဒေသများတွင် အကောင်ထည်ဖော်ဆောင်ရွက်လိုပါက ယင်းဒေသ များ၏ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှု အခြေအနေပေါ်မူတည်၍ ဦးစားပေးဆောင်ရွက် သွားပါမည်။<br>၄။ ကြက်ခြေနီအသင်းရုံးခွဲများ၏ စွမ်းဆောင်ရည်နှင့် ၎င်းတို ့၏စိတ်အားထက်သန်မှု၏ ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံချက်များအားထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသရှိကြက်ခြေနီအသင်းရုံးခွဲများ၏ စိတ်ပါ ဝင်စားမှု၊ စီမံချက်တွင်ပံ့ပိုးကူညီဆောင်ရွက်နိုင်မှုရှိ/ မရှိ အစရှိသောအချက်များပေါ်တွင် လေ့ လာသုံးသပ်၍ရွေးချယ် ဆောင်ရွက်သွားမည်ဖြစ်သည်။ |
|---|---|

## ၂.၁။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ရွေးချယ်ခြင်း။

စီမံချက်နယ်မြေရွေးချယ်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ရွေးချယ်မှုမှစတင်၍ အဆိုပါရွေးချယ်မှုကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့ဝင်များမှ အဓိကဆောင်ရွက်လေ့ရှိပါသည်။ ရွေးချယ်မှု ပထမအဆင့်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်နှင့်ကိုက်ညီသော ပြည်နယ်နှင့်တိုင်းဒေသကြီးစာရင်းများကို ပြုစုထားရပါသည်။ ထိုသို ့ စာရင်းပြုစုရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ဘေးအန္တရာယ် ကျရောက်မှုအနေအထားကိုမှတ်တမ်း ပြုစုထားသော သဘာဝဘေးဆိုင်ရာသမိုင်းမှတ်တမ်းများပေါ်တွင် လည်းကောင်း၊ပြည်နယ်နှင့်တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဘေးအန္တ ရာယ်လျော့ချရေးစီမံချက်များ၏ အရေအတွက်ပေါ်တွင်လည်းကောင်း လေ့လာသုံးသပ်မှုများပြုလုပ် ခဲ့ပါသည်။ ၎င်းတို့ထဲမှဘေးအန္တရာယ်ကျရောက်မှု အဖြစ်နိုင်ဆုံးနှင့် စီမံချက်များဝင်ရောက် အကောင် အထည်ဖော်မှုအားနည်းသောဒေသများကို

ဦးစားပေးရွေးချယ်ဆောင်ရွက်ရပါသည်။ ထို ့အပြင် ပြည်နယ် နှင့်တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ အစည်းများနှင့်ကြက်ခြေနီအသင်းများ၏ စီမံ ချက်အပေါ်စိတ်အားထက်သန်မှုရှိခြင်းပေါ်တွင်လည်း

လေ့လာသုံးသပ်၍ ရွေးချယ်မှုများပြုလုပ်ရပါသည်။ စီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဏာပိုင်အဖွဲ့အစည်းများနှင့် ရပ်ရွာ လူထုများပါဝင်မှသာ လိုအပ်သောစီမံချက်များကို ဖော်ထုတ်နိုင်ပြီး ထိထိရောက်ရောက်အကောင် အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အထက်ဖော်ပြပါအချက်များတွင်အခြေခံ၍ သက်ဆိုင်ရာမြန်မာနိုင်ငံကြက်ခြေနီအသင်းရုံးချုပ် ဝန်ထမ်း များမှ စီမံချက်ဝင်ရောက်နိုင်မည့် ပြည်နယ်နှင့်တိုင်းဒေသစာရင်းများ ပြုစုပြီးသောအခါ သက်ဆိုင်ရာ ကြက်ခြေနီအမှုဆောင်အဖွဲ့ ့ဝင်များနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရပါသည်။ ထိုကဲ့သို့ညှိနှိုင်း ဆောင်ရွက်ရာတွင် အဆိုပြုထားသော ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် စီမံချက်ဆောင်ရွက်ရန် ဖြစ်နိုင်ချေ ရှိ / မရှိနှင့် အမှုဆောင်အဖွဲ့ဝင်များ၏ အကြံပြုထောက်ခံချက်များကိုပါ ထည့်သွင်းစဉ်းစား၍ ရွေးချယ်ရပါသည်။

**ဇယား ၅**
**ပြည်နယ် / တိုင်းဒေသကြီး ရွေးချယ်ခြင်း (အကျဉ်းချုပ်)**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| စီမံချက်အကောင်ထည်ဖော်ဆောင်ရွက်မည့်ပြည်နယ်တိုင်းဒေသကြီးသတ်မှတ်ရန် | ၁။ ဆောင်ရွက်ရန်လျာထားသောပြည်နယ်၊တိုင်းဒေသကြီးများစာရင်းပြုစုခြင်း။<br>၂။ ပြည်နယ်၊တိုင်းဒေသကြီး၏ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ ဆုံညှိနှိုင်းခြင်း။<br>၃။ စီမံချက်ဆောင်ရွက်မည့်ပြည်နယ်၊တိုင်းဒေသကြီးများကို နောက်ဆုံးအဆင့်ရွေးချယ်ခြင်း။ | မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်ရှိအမှုဆောင်များ၊ သက်ဆိုင်ရာပြည်နယ်တိုင်းဒေသမှတာဝန်ရှိပုဂ္ဂိုလ်များနှင့်ကြက်ခြေနီအမှုဆောင်ကော်မ တီများ | စီမံချက်ဝင်ရောက်မည့်ပြည်နယ်၊တုင်းဒေသအား အတည်ပြုရွေးချယ်ခြင်း။ | သဘာဘောဆိုင်ရာမှတ်တမ်းများ။<br><br>အလှူရှင်များ၏တင်ပြတောင်ဆိုမှုအစီရင်ခံစားများ။<br><br>ဗဟိုညီလာခံအစည်းအဝေးမှတ် တမ်းများ။<br><br>ပြည်နယ်ဝန်ကြီး ချုပ်၏အကြံပြု ထောက်ခံချက်များ။ |

## ၂.၂။ မြို့ နယ်အဆင့်ရွေးချယ်ခြင်း။

**သတင်းအချက်အလက်များစုဆောင်းခြင်း။** ။ သတင်းအချက်အလက်များ ကောက်ယူဆောင်ရွက် ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် လက်လှမ်းမမီသောအခြေအနေများတွင် သက်ဆိုင်ရာမြို နယ်အုပ်ချုပ်ရေး တာဝန်ရှိသူများထံမှ တောင်းခံစုဆောင်း၍ စနစ်တကျလေ့လာဆန်းစစ်မှုပြုလုပ်ပြီး စီစဉ် ဆောင်ရွက်ရန်လိုအပ်ပါသည်။ အရေးကြီးသည်မှာ ကောက်ယူထားသော သတင်းအချက်အလက်များသည် နောက်ဆုံးရသတင်းအချက် အလက်များ ဖြစ်ရန်လိုအပ်ပါသည်။ ပြည်နယ်တစ်မြို့နယ်နှင့် တစ်မြို့နယ် နှိုင်းယှဉ်ရန်အတွက် ကောက်ယူထား သောသတင်းအချက်အလက်များ ပုံစံတူရန်လိုအပ်ပါသည်။ အဆိုပါ သတင်းအချက်အလက် ကောက်ယူစုဆောင်းခြင်းလုပ်ငန်းကို စီမံချက်ညှိနှိုင်းရေးမှူးနှင့် သက်ဆိုင်ရာ စီမံချက်ကွင်းဆင်းအရာရှိတို့မှ အဓိကတာဝန်ယူဆောင် ရွက်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတပ်ရင်းမှူးနှင့် စေတနာလုပ်အားပေး ကြက်ခြေနီလူငယ်များမှ ပံ့ပိုးကူညီရန်လိုအပ်ပါသည်။ သတင်း အချက်အလက်များကောက်ယူဆောင်ရွက်ရာတွင် သက်ဆိုင်ရာကြက်ခြေနီအသင်း ရုံးခွဲများ၏ လုပ်ငန်း ဆောင်ရွက်မှုစွမ်းရည်တို ့ကို လေ့လာဆန်းစစ်ရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း အရင်းအ မြစ်ဖွံ ့ဖြိုးတိုးတက်ရေးဌာနတို ့မှ နှစ်စဉ်နှစ်တိုင်း တစ်နိုင်ငံလုံးရှိ မြို့နယ်အဆင့်ရုံးခွဲများကို အကဲဖြတ် ဆန်းစစ်မှု ပြုလုပ်လျက်ရှိရာ အဆိုပါအကဲဖြတ်စစ်ဆေးမှုရလဒ်များပေါ်တွင် အခြေခံ၍မြို့နယ်အသင်း ရုံးခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုစွမ်းရည်ကို ဆုံးဖြတ်လေ့ရှိသည်။

**ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေးများ။** ။လိုအပ်သောသတင်းအချက်အလက်များ ကောက်ယူစုဆောင်း၍ စနစ်တကျလေ့လာဆန်းစစ်မှုများ ပြုလုပ်ပြီးသောအခါတွင် စီမံချက်အနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အုပ်ချုပ်ရေးတာဝန်ရှိသူများ (လိုအပ်ပါက ခရိုင်အဆင့်ရှိ တာဝန်ရှိသူများ) နှင့် တွေ့ဆုံညှိနှိုင်းပြီး ဆွေးနွေးမှုများကို ကိုယ်တိုင်ကွင်းဆင်းဆောင်ရွက်မှုများ ပြုလုပ်ရန်လိုအပ်ပါသည်။ အဆိုပါဆွေးနွေးမှု များတွင် စီမံချက်မှကောက်ယူစုဆောင်းထားသော သတင်းအချက်အလက်များအား သက်ဆိုင်ရာ တာဝန်ရှိသူများထံတင်ပြ၍ ၎င်းတို့ထံမှ ဆွေးနွေးအကြံပြုချက်များကို ထောင်းခံရန်လိုအပ်ပါသည်။ ထိုကဲ့သို ့ဆွေးနွေးချက်များအပေါ် အခြေခံ၍စီမံချက်အတွက် သင့်တော်မည့်မြို့ နယ်များကို ပထမအဆင့် အနေဖြင့် ရွေးချယ်ပြုစုရပါမည်။

**အကွက် ၄**
**မြို့နယ်ရွေးချယ်မှုသတ်မှတ်ချက်**

၁။ **သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သောဒေသ**
စီမံချက်နယ်မြေရွေးချယ်ရာတွင် လွန်ခဲ့သော (၁၀)နှစ်အတွင်း သဘာဝဘေးဒဏ်ကို အကြိမ်အရေအတွက်အများဆုံးခံခဲ့ရသောမြို့နယ်ကို ဦးစားပေးရွေးချယ်ဆောင်ရွက်မည်ဖြစ်သည်။၏ သတင်းအချက်အလက်ရင်းမြစ်။ မြို့နယ်သဘာဘေးအန္တရာယ်ကြုံတွေ့မှု ရာဇဝင်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သမိုင်းမှတ်တမ်းများ စသည်ဖြင့်။

၂။ **မြို့နယ်အသင်းရုံးခွဲ၏စွမ်းဆောင်ရည**
သဘာဝဘေးအန္တရာယ်လျော့ပါးရေးစီမံချက်များ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်သက်ဆိုင်ရာမြို့နယ်အသင်းရုံးခွဲတွင် လုံလောက်ပြည့်ဝသော စွမ်းဆောင်ရည် ရှိရန်လိုအပ်လေသည်။ ထိုသို့ဖြစ်စေကာမူ မြန်မာနိုင်ငံကြက်ခြေနီအသင်း ရင်းမြစ်ဖွံ့ဖြိုးတိုး တက်မှုဌာနမှပြုလုပ်သော မြို့နယ်ရုံးခွဲအကဲဖြတ်စစ်ဆေးမှုတွင် ရလဒ်ကောင်းများမရှိသည့် မြို နယ်ရုံးခွဲများကိုလည်း မြို့နယ်အဆင့်စီမံချက် ရွေးချယ်မှုတွင် ထည့်သွင်းစဉ်းစားရန်လိုအပ် ပါသည်။ သတင်းအချက်အလက်ရင်းမြစ်။ ။ ရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ပြုလုပ်သောမြို့နယ် အသင်းရုံးခွဲများ၏ စွမ်းဆောင်ရည်အကဲဖြတ်မှတ်တမ်း။

၃။ **မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ကြက်ခြေနီအသင်းအလုပ်အမှုဆောင်အဖွဲ့ဝင် များ၏ စီမံချက်ပေါ်စိတ်အားထက်သန်မှု**
မြို့နယ်အတွင်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ အထူးသဖြင့် မြို့နယ်ကြက်ခြေနီအသင်း အလုပ်အမှု ဆောင်အဖွဲ့ဝင်များမှ စီမံချက်အပေါ် စိတ်အားထက်သန်မှုရှိရန်လိုအပ်ပါသည်။ စီမံချက်အား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၄င်းတို့၏ ပံ့ပိုးကူညီမှုဖြင့် ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုကဲ့သို ပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားခြင်းမရှိသော မြို့နယ်များကို စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်မည့် နယ်မြေအဖြစ်ရွေးချယ်ရန် သင့်တော်မည်မဟုတ်ပါ။ သတင်းအချက်အလက်ရင်းမြစ်။ ။ မြို့နယ်အုပ်ချုပ်ရေး တာဝန်ရှိသူများနှင့် ကြက်ခြေနီ အသင်းအမှုဆောင်အဖွဲ့ဝင်များ၏ တွေ့ဆုံညှိနှိုင်းမှုအစည်းဝေးများ။

၄။ **မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အခြားသောအဖွဲ့အစည်းများ၏ စီမံချက်များဝင်ရောက်ခြင်း ရှိ/မရှိ။**
အများအားဖြင့် မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်အများဆုံးဖြစ်လွယ်သော ဒေသများတွင် (သဘာဝဘေးအန္တရာယ်လျော့ပါးရေး) စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်လေ့ ရှိပါသည်။ နယ်မြေဒေသတစ်ခုအတွင်း လုပ်ငန်းတူများများပြားစွာဆောင်ရွက်မှုကို ရှောင်ရှား နိုင်ရန် အခြားသောအဖွဲ့အစည်း တစ်ခုခုမှ လက်ရှိတွင်ဘေးအန္တရာယ်လျော့ပါးရေး စီမံချက်များ ဆောင်ရွက်လျက်ရှိသော၊ ဆောင်ရွက်ဖူးသည့် မြို့နယ်များကို ရွေးချယ်ခြင်းမပြုသင့်ပါ။ သတင်းအချက်အလက်ရင်းမြစ်။ ။ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစဉ်များ ဆောင် ရွက်နေသော အဖွဲ့အစည်းများနှင့် တွေ့ဆုံးမှုများ၊ စီမံချက်စာရွက်စာတမ်းများ။ သွားလာရေးလွယ်ကူခြင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် စီမံချက်အကောင်အထညဖော်ဆောင်ရွက်ရာတွင် သတ် မှတ်ရွေးချယ်ထားသောဒေသများ၌ ဆောင်ရွက်ရန်သင့်/ မသင့်ကို စဉ်းစားဆုံးဖြတ်ရမည်ဖြစ် သည်။ အချို့သောနယ်မြေ ဒေသများသည် သွားလာရေးခက်ခဲကြမ်းတမ်းသောကြောင့် စီမံချက် နယ်မြေအဖြစ်ရွေးချယ်ရန် မသင့်တော်ပါ။ ထိုကဲ့သို့ နယ်မြေရွေးချယ်မှုများကို စဉ်းစားရာ၌ အချိန်နှင့် သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်တို့ကိုပါ ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ သတင်းအချက်အလက်ရယူနိုင်သောရင်းမြစ်။ သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ် အချက် အလက်များ၊ စေတနာ့ဝန်ထမ်းကြက်ခြေနီလူငယ်များ၏ အတွေ့အကြုံများ။

၅။ **လူမှုစီးပွားရေးအခြေအနေ**
စီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်လူမှုစီးပွားရေးအခြေအနေကို အဓိကအချက်အနေဖြင့် ထည့်သွင်းစဉ်းစားလေ့မရှိသောလည်း မြို့ နယ်နှစ်ခုအနေဖြင့် သဘာဝ ဘေးအန္တရာယ် ကြုံတွေ့မှုရာဇဝင်၊ အသင်းခွဲများ၏ စွမ်းဆောင်ရည်နှင့် စိတ်ပါဝင်စားမှုများ၊ တူညီသောအခြေအနေ တွင် စီမံချက်အနေဖြင့် လူမှုစီးပွားရေးအခြေအနေနိမ့်ပါးသောမြို့နယ်ကို ဦးစားပေးရွေးချယ်ရန် လိုအပ်ပါသည်။ သတင်းအချက်အလက်ရရှိနိုင်သောရင်းမြစ်။ ။ မြို့နယ်များမှ စုဆောင်းကောက်ယူထားသော လူမှုစီးပွားရေးအခြေအနေ။ (ဝင်ငွေ၊ ပညာရေး၊ အလုပ်အကိုင်၊ ကျန်းမာရေး စသည်ဖြင့်)

**နောက်ဆုံးအဆင့်ရွေးချယ်ခြင်းနှင့် ရွေးချယ်မှုအားအတည်ပြုခြင်း** ကနဦးရွေးချယ်ထားသော မြို့နယ်များစာရင်းပေါ်တွင်အခြေခံ၍ သက်ဆိုင်ရာပြည်နယ် နှင့် တိုင်းဒေသကြီး ကြက်ခြေနီအသင်းရုံးခွဲ အမှုဆောင်ကော်မတီအဖွဲ့ဝင်များမှ စီမံချက်ဝန်ထမ်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းရုံးချုပ်မှ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီးစီမံချက်အတွက် သင့်တော်သော မြို့နယ်များကို ရွေးချယ်ပေးကြရပါမည်။ နောက်ဆုံးအဆင့် မြို့နယ်များရွေးချယ်မှုတွင် သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်ပင်ညှိနှိုင်း၍ ၄င်းတို့၏အကြံပြုဆွေးနွေးချက်များကို ထည့်သွင်းစဉ်းစား ကြရမည်ဖြစ်သည်။ စီမံချက်ဆောင်ရွက်ရာတွင် ပြည်နယ်နှင့်တိုင်းတစ်ခုစီအတွင်း မြို့နယ်အရေအတွက် ကို မည်၍မည်မျှဖြင့်ကန့်သတ်ထားခြင်းမရှိပါ။ သို့ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ကိုင် ဆောင်ရွက်မှုအတိုင်းအတာနှင့် စီမံချက်၏လိုအပ်ချက်များပေါ်မူတည်၍ ဆောင်ရွက်မည့်မြို့နယ်အရေအတွက်ကို ရွေးချယ်သတ်မှတ်ရန် လိုအပ်ပါသည်။ စီမံချက်အတွက် မြို့နယ်သတ် မှတ်ပြီးစီးပါက အဆိုပါရွေးချယ်မှုကို မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌမှအတည်ပြုသဘောတူရန် လိုအပ်ပါသည်။

## ၂.၃။ ကျေးရွာ / ကျေးရွာအုပ်စု ရွေးချယ်ခြင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ဘေးအန္တရာယ်လျော့ပါးရေးစီမံချက်၏ အဓိက ဦးစားပေး ကျေးရွာ/ အုပ်စုများအဖြစ် ဘေးအန္တရာယ်ကျရောက်မှုကြောင့် ထိခိုက်ခံရမှုများသော ကျေးရွာ / ကျေးရွာအုပ်စု (သို ့မဟုတ်) ကျောင်းများကို သတ်မှတ်ရွေးချယ်ပါသည်။ စီမံချက်အား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြို ့နယ်တစ်ခုစီတွင် ယေဘူယျအားဖြင့် အနည်းဆုံး ကျေးရွာ (၁၀)ရွာ ရွေးချယ်ဆောင်ရွက်နိုင်ပါသည်။

**ဇယား ၆**
**မြို့နယ်အဆင့်ရွေးချယ်ခြင်း ( အကျဉ်းချုပ် )**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| သတ်မှတ်ထားသော ပြည်နယ်/ တိုင်းဒေသအတွင်းရှိ ဘေးအန္တရာယ်အများဆုံး ခံရသောမြို့နယ်များကိုရွေးချယ် သတ်မှတ်ရန်။ | ၁။ စီမံချက်မြို့နယ်ရွေးချယ်မှု သတ်မှတ်ချက်များအတွက် လိုအပ်သောသတင်းအချက်အလက်များ ကောက်ယူစုဆောင်းခြင်း။<br>၂။ ပြည်နယ်၊တိုင်း၊ ခရိုင်အုပ်ချုပ်သူများ နှင့် တွေ့ဆုံဆွေး နွေးခြင်း။<br>၃။ ပြည်နယ်နှင့် တိုင်း ကြက်ခြေနီအ သင်း အလုပ်အမှု ဆောင်များမှ မြို့ နယ်များရွေးချယ်ခြင်း။<br>၄။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌမှ အတည်ပြုဆွေးနွေးခြင်း။<br>၅။ စီမံချက်အကြောင်း လူထုအားတင်ပြ ဆွေးနွေးခြင်း။ | သတင်းအချက် အလက်ကောက်ယူခြင်း – စီမံချက်ညှိနှိုင်းရေး မှူး၊ နယ်မြေစီမံ ချက်အရာရှိ၊ ဒုတပ်ရင်းမှူးနှင့် လေ့ကျင့်သင်ကြားထားသော စေတ နာ့ လုပ်အားပေးကြက် ခြေနီလူငယ်များ။<br><br>ဆွေးနွေးညှိနှိုင်းမှု အစည်းအဝေးများ၊ ကနဦးအဆင့် မြို့ နယ်ရွေးချယ်ခြင်းနှင့် ပြည်နယ်ဝန် ကြီးချုပ်၊ မြန်မာနိုင် ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌတို့မှ နောက် ဆုံးအဆင့်ရွေးချယ်မှုပြုလုပ်ရာတွင် ညှိနှိုင်းဆောင်ရွက် ပေးခြင်း – ဌာနမှူးနှင့် ဦးစီးမှူး(၁)<br><br>မြို့နယ်ရွေးချယ်မှု အားအတည်ပြုခြင်း– မြန်မာနိုင်ငံကြက်ခြေ နီအသင်းဥက္ကဋ္ဌ<br><br>စီမံချက်အကြောင်း တင်ပြဆွေးနွေးခြင်း– ဌာနမှူး/ ဒုဌာနမှူး၊ စီမံချက်ညှိနှိုင်းရေး မှူး၊ ဦးစီး (၁) / ဦးစီး (၂) | | |

**အကွက် ၅**
**ကျေးရွာ / ကျေးရွာအုပ်စု ရွေးချယ်မှု သတ်မှတ်ချက်များ**

၁။ **သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သောဒေသ**
လွန်ခဲ့သော (၁၀)နှစ်တာကာလအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှု မကြာ ခဏခံရလေ့ရှိသောကျေးရွာ / ကျေးရွာအုပ်စုများ
သတင်းအချက်အလက်ရနိုင်သောရင်းမြစ်။ ။ ကျေးရွာသဘာဝဘေးအန္တရာယ်ကြုံတွေ့မှု ရာဇဝင်၊ သဘာဝဘေးဆိုင်ရာသမိုင်းမှတ်တမ်းများ။

၂။ **ရပ်ရွာလူထု၏စိတ်ပါဝင်စားမှုနှင့် တာဝန်ခံမှု**
စီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရပ်ရွာလူထုသည် အရေး ကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ရပ်ရွာလူထုအနေဖြင့် ၄င်းတို့၏ဒေသတွင် လာရောက် ဆောင်ရွက်သောစီမံချက်များအပေါ် စိတ်ဝင်စားမှုနှင့် ပံ့ပိုးကူညီမှုရှိမှသာ စီမံချက်များအောင် မြင်နိုင်ပါသည်။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားမှုအားနည်းသော ဒေသများကို စီမံချက်နယ်မြေအ ဖြစ်ရွေးချယ်ရန်မသင့်တော်ပါ။ သတင်းအချက်အလက်ရနိုင်သောရင်းမြစ်။ ။ ကနဦးလေ့လာဆန်းစစ်ချက်၊ ကျေးရွာဦးတည်အုပ်စုများနှင့်ပြုလုပ်သော ဆွေးနွေးမေးမြန်းချက်များ။

၃။ **သွားလာရေးလွယ်ကူခြင်း**
မြို့နယ်အဆင့်ရွေးချယ်မှုကဲ့သို့ပင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် သွားလာရလွယ်ကူမှုပေါ်တွင်အခြေခံ၍ စီမံချက်နယ်မြေ ရွေးချယ်သင့်ပါသည်။ အကယ်၍ သွား လာရေးခက်ခဲသော ကျေးရွာဒေသများကို ရွေးချယ်ပါက စီမံချက်များထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ရန် ခက်ခဲလှပါသည်။ ထို့ကြောင့် စီမံချက်နယ်မြေ ရွေးချယ်ရာတွင် ကျေးရွာများ၏ လိုအပ်ချက်များ၊ ထိခိုက်ခံရလွယ်မှုအတိုင်းအတာနှင့် သွားလာရေးလွယ်ကူမှု စသည့်အချက်တို့ကို ချိန်ထိုးစဉ်းစား၍ ရွေးချယ်မှုပြုလုပ်ရမည်ဖြစ်သည်။ သို့သော်လည်း သွားလာရေးခက်ခဲမှုကြောင့် ထိခိုက်ခံရမှုများသော ကျေးရွာဒေသများကို ချန်လုပ်မထားသင့်ပါ။
သတင်းအချက်အလက်ရနိုင်သောရင်းမြစ်။ ။ စေတနာ့ဝန်ထမ်းကြက်ခြေနီလုပ်အားရှင် များ၏ နယ်မြေအတွေ့အကြုံများ သယ်ယူပို့ဆောင်ရေးစရိတ်စကများ။

၄။ **လူမှုစီးပွားရေးအခြေအနေ**
မြို့နယ်အဆင့်ရွေးချယ်မှုကဲ့သို့ပင် စီမံချက်နယ်မြေရွေးချယ်ရာ၌ ကျေးရွာလူထု ၏ လူမှုစီးပွားရေးအခြေအနေကို ထည့်သွင်းစဉ်းစားရပါမည်။ များစွာသောနောက်ခံသမိုင်း ကြောင်းနှင့် အခြားသောစီမံချက်မှ သတ်မှတ်ထားသည့်အချက်များ ထပ်တူညီသော ကျေးရွာ နှစ်ခုအားရွေးချယ်ရန် အခြေအနေတွင် စီမံချက်အနေဖြင့် လူမှုစီးပွားရေးအခြေအနေ နိမ့်ကျ သော ကျေးရွာလူထုကို ဦးစားပေးရွေးချယ်သင့်သည်။
သတင်းအချက်အလက်ရနိုင်သောရင်းမြစ်။ ။ ကနဦးလေ့လာဆန်းစစ်ချက်များ၊ ကျေးရွာ လူထု လူမှုစီးပွာရေးအခြေအနေ အချက်အလက်များ။

**ကျေးရွာ / ကျေးရွာအုပ်စုများကို ပဏာမအဆင့်ရွေးချယ်ခြင်း** ကျေးရွာ / ကျေးရွာအုပ်စုများကို ပဏာမအဆင့်ရွေးချယ်မှုတွင် မြို့နယ်အုပ်ချုပ်ရေး ဆိုင်ရာ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာကြက်ခြေနီအသင်း အမှုဆောင်ကော်မတီအဖွဲ့ ဝင်များ ပူးပေါင်း၍ ရွေးချယ်မှုဆိုင်ရာ သတ်မှတ်ချက်းများပေါ်တွင် အခြေခံ၍ ဆောင်ရွက်ကြရပါမည်။ ထိုကဲ့သို့ ပဏာမ အဆင့်ရွေးချယ်မှုတွင် အဓိကအားဖြင့် ကျေးရွာဘေးအန္တရာယ်ဆိုင်ရာ သမိုင်းမှတ်တမ်းများနှင့် ကျေးရွာ ၏လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ထည့်သွင်းစဉ်းစားး၍ပြုလုပ်ကြရပါမည်။ အဆိုပါအချက်အလက်များကို စီမံချက်နယ်မြေမရွေးချယ်မီ ကနဦးပြုလုပ်သောလေ့လာဆန်းစစ်ချက်များ မှ ရရှိနိုင်ပါသည်။ မြို့နယ်အဆင့်ရွေးချယ်မှု ပြုလုပ်စဉ်ကကဲ့သို့ပင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေ ဖြင့်

စီမံချက်သွားရောက်အကောင်အထည်ဖော်ဆောင်ရွက်ရန် (လမ်းပန်းဆက်သွယ်ရေး) ခက်ခဲသော နေရာများကို ရွေးချယ်ရန်မသင့်တော်ပါ။ ထို့ကြောင့် ယေဘုယအားဖြင့် ပဏာမအဆင့်ကျေးရွား ရွေးချယ် ရာတွင် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာ အရေအတွက်စုစုပေါင်းထက် နှစ်ဆပို၍ ရွေးချယ်ထားသင့်ပါသည်။ ဥပမာအားဖြင့် စီမံချက်အနေဖြင့် လက်တွေ့တွင်ကျေးရွာပေါင်း (၁၀)ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက ပဏာမအဆင့်ရွေးချယ်မှုတွင် ရွာပေါင်း (၂၀) စာရင်းပြုစု ရွေးချယ်ထားသင့်ပါသည်။

**ကနဦးလေ့လာဆန်းစစ်ချက်။** ။ကနဦးလေ့လာဆန်းစစ်ချက်ကိုဦးတည်မြို့နယ်ရှိပဏာမအဆင့် ရွေးချယ်ထားသောကျေးရွာ/ ကျေးရွာအုပ်စုအားလုံးတွင် ပြုလုပ်ဆောင်ရွက်ကြရပါမည်။ ထိုသို့ဆောင် ရွက်ရာတွင် သက်ဆိုင်ရာကွင်းဆင်းစီမံချက်အဖွဲ့ဝင်များအနေဖြင့် မြို့နယ်ကြက်ခြေနီအသင်းမှ ရွေးချယ် ထားသော အတွေ့အကြုံရှိစေတနာ့ဝန်ထမ်းလုပ်အားရှင်များနှင့် ပူးပေါင်း၍ ပြုလုပ်ကြရပါမည်။ ရရှိလာသောသတင်းအချက်အလက်များကို အစီရင်ခံစား (သို့မဟုတ်) ချမှတ်ထားသော ဇယားပုံစံများတွင် ဖြည့်စွက်၍ သက်ဆိုင်ရာပုဂ္ဂိုလ်များသို့တင်ပြ ဆောင်ရွက်ရပါမည်။ ကနဦးလေ့လာဆန်းစစ်မှု ပြုလုပ်ရာ တွင် စီမံချက်အနေဖြင့် မိမိကိုယ်တိုင် သတင်းအချက်အလက်များ ကောက်ယူရန်လိုအပ်သကဲ့သို့ အခြား သောအဖွဲ့အစည်းများမှ ကောက်ယူထားသော အချက်အလက်များကို အခြေခံ၍ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ သတင်းအချက်အလက်များ စုဆောင်းလေ့လာရာတွင် –

- ကျေးရွာ၏အခြေခံအချက်အလက်များ (လူဦးရေ၊ နေရာဒေသ၊ စီးပွားရေးအခြေအနေနှင့် တိုင်းရင်း သားလူမျိုး စသည့်ဖြင့် )
- အခြေခံအဆောက်အအုံများပြည့်စုံမှုနှင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ
- လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာအချက်အလက်များ (ကျေးရွာနှင့်မြို့ နယ်အကွာအဝေး၊ ရွာလမ်းမများကောင်းမွန်မှု ရှိ / မရှိ၊ လက်ရှိအသုံးပြုနေသော အများပြည်သူ သုံးသယ်ယူပို့ဆောင်ရေးပုံစံ)
- ဆက်သွယ်ရေး (ပုံစံနှင့် ကောင်းမွန်မှု )
- ကျန်းမာရေး (အနီးဆုံးကျန်းမာရေးစောင့်ရှောက်မှုဌာနနှင့် အကွာအဝေး၊ လက်ရှိကျန်းမားရေး စောင့်ရှောက်မှုဝန်ထမ်းအင်အားနှင့် ဝန်ဆောင်မှုများ၊ ရပ်ရွာလူထုအတွင်း အဖြစ်များသော ရောဂါနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ကျေးရွာသို့ လာရောက်သော အကြိမ်အရေအတွက် စသည်ဖြင့်)
- ရေရရှိမှု (ရေရရှိနိုင်သောအရင်းအမြစ်၊ ၎င်းနှင့်ကျေးရွာမှ အကွာအဝေး၊ ရေရရှိနိုင်သောပမာဏနှင့် အရည်အသွေး၊ ရေသန့်စင်မှုရှိ / မရှိ)
- ပတ်ဝန်းကျင်သန့်ရှင်းမှု (အညစ်အကြေးစွန့်ပစ်မှုပုံစံ၊ အမှိုက်သိမ်းစနစ်နှင့် ရေးဆိုးစွန့်ပြစ်မှု စနစ်)
- မီးဘေးအန္တရာယ်စောင့်ရှောက်မှု (ကျေးရွာတွင်းမီးသတ်အဖွဲ့ဝင်များ ဖွဲ့စည်းထားခြင်းရှိ / မရှိ၊ မီးသတ်တပ်ဖွဲ့အင်အား)

စသည်အချက်များကို အဓိကကောက်ယူစုဆောင်း၍ ဆန်းစစ်မှုပြုလုပ်ရန်လိုအပ်ပါသည်။

စီမံချက်အနေဖြင့် သတင်းအချက်အလက်များကောက်ယူရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှသတ်မှတ်ထားသော ကျေးရွာဆန်းစစ်မှုပုံစံအားအသုံးပြု၍သော်လည်းကောင်း (သို့မဟုတ်) ပုံစံအသစ်ပြုလုပ်၍ သော်လည်းကောင်း ဆောင်ရွက်နိုင်ပါသည်။ သတိပြုရန်အချက်မှာ ကျေးရွာအားလုံးမည်သည့်ပုံစံအသုံးပြု သည့်ဖြစ်စေ တပြေးညီပုံစံသတ်မှတ်ပြီး ကာလအလိုက်အချက်အလက်များကို ပြန်လည်သုံးသပ်မွမ်းမံမှု ပြုလုပ်သင့်ပါသည်။

**နောက်ဆုံးအဆင့်ရွေးချယ်ခြင်း။** ပဏာမအဆင့်ရွေးချယ်ထားသော ကျေးရွာတစ်ခုချင်းစီ၏ ကနဦး လေ့လာဆန်းစစ်ချက် အစီရင်ခံစားများကို သက်ဆိုင်ရာမြို့နယ်ကြက်ခြေနီအသင်းနှင့် ကြက်ခြေနီအမှုဆောင်အဖွဲ့ဝင်များ၊ ကွင်းဆင်းစီမံချက်အဖွဲ့တို့မှ ပြန်လည်သုံးသပ်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တိုင်ပင်ညှိနှိုင်းကာ နောက်ဆုံးအဆင့်ကျေးရွာရွေးချယ်ခြင်းကို ဆောင်ရွက်ကြရပါမည်။ ထိုသို့စီမံချက်ကျေးရွာများရွေးချယ်ခြင်းလုပ်ငန်းကို မြို့နယ်ကြက်ခြေနီအသင်းအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကွင်း ဆင်းအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် အဓိကလုပ်ဆောင်ရန် လိုအပ်ပါသည်။ ထို့အပြင်လူထု အခြေပြုစီမံချက် ဖြစ်သည့်အားလျော်စွာ ရပ်ရွာလူထု၏ စီမံချက်အပေါ်ထားရှိသည့်သဘောထားကို ကောက်ခံ၍အကောင် အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။ ရွေးချယ်ထားသောကျေးရွာ၏ ရပ်ရွာလူထုအနေဖြင့် စီမံချက်အ ပေါ်စိတ်ဝင်စားမှု မရှိပါက အခြားသောကျေးရွာလူထုကို ပြောင်းလဲရွေးချယ်ရန်လိုအပ်ပါသည်။

**ဇယား ၇**
**ကျေးရွာ / ကျေးရွာအုပ်စု ရွေးချယ်ခြင်း**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| သတ်မှတ်ထားသောမြို့နယ် တွင်းရှိ သဘာဝ ဘေးအန္တရာယ် ဒဏ်အများဆုံးခံ ရသော ကျေးရွာ / ကျေးရွာအုပ်စု များကိုရွေးချယ် ခြင်း။ | ၁။ မြို့နယ်အဆင့် အုပ်ချုပ်ရေးတာဝန် ရှိသူများ၊ကြက်ခြေနီအသင်းအမှုဆောင် အဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်းခြင်း<br>၂။ ကနဦးလေ့လာ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစားများ<br>၃။ နောက်ဆုံးအဆင့်ရွေးချယ်ခြင်း | ကနဦးလေ့လာ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာရေး သားခြင်း – ကွင်း ဆင်းအရာရှိနှင့် ရွေးချယ်လေ့ကျင့်ထားသော စေတနာ့ဝန်ထမ်း ကြက်ခြေနီလူငယ်များ။<br>ဆွေးနွေးညှိနှိုင်း ခြင်းနှင့် နောက်ဆုံး အဆင့်ရွေးချယ် ဆောင်ရွက်ရာတွင် ပံ့ပိုးခြင်း – စီမံချက်ညှိနှိုင်းရေး မှူးနှင့် ကွင်းဆင်း အရာရှိ | ပဏာမရွေးချယ် ထားသော ကျေးရွာအုပ်စုများ စာရင်း<br>ကနဦးလေ့လာ ဆန်းစစ်ချက် အစီရင်ခံစာ<br>ရွေးချယ်ထားသောကျေးရွာများ စာရင်း | ကနဦးလေ့လာ ဆန်းစစ်မှုပုံစံ<br>အခြားသောဌာန များမှ ကောက်ခံ ရရှိသော သတင်း အချက်အလက်များ |

## ၂.၄။ ကျောင်းများရွေးချယ်ခြင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံချက်များ ဆောင်ရွက်ရာတွင် အကောင်အထည်ဖော်မည့် စီမံချက်ပေါ်မူတည်၍ ကျောင်းအဆင့်ရွေးချယ်ရာတွင် အနည်းငယ်ကွဲပြားခြားနားမှုရှိပါသည်။ ကျောင်းများရွေးချယ်ရာတွင် ရွေးချယ်ရေးနည်းလမ်း (၂)သွယ်ရှိ သည်။ ပထမနည်းလမ်းမှာ ရွေးချယ်ထားသောကျေးရွာအတွင်းရှိ ကျောင်းအချို့ကိုသာ စီမံချက်နယ်မြေအဖြစ်သတ်မှတ်ရွေးချယ်ပြီးဆောင်ရွက်ရန်ဖြစ်သည်။ ဒုတိယနည်းလမ်းမှာ သတ်မှတ်ရွေးချယ်ထား သော နယ်မြေဒေသအတွင်းရှိ ကျောင်းအားလုံးတွင် စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ် သည်။ ထိုကဲ့သို့ နည်းလမ်းရွေးချယ်ရာတွင် စီမံချက်ရှိအရင်းအမြစ်များ လုံလောက်မှုနှင့် ရွေးချယ်ထားသော နယ်မြေဒေသ၏ အကျယ်အဝန်းကိုထည့်သွင်းစဉ်းစား၍ စီမံချက်လုပ်ဆောင်မည့်ကျောင်းအရေအတွက်ကို ရွေးချယ်သင့်ပါသည်။ နည်းလမ်း တစ်ခုချင်းစီတွင်ပါဝင်သော အသေးစိတ်လုပ်ဆောင်ရမည့် လုပ်ငန်းများကို အောက်တွင်ဖော်ပြထားပါသည်။

**အကွက် ၆**
**ကျောင်းအဆင့်ရွေးချယ်မှုသတ်မှတ်ချက်**

- ကျရောက်နိုင်သောအန္တရာယ်အဆင့် – သဘာဝဘေးဒဏ်အများဆုံးခံရသောကျောင်းများ။
- ကျောင်းအဆောက်အဦးပုံစံနှင့်အခြေအနေ – တည်ဆောက်မှုပုံစံအားနည်းပြီး ဘေးအန္တရာယ်ကျရောက်နိုင်သောကျောင်းများ။
- ရပ်ရွာလူထုနှင့်ပူးပေါင်းဆောင်ရွက်မှုအတိုင်းအတာ – ရပ်ရွာလူထုမှ ပံ့ပိုးကူညီမှုအားနည်းသောကျောင်းများအနေဖြင့် ဘေးအန္တရာယ်ဒဏ်ကို ပိုမိုပြင်းထန်စွာခံစားရလေ့ရှိသည်။
- အသိပညာပေးမှုအတိုင်းအတာ – ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာလုပ်ငန်းစဉ်များဆောင်ရွက်မှု မရှိသေးသောကျောင်းများ။

**ကျောင်းတွင်းသဘာဝဘေး အန္တရာယ်ကျရောက်နိုင်မှုလေ့လာဆန်းစစ်ချက်** ကျောင်းများ၌ ဘေးအန္တရာယ်ကျရောက်မှုလေ့လာဆန်းစစ်ချက်ပြုလုပ်ရာတွင် သက်ဆိုင် ရာမြို့ နယ်ပညာရေးမှူးမှတဆင့် သတ်မှတ်ထားသောပုံစံဖြင့် ကောက်ယူစုဆောင်းရန်လိုအပ်ပါသည်။ အဆိုပါလေ့လာဆန်းစစ်မှုတွင် အဓိကအားဖြင့် ကျောင်းတစ်ကျောင်းစီ၌ ကျရောက်နိုင်သောဘေးအန္တရာယ် အမျိုးအစား၊ ကျောင်းတွင်းရှိအဆောက်အအုံအမျိုးအစားများ၊ ဘေးအန္တရာယ်ကျရောက်ဖူးခြင်းရှိ/ မရှိ၊ ကြို တင်ပြင်ဆင်ထားရှိမှုအတိုင်းအတာ၊ ကြိုတင်ပြင်ဆင်မှုအစီအစဉ်၊ ယာယီပြောင်းအရွှေ့စာသင်ကြားနိုင် သောနေရာ ရှိ /မရှိ၊ ရပ်ရွာမှ ပံ့ပိုးကူညီမှု၊ ကျောင်းသား/ကျောင်းသူများအား ဘေးအန္တရာယ်နှင့်ပတ်သက် သောအသိပညာများ တိုးတက်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ခဲ့သော/ဆောင်ရွက်နေဆဲ/ဆောင်ရွက်နေသည့် အစီအစဉ်များရှိ/မရှိ စသည်တို့ကို အလေးထား၍ ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ ဖြည့်စွက်ပြီးသောပုံစံများကို သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးမှတဆင့် ပြန်လည်ကောက်ခံရန်လိုအပ်ပါသည်။

**ဦးတည်ကျောင်းများရွေးချယ်ခြင်း** နောက်ဆုံးအဆင့် ဦးတည်ကျောင်းများရွေးချယ်ခြင်းကို သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးနှင့်ကြက်ခြေနီအမှုဆောင်အဖွဲ့ဝင်များပူးပေါင်း၍ ဆုံးဖြတ်ကြရပါမည်။ ထိုသို့ ရွေးချယ်ရာတွင် သတ်မှတ် ထားသောစံသတ်မှတ်ချက်များပေါ်မူတည်၍ အမှတ်ပေးစနစ်ဖြင့် ရွေးချယ်ဆုံးဖြတ်ရန်လိုအပ်ပါသည်။

**ကျောင်းများ၌စီမံချက်အကြောင်းရှင်းလင်းတင်ပြခြင်း။** ။ ကျေးရွာများ၌ စီမံချက်အကြောင်းရှင်းလင်း ပြောကြားသကဲ့သို့ ပင် စီမံချက်နယ်မြေအဖြစ်ရွေးချယ်ထားသောကျောင်းများ၌ စီမံချက်မှအကောင်အထည် ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းတင်ပြရန် လိုအပ်ပါသည်။ သို ့မှသာရပ်ရွာလူထု မှ စီမံချက်အပေါ်စိတ်ဝင်စားမှုရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်စဉ် ပံ့ပိုးကူညီလုပ်ဆောင်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

**ဇယား ၈**
**ကျောင်းအဆင့်ရွေးချယ်ခြင်း (အကျဉ်းချုပ်)**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| မြို့နယ်(သို့) ကျေးရွာအတွင်းရှိ ဘေးအန္တရာယ်အများဆုံးခံရသော ကျောင်းများကိုရွေးချယ်သတ်မှတ်ရန်။ | နည်းလမ်း (၁)<br>၁. ကျောင်းဘေးအန္တရာယ်ကျရောက်နိုင်မှုလေ့လာဆန်းစစ်ခြင်း။<br>၂. မြို့နယ်ပညာရေးမှူးနှင့်ကြက်ခြေနီအမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းမှု ပြုလုပ်ခြင်း။<br>၃. ရွေးချယ်ထားသောကျောင်းများတွင် စီမံချက်အကြောင်းရှင်းလင်းပြောကြားခြင်း။<br><br>နည်းလမ်း (၂)<br>၁. ရွေးချယ်ထားသော ကျေးရွာ/ ကျေးရွာအုပ်စုတွင်းရှိကျောင်းအားလုံး၌စီမံချက်အကြောင်းရှင်းလင်းပြောကြားခြင်း။ | နည်းလမ်း (၁)<br>လေ့လာဆန်းစစ်မှုပုံစံများဖြန့်ဝေခြင်းနှင့်လေ့လာသုံးသပ်ခြင်း–မြို့နယ်ပညာရေးမှူး<br><br>ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ရာတွင် ပံ့ပိုး ကူညီခြင်းနှင့် နောက်ဆုံးဆုံးဖြတ်ချက်ချမှတ်ခြင်း – စီမံချက်ညှိနှိုင်းရေးမှူး၊ စီမံချက်ကွင်းဆင်းအရာရှိနှင့်မြို့နယ်ပညာရေးမှူး<br><br>နည်းလမ်း (၂)<br>စီမံချက်အကြောင်းရှင်းလင်းပြောကြား ခြင်း – စီမံချက် ညှိနှိုင်းရေးမှူး၊ စီမံ ချက်ကွင်းဆင်းအရာရှိနှင့် မြို့နယ်ပညာရေးမှူး | နည်းလမ်း (၁)<br>သဘာဝဘေးအန္တရယ်ကျရောက် နိုင်မှု လေ့လာ ဆန်းစစ်ချက် အစီရင်ခံစာ<br><br>ရွေးချယ်ထားသောကျောင်းများ စာရင်း<br><br>နည်းလမ်း (၂)<br>ရွေးချယ်ထားသောကျောင်းများစာရင်း | လေ့လာဆန်းစစ် မှုပုံစံ |

## စိန်ခေါ်မှုများ။

**ယေဘုယျသဘောတူညီမှုရရှိစေခြင်း** ဘေးအန္တရာယ်ကျရောက်မှု ဖြစ်နိုင်ချေများသော နယ်မြေဒေသကိုသာရွေးချယ်ကြောင်းနှင့် မျှတစွာ ရွေးချယ်ကြောင်းကို သိရှိနိုင်စေရန် ရပ်ရွာလူထုအား စီမံချက်နယ်မြေရွေးချယ်မှုနှင့်ပက်သက်ပြီးဆွေးနွေးပြောကြားရန် နှင့် ၄င်းတို ့ထံမှ သဘောတူညီမှုရရှိရန် အဓိကလိုအပ်သည်။ ထို ့ကြောင့် စီမံချက်နယ်မြေရွေးချယ်မှု လုပ်ငန်း စဉ်တလျှောက်လုံးတွင် သက်ဆိုင်ရာပုဂ္ဂိုလ်အားလုံး ပါဝင် ဆောင်ရွက်ရန်လိုအပ်ပြီး ၄င်းတို ့၏အကြံပြုချက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ထို ့ ကြောင့်လုပ်ငန်းစဉ်(၁)– ရပ်ရွာလူထုနှင့် တွေ ့ဆုံညှိနှိုင်းခြင်းအဆင့်တွင် ဖော်ပြထားသည့်အတိုင်း စီမံချက်နှင့်သက်ဆိုင်သော ပုဂ္ဂိုလ်များထံသို ့ စီမံချက်နယ်မြေရွေးချယ်မှု နှင့် ပက်သက်သောအချက် အလက်များနှင့် လုပ်ငန်းစဉ်တိုးတက်မှုတို ့ကိုအသိပေးအကြောင်းကြားရန် လိုအပ်ပါသည်။

**ရှင်းလင်းမြင်သာမှုရှိစေခြင်း။** စီမံချက်နယ်မြေရွေးချယ်မှုနှင့်ပက်သက်၍ အဓိကအရေးအကြီးဆုံးမှာ ပွင့်လင်းမြင်သာမှုရှိစေရန် နှင့် ရွေးချယ်ရာတွင်ဘက်လိုက်မှု မရှိစေရေးတို ့ပင်ဖြစ်သည်။ စီမံချက်အဖွဲ ့အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း တွေ ့ကြုံရသောအခက်အခဲများ၊ လုပ်ငန်းစဉ်တိုးတက်မှုကို နှောင့်နှေး စေမည့်အဟန့်အတားများ(သွားလားရေးခက်ခဲခြင်း) စသောအချက်အလက်များကို သေချာစွာမှတ်တမ်း ပြုစုထားပြီး နောင်တွင်အတွေ့အကြုံစိန်ခေါ်မှုများအဖြစ် လေ့လာနိုင်မည်ဖြစ်သည်။

**မလိုလားအပ်သောကြန် ့ကြာမှုများကို ရှောင်ရှားခြင်း။** ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်ဆံရာတွင် ၄င်းတို့၏များပြားလှသောရှုံးလုပ်ငန်းစဉ်များ ကြောင့်ရပ်ရွာလူထုရွေးချယ်ခြင်း ကိစ္စရပ်များတွင် နှောင့်နှေးကြန် ့ကြာနိုင်ပါသည်။ တစ်ခါတစ်ရံတွင် စီမံ ချက်နယ်မြေရွေးချယ်မှု ပြုလုပ်ရာတွင် သက်ဆိုင်ရာမှအတည်ပြုစာထုတ်ပြန်ရာ၌ ကြန် ့ကြာမှုကြောင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်

နှောင့်နှေးမှုများကြုံတွေ့ရလေ့ရှိပါသည်။ ထို့ကြောင့် စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကနဦးအစ၌ပင် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေး တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွာရန်လိုအပ်ပြီး ရပ်ရွာလူထုနှင့်လည်း ယုံကြည်မှုတည်ဆောက်ရန် လိုအပ်ပါသည်။ ထိုသို့ပြုလုပ်စေကာမူ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာအဖွဲ့ဝင်များ၊ နောက်ဆုံးအဆင့်စီမံချက်နယ်မြေရွေးချယ်မှုတွေ့ဆုံဆွေးနွေးရာတွင် ၄င်းတို့၏ မအားလပ်မှုများကြောင့် စည်းဝေးပွဲများ မကြာခဏရွှေ့ဆိုင်းရခြင်းများကြောင့် စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများကို မကြာခဏကြုံတွေ့ရလေ့ရှိသည်။ သို့ပါသောကြောင့် ထိုကဲ့သို့သော ဖြစ်စဉ်များကို ရှောင်ရှားနိုင်ရန် စီမံချက်အကြောင်းရှင်းလင်းတင်ပြခြင်းနှင့် စီမံချက်နယ်မြေရွေးချယ်ခြင်းတို့ကို တပြိုင်နက်ထည်းပြုလုပ်သင့်ပြီး သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူများနှင့် စည်းဝေးပွဲများပြုလုပ် ခြင်းကို တတ်နိုင်သမျှနည်းအောင် ပြုလုပ်ဆောင်ရွက်သင့်ပါသည်။ သို့မှသာ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများကို ကျော်လွှားနိုင်မည်ဖြစ်သည်။

**ကျေးရွာအခြေပြုနှင့် ကျောင်းအခြေပြုလုပ်ငန်းစဉ်များအား ချိတ်ဆက်ဆောင်ရွက်ခြင်း။** စီမံချက်များဆောင်ရွက်ရာတွင် တတ်နိုင်သမျှ ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြုလုပ်ငန်းစဉ်များ ကို ချိတ်ဆက်၍ ပြုလုပ်ရပါမည်။ ထိုသို့ချိတ်ဆက်ဆောင်ရွက်မှုအဆင်ပြေချောမွေ့စေရန် အဓိက ကျသောအချက်မှာ စီမံချက်နယ်မြေအဖြစ်ရွေးချယ်ထားသော ကျေးရွာ/ကျေးရွာအုပ်စုများရှိ ကျောင်းများ၌ ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်သည်။ စီမံချက်များအကြောင်း စည်းရုံးလှုံ့ဆော်ရာ၌ မြန်မာနိုင်ငံကြက်ခြေနီ အသင်းအနေဖြင့် ကျောင်းသားကျောင်းသူများသည် ၄င်းတို့သိရှိထားသော သဘာဝဘေးအန္တရာယ်နှင့် ကြိုတင်ပြင်ဆင်မှုအကြောင်းသိကောင်းစရာများကို ၄င်းတို့၏မိသားစုနှင့် ပတ်ဝန်းကျင်ကိုဖြန့်ဝေရာ၌ ပိုမိုတက်ကြွစွာဆောင်ရွက်လေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**သဘာဝဘေးအန္တရာယ်များ၏ သမိုင်းမှတ်တမ်းစုဆောင်းခြင်း။** စီမံချက်မှ ရရှိရန်လိုအပ်သော သဘာဝဘေးအန္တရာယ်နှင့်သက်ဆိုင်သည့် အစိုးရမှတရားဝင်ထုတ် ပြန်ထားသော သတင်းအချက်အလက်များနှင့် ကိန်းဂဏန်းများသည် သက်ဆိုင်ရာဌာနအသီးသီး၌ပြန့်ကြဲလျက်ရှိသည်။ သို့ပါသောကြောင့် လိုအပ်သောအချက်အလက်များ ပြည့်စုံစွာရရှိရန်အတွက် သက်ဆိုင် ရာဌာနအသီးသီးနှင့်ဆက်သွယ်၍ ၄င်းတို့ထံမှ အချက်အလက်များတောင်းခံရန် လိုအပ်ပါသည်။ ထိုသို့ ပြုလုပ်ခြင်းကြောင့် အချိန်ကုန်ကြန့်ကြမှုများရှိသော်လည်း နောင်တွင်လိုအပ်သောအချက်အလက် တစ်စုံ တစ်ရာမကျန်ရှိစေရန် အထောက်အကူပြုပါသည်။ ထို့ပြင် ကြက်ခြေနီလုပ်အားပေး စေတနာရှင်လူငယ်များအား ၄င်းတို့ရပ်ရွာတွင် ဖြစ်ပေါ်လေ့ရှိသော ဘေးအန္တရာယ်များကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့ လာစေရန် သင်ကြားပြသပေးထားရမည်ဖြစ်သည်။ သို့မှသာ ဘေးအန္တရာယ်နှင့်ပတ်သက်သော သမိုင်းကြောင်းအထောက်အထားများကို လွယ်လင့်တကူပြုစုနိုင်မည်ဖြစ်သည်။

## အခြားသောဆက်စပ်အကြောင်းအရာများ။

ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဖောက်ပြန်မှုတို့သည် ကျွန်ုပ်တို့၏အနာဂတ်ကို ခြိမ်းခြောက်နေသော အန္တရာယ်များပင်ဖြစ်သည်။ ထို့ကြောင့် ရွေးချယ်မှုလုပ်ငန်းစဉ်အဆင့်တွင်ပင် ရာသီ ဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတထိန်းသိမ်းမှုဆိုင်ရာ အချက်အလက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ဥပမာအားဖြင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကြောင့် သဘာဝဘေး အန္တရာယ်ကို တစ်စထက်တစ်စပိုမိုဆိုးရွားစွာ ခံစားရဖွယ်ဖြစ်နိုင်ခြေများသော တိုင်း/ပြည်နယ်တို့တွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးစီမံချက်များ ဝင်ရောက်အကောင်အထည်ဖော်ပါက အဆိုပါဒေသအ တွက်အကျိုးများမည်ဖြစ်သည်။ ထို့ပြင် ဆိုးရွားသောရာသီဥတု ပတ်ဝန်းကျင်ရှိသည့် နယ်မြေဒေသများ တွင် စီမံချက်မှဆောင်ရွက်သော လုပ်ငန်းစဉ်များကြောင့် အခြေအနေပို မိုဆိုးရွားမှုမရှိစေရန် စီမံချက်မစ တင်မီ ကနဦးသတင်းအချက်အလက်ကောက်ယူချိန်ကတည်းကပင် ရပ်ရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သော အချက်အလက်များကို သတိပြု၍ကောက်ယူရန်လိုအပ်ပါသည်။

## လက်တွေ့လုပ်ငန်းခွင် ဥပမာ။

**ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်းရှိကျေးရွာများအား ရွေးချယ်ခြင်း (ဒီအာအာစီမံချက် – ဩဂုတ်လ ၂၀၁၁)**
မြို့နယ်အဆင့်စီမံချက်နယ်မြေရွေးချယ်ပြီးနောက်တွင် ကျေးရွာအဆင့်ရွေးချယ်ခြင်းလုပ်ငန်းစဉ်ကို

စတင်ဆောက်ရွက်ရပါသည်။ ပထမဦးစွာ စီမံချက်မှ ချမှတ်ထားသော ကျေးရွာအဆင့်ရွေးချယ်မှု ဆိုင်ရာအချက်များပေါ်မူတည်၍ မြို့နယ်အတွင်းရှိ ထိခိုက်ခံရမှုဖြစ်ပွားလွယ်သော ကျေးရွာ(၃၅) ရွာကို ဦးစွာရွေးချယ်ပါသည်။ ထိုသို့ရွေးချယ်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဆိုင်ရာဌာန နှင့် မြို့နယ်ကြက်ခြေနီအသင်း အမှုဆောင်ကော်မတီတို့ပူးပေါင်း၍ မြို့နယ်အဆင့်စီမံချက် အကြောင်း တွေ့ဆုံမှုအစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြု ရွေးချယ်ပါသည်။ ကျေးရွာတစ်ရွာ ချင်းစီတွင် စီမံချက်ညှိနှိုင်းရေးမှူး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်မှဝန်ထမ်း (၃)ဦး၊ စီမံချက်ဝန်ထမ်း (၃)ဦးတို့ပူးပေါင်းပြီး ကနဦးလေ့လာဆန်းစစ်မှုများကို ပြုလုပ်ဆောင်ရွက်သည်။ ထို့ပြင် စေတနာ့ဝန်ထမ်းကြက်ခြေနီလူငယ်များမှလည်း လုပ်ငန်းစဉ်တွင်ပါဝင်ဆောင်ရွက်ခြင်း ဖြင့် ပံ့ပိုးကူညီကြသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ကနဦးလေ့လာဆန်းစစ်မှုအဖွဲ့အနေဖြင့် ကျေးရွာခေါင်းဆောင်များ နှင့်ဦးစွာတွေ့ဆုံပြီး စီမံချက်၏ ရည်ရွယ်ချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားရပါသည်။ ထို့နောက် ရပ်ရွာတာဝန်ရှိသူ များနှင့် ဆွေးနွေးတိုင်ပင်၍ ရွာသူရွာသား (၇)ဦးခန့်ကို ရွေးချယ်ကာ ကနဦးလေ့လာဆန်းစစ်မှု ဆိုင်ရာအချက်အလက်များကို ဖြည့်စွက်စေပါသည်။ ထိုကဲ့သို့ အချက်အလက်ကောက်ယူမှုကို ကျေးရွာပေါင်း (၃၅)ရွာတွင် ဆောင်ရွက်ပြီးသောအခါ ရရှိလာသောအချက်အလက်များကို စာရင်း သွင်း၍ လေ့လာသုံးသပ်မှု ပြုလုပ်စေသည်။ ထိုသုံးသပ်မှုရလဒ်များပေါ်တွင်မူတည်၍ စကာတင် ကျေးရွာ (၁၅)ရွာကို ထပ်မံရွေးချယ်စေသည်။ ထို(၁၅)ရွာထဲတွင် လေ့လာသုံးသပ်မှုအရ ရလဒ် တူညီနေသော ကျေးရွာ (၂)ရွာရှိရာ အဆိုပါကျေးရွာ (၂)ရွာမှ သဘာဝဘေးအန္တရာယ်ပိုမိုကျ ရောက်လွယ်နိုင်သော အနေအထားရှိမှုနှင့် စီမံချက်အပေါ်စိတ်ပါဝင်စားမှုအားကောင်းသော ကျေးရွာကို ဦးစားပေးရွေးချယ်ခဲ့သည်။ မိုးညိုမြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးရုံး၏တောင်းဆို ချက်အရ အခြားသောကျေးရွာများထဲတွင်လည်း လေ့လာဆန်းစစ်မှုစစ်တမ်းများကို ထပ်မံကောက် ခံပေးခဲ့ရပါသည်။ ထိုသို့ပြုလုပ်ရာတွင်လည်း လိုအပ်သောအချက်အလက်များကို မြို့နယ်အုပ် ချုပ်ရေးမှူးရုံးမှ ပံ့ပိုးမှုများ ပြုလုပ်ပေးရပါသည်။

လေ့လာဆန်းစစ်မှုမှ ရရှိလာသောအချက်အလက်များနှင့် သုံးသပ်မှုများကို အစီရင်ခံစာအဖြစ် ရေးသား၍ ကျေးရွာရွေးချယ်မှုနောက်ဆုံးအဆင့်ပြုလုပ် ရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ရုံးချုပ်သို့ ပေးပို့ပါသည်။ ရုံးချုပ်မှ နောက်ဆုံးအဆင့်ရွေးချယ်မှုပြုလုပ်ပြီးနောက် မြို့နယ်အုပ် ချုပ်ရေးမှူးရုံးနှင့် မြို့နယ်ကြက်ခြေနီအသင်းအမှုဆောင်အဖွဲ့ဝင်များထံသို့ အသိပေးအကြောင်း ကြားပါသည်။ ရွေးချယ်မှုကိုအားလုံးသဘောတူပါက မိုးညိုမြို့နယ်တွင် စီမံချက်ရုံးဖွင့်လှစ်၍ လုပ်ငန်းစဉ်များကို စတင်အကောင်အထည်ဖော်ဆောင်ရွက်စေသည်။ မိုးညိုဒေသတွင် စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရန် စုစုပေါင်းကျေးရွာ (၁၅)ရွာကို ရွေးချယ်ခဲ့သည်။

**မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကြက်ခြေနီအသင်းရုံးခွဲ၏ စွမ်းဆောင်ရည်အကဲဖြတ်မှု (ကျန်းမာရေးစီမံချက် – ဇန်နဝါရီ ၂၀၁၁)**

ရုံးခွဲ၏ စွမ်းဆောင်ရည်အကဲဖြတ်ခြင်းကို မြို့နယ်ကြက်ခြေနီအသင်း အမှုဆောင်အဖွဲ့ဝင်များ၊မြန်မာနိုင်ငံကြက်ခြေနီအသင်း ရုံးချုပ်ရှိအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဌာနမှ ဝန်ထမ်း (၁)ဦးနှင့် မြို့နယ်ကြက်ခြေနီအသင်း ဒုဦးစီးမှူးတို့ပူးပေါင်း၍ စီစဉ်ဆောင်ရွက်သည်။ အကဲဖြတ် ခြင်းကို အပိုင်း(၄)ပိုင်း – လူသားအရင်းအမြစ်၊ စေတနာ့ဝန်ထမ်းကြက်ခြေနီလုပ်အားရှင်များ၏ ကျွမ်းကျင်မှု၊ ဘဏ္ဍာရေးနှင့် ပစ္စည်းများစီမံခန့်ခွဲမှုဟူ၍ သီးခြားခွဲကာ ဆောင်ရွက်စေသည်။ ဥပမာအားဖြင့် မြို့နယ်တွင် တက်ကြွစွာပါဝင်ဆောင်ရွက်သည့် စေတနာလုပ်အားရှင်ဦးရေ၊ ရုံးခွဲကို မည်သို့စီမံဆောင်ရွက်ထားရှိသနည်း နှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ရုံးခွဲအား အာမခံထားရှိခြင်းရှိ၊ မရှိ အစရှိသောမေးခွန်း မေးမြန်း၍ စစ်ဆေးမှုများကို ပြုလုပ်ရ သည်။ အဆိုပါရလဒ်များပေါ်မူတည်၍ မြို့နယ်ကြက်ခြေနီအသင်းရုံးခွဲများ၏အဆင့်ကို သတ်မှတ် စေသည်။ အဆင့်သတ်မှတ်ရာတွင် အဆင့် "အေ" မှ "ဒီ" အထိထားရှိပြီး "အေ" အဆင့်သည် အကောင်းဆုံးဖြစ်သည်။ မိုးကုတ်မြို့နယ် ကြက်ခြေနီအသင်းရုံးခွဲအနေဖြင့် ဆန်းစစ်မှုရလဒ်များ အရ "အေ"အဆင့်ရရှိရာ ရုံးခွဲအနေဖြင့် လုပ်ငန်းစဉ်များကို ထိရောက်စွာဆောင်ရွက် နိုင်သည်ဟု သတ်မှတ်နိုင်သည်။ တစ်ချိန်ထည်းမှာပင် မိုးကုတ်မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်တစ်ခု အကောင်အထည်ဖော်လျက်ရှိရာ အဆိုပါစီမံချက်မှလည်း အသင်းရုံးခွဲ စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်ကိုပါ ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းစဉ်
၃

# ကြက်ခြေနီစေတနာ့ဝန်ထမ်းလုပ်အားရှင်နှင့်ရပ်ရွာလူထုအားစည်းရုံးလှုံ့ဆော်ခြင်း။

ဤဘေးအန္တရာယ်လျော့ပါးရေးစီမံချက်သည် ရပ်ရွာအခြေပြု စီမံချက်ဖြစ်သည့်အားလျော် စွာ နယ်ပယ်စုံမှ သက်ဆိုင်ရာပုဂ္ဂိုလ်များအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းစဉ်အသီးသီးတွင် ပါဝင်ဆောင် ရွက်ကြသည်။ ကျေးရွာအဆင့်တွင် ရပ်ရွာလူထု၊ သက်ဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိသူများ၊ ကြက်ခြေနီ စေတနာ့ဝန်ထမ်းလုပ်အားရှင်များနှင့် ကျောင်းအဆင့်တွင် ကျောင်းသား/သူများနှင့် ဆရာ၊ ဆရာမများ ပါဝင်ကြသည်။ ထို့ကြောင့် ၄င်းတို့၏ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာစေရန်နှင့် ရပ်ရွာ လူထုအားသက်ဆိုင်ရာလုပ်ငန်းများဖြစ်သော ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှု၊ လျော့ပါးသက်သာ စေရေးနှင့် ပြန်လည်ထူတောင်ရေး လုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့ငယ်များဖွဲ့စည်း၍ စီမံ ဆောင်ရွက်ရမည်ဖြစ်သည်။ ရပ်ရွာလူထုနှင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းလုပ်အားရှင်များသည် စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အဓိကဆောင်ရွက်သူများဖြစ်ပြီး စီမံချက်လုပ်ငန်းစဉ် (၉)ဆင့်တိုင်း တွင်ပါဝင်သူများဖြစ်သည့်အားလျော်စွာ ၄င်းတို့ကို စီမံချက်မစတင်မီ အစောပိုင်းကာလများမှပင် စည်းရုံး လှုံ့ဆော်မှုပြုလုပ်ရန်လိုအပ်သည်။

ဘေးအန္တရာယ်ကျရောက်ပါက ပထမဆုံးကြုံတွေ့ခံစားရမည့်သူများမှာ အဆိုပါဒေသတွင် နေထိုင်သော ရပ်ရွာလူထုပင်ဖြစ်သည်။ ထို့အပြင် ၄င်းတို့အနေဖြင့် မိမိတို့ဒေသ၏အနေအထား၊ ဘေးအန္တ ရာယ်ကြုံတွေ့မှုအခြေအနေ၊ ထိခိုက်လွယ်နိုင်သောအုပ်စုနှင့်နေရာ တို့ကို အခြားသောပြင်ပပုဂ္ဂိုလ်များထက် သိရှိနားလည်သည့်အားလျော်စွာ ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင်ပါဝင်ခြင်းဖြင့် စီမံချက်အကောင်အထည်ဖော်မှု ပိုမိုထိရောက်မည်ဖြစ်သည်။ ထို့ကြောင့်၄င်းတို့အား လိုအပ်သောစွမ်းရည် များသင်ကြားပို့ချပေးခြင်းနှင့် သက်ဆိုင်ရာလု ပ်ငန်းကျွမ်းကျင်မှုများ ပံ့ပိုးကူညီပေးရန်လိုအပ်ပါသည်။

ကျောင်းများတွင် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းစဉ်များဆောင်ရွက်မှုကြောင့် မျိုးဆက်သစ် ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် အသိပညာ ဗဟုသုတများရရှိရုံသာမကလက်တွေ့ ဘေးအန္တရ ာယ်လျော့ပါးရေးဆိုင်ရာ ကိစ္စရပ်များတွင်ပါ ဝင်ကူညီဆောင်ရွက်နိုင်မည်ဖြ စ်သည်။ ထို့ပြင် ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ ဆရာမများအနေဖြင့် ၄င်းတို့သိရှိထားသော အသိပညာဗဟုသုတများ ကို ရပ်ရွာလူထုသို့ ပြန်လည်ဖြန့်ဝေပေးခြင်းဖြင့် ဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ အသိပညာများ၊ လုပ်င န်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေမည် ဖြစ်သည်။

**အကွက် ၇**
**ရပ်ရွာလူထုအားစည်းရုံးလှုံ့ဆော်ခြင်း။**

လက်တွေ့နေရာတွင် အဓိက စိတ်ဝင်စားပတ်သက်သူများဖြစ်သည့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၊ ရပ်ရွာလူထုအဖွဲ့ဝင်များ၊ ဆရာ/မများ၊ ကျောင်းသား/သူများ စသူတို့ကို စည်းရုံးခြင်းဖြင့် သူတို့သည် သူတို့၏ကိုယ်ပိုင် ဆုံးရှုံးနိုင်ခြေနှင့် စွမ်းဆောင်ရည်များကို ဆန်းစစ်လေ့လာခြင်း၊ အစီအစဉ်ရေးဆွဲခြင်းနှင့် ဘေးအန္တရာယ်လျှော့ချရေး လုပ်ဆောင်ချက်များကို စီမံကိန်း၏ အဓိကပုဂ္ဂိုလ်များနှင့် အဆင့်အမျိုးမျိုးရှိ အာဏာပိုင်များနှင့်အတူ အကောင်အထည်ဖော်လုပ်ဆောင်ရာတွင် တက်ကြွစွာ ပါဝင်နိုင်ကြသည်။ လက်တွေ့လုပ်ဆောင်သောအဖွဲ့များကို ကျေးရွာ/မြို့နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏အမိုးအောက်တွင် ခွဲဝေသတ်မှတ်ထားသော လုပ်ငန်းနယ်ပယ်များဖြစ်သည့် သက်သာစေရေး၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ ကျန်းမာရေး၊ အသိအမြင်ဖွင့်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်သတိပေးခြင်း၊ လျော့ပါးသက်သာစေခြင်း စသည့်တို့အလိုက် အဖွဲ့များ ဖွဲ့စည်းနိုင်သည်။

ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများမစတင်မီ စီမံချက်နှင့် ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်းကို သက်ဆိုင်ရာပုဂ္ဂိုလ်များဖြစ်သော မြို့နယ်ကြက်ခြေနီအမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ သတ်မှတ်ထားသောကျေးရွာများမှ ရပ်ရွာခေါင်းဆောင်များ၊ ကြက်ခြေ နီစေတနာ့ဝန်ထမ်းလုပ်အားရှင်များ၊ ကျောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ရှင်းလင်းပြောကြားမှုကို ဦးစွာပြု လုပ်ရမည်ဖြစ်သည်။ အဆိုပါတွေ့ဆုံဆွေးနွေးမှုတွင် သက်ဆိုင်ရာပုဂ္ဂိုလ်အားလုံး တက်ရောက်ပါဝင်နိုင်ရန် နေ့ရက်နှင့် အချိန်ကို သေချာစွာရေးချယ်သင့်သည်။

## ၃.၁။ ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း။

ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာလုပ်ငန်းစဉ်များကို ရပ်ရွာအတွင်းထိရောက်စွာဆောင် ရွက်နိုင်ရန် သီးခြားကော်မတီ (သို့) သီးခြားအဖွဲ့ ဖွဲ့စည်းရန်လိုအပ်သည်။ အဆိုပါအဖွဲ့အနေဖြင့် မြန်မာ နိုင်ငံကြက်ခြေနီအသင်း စီမံချက်ဝန်ထမ်းများနှင့် ရပ်ရွာလူထုများအကြားချိတ်ဆက်၍ ကြားခံဆောင်ရွက် ပေးရမည်ဖြစ်သည်။ ထို့ကြောင့် ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ရပ်ရွာလူထုအား သက် ဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုရှိရန် စည်းရုံးလှုံ့ဆော်မှုပြုရမည်ဖြစ်ပြီး အချို့သောနေရာများ တွင် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်သည်။

**အကွက် ၈**
**ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ဆောင်ရန်တာဝန်များ။**

- မြို့နယ်ကြက်ခြေနီအသင်း၏ ပံ့ပိုးကူညီမှုဖြင့် ကဏ္ဍစုံလေ့လာဆန်းစစ်မှုပြုလုပ်ရန်။
- ကယ်ဆယ်ရေး၊ ကူညီရှာဖွေရေးနှင့် ကြိုတင်သတိပေးလှုံ့ဆော်ရေး၊ ဘေးအန္တရာယ်လျော့ချရေး၊ ပြင်ဆင်ရေး၊ ကျန်းမာရေးနှင့် ရှေးဦးသူနာပြုစုခြင်း စသောလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အဖွဲ့ငယ်များ ဖွဲ့စည်းခြင်း။
- ရပ်ရွာမှလုပ်ဆောင်ရမည့်အစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းကို ဦးဆောင်ခြင်း။
- အရေးပေါ်အခြေအနေတွင် လွတ်မြောက်ရာလမ်းကြောင်းနှင့် ဘေးကင်းလုံခြုံမှုရှိသောနေရာများကို ကြိုတင်ရှာဖွေသတ်မှတ်ထားရန်။
- ကျေးရွာအဆင့် ကြိုတင်သတိပေးစနစ်များ တပ်ဆင်ဆောင်ရွက်ထားရန်။
- လုပ်ဆောင်ရန်အစီအစဉ်ပါ ဘေးအန္တရာယ်လျော့ချရေးနှင့် ပြင်ဆင်ရေးလုပ်ငန်းများကို အကောင်အ ထည်ဖော်ဆောင်ရွက်ရန်။
- မြို့နယ်ကြက်ခြေနီအသင်း ရုံးခွဲနှင့်ပူးပေါင်း၍ ကဏ္ဍစုံလေ့လာဆန်းစစ်မှုအစီရင်ခံစားအား အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် ပြန်လည်သုံးသပ်မွမ်းမံခြင်း။
- ရပ်ရွာအတွင်းဖြစ်ပေါ်သော ဘေးအန္တရာယ်နှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို မြို့နယ်ကြက်ခြေနီရုံးခွဲ သို့ပုံမှန်အကြောင်းကြားရန်။

ကိုးကားချက် – မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးစီမံချက် အကောင်အထည ဖော်ဆောင်ရွက်ခြင်း လမ်းညွှန် (၂၀၀၉)

အကယ်၍ ရပ်ရွာအတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကဲ့သို့ အလားတူအဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်ပါက အဖွဲ့သစ်ထပ်မံဖွဲ့စည်းခြင်းမပြုဘဲ ရှိပြီးသားအဖွဲ့ကိုပင် ဘေးအန္တရာယ်စီမံခန့်ခွဲမှု နှင့်သက်ဆိုင်သောလုပ်ငန်းများကို ပူးတွဲလုပ်ဆောင်စေရန်ဖြစ်သည်။ သို့ရာတွင် ကော်မတီအသစ်ဖွဲ့စည်း မည် (သို့) ရှိပြီးသားအဖွဲ့ကိုသာအသုံးပြုမည်ဆိုသော ဆုံးဖြတ်ချက်ကို ရပ်ရွာလူထုမှသာ ဆုံးဖြတ်ရန် ဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ထိုဆုံးဖြတ်ချက်တွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ ပံ့ပိုးကူညီမှုပြုရန်သာဖြစ်သည်။ ကော်မတီဖွဲ့စည်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဘေးအန္တရာယ်လျော့ချ ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် စိစစ်ကြီးကြပ်ရန်နှင့် စီမံခန့်ခွဲမှုပြုရန်သာ ဖြစ်သည်။

**အကွက် ၉**
**ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတွင် ပါဝင်မည့်အဖွဲ့ဝင်များရွေးချယ်မှုသတ်မှတ်ချက်။**

- လေးစားလိုက်နာတတ်သူများ
- ရပ်ရွာလူထုအကျိုးအတွက်ဆောင်ရွက်တတ်သူများ
- အများနှင့်ဆက်သွယ်ဆောင်ရွက်ရာတွင် လိုအပ်သောကျွမ်းကျင်မှုနှင့် အခြားသောသက်ဆိုင်ရာနယ်ပယ်တွင်ဗဟုသုတရှိသူများ
- တာဝန်ပေးအပ်သည့်ဒေသများသို့သွားလာရန်ဆန္ဒရှိသူများ
- ပရဟိတလုပ်ငန်းများကို စိတ်ဝင်စားပြီး လုပ်ကိုင်ရန်ဆန္ဒရှိသူများ

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်သောစီမံချက်တိုင်းတွင် ဘေးအန္တရာယ်စီမံခန့် ခွဲမှုကော်မတီများကို သက်ဆိုင်ရာ ကျေးရွာ/ ကျေးရွာအုပ်စုနှင့် ကျောင်းတိုင်းတွင် ဖွဲ့စည်းရန်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်လျော့ချရေးအတွက်ရေးဆွဲထားသော လုပ်ငန်းအစီအစဉ်သတ်မှတ် ချက်အရ ကျေးရွာအုပ်စုတိုင်းတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (၂၀၀၉)၏ ကြီးကြပ်မှုဖြင့် ကျေးရွာဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးကော်မတီအား ဖွဲ့စည်းထားရှိစေသည်။ ထို့ပြင် အဆိုပါကော်မတီကို ပံ့ပိုးကူညီရန် ကျေးရွာလိုအပ်ချက်ပေါ်မူတည်၍ ဆပ်ကော်မတီ (၁၀)ခု ဖွဲ့စည်း ဆောင်ရွက်စေသည်။ ထို့ကြောင့် ယခုအခါအဆိုပါကျေးရွာများတွင် စီမံချက်မှ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ ဖွဲ့စည်းမည်ဆိုပါက ရှိနှင့်ပြီးဖြစ်သော ကော်မတီများကိုပါထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ ကော်မတီ၏သက်ဆိုင်ရာအဖွဲ့တင်ပါဝင်မည့်အဖွဲ့ဝင်အရေအတွက်ကိုစဉ်းစားရာတွင်ဆောင်ရွကမည့်လုပ်ငန်းအမျိုးအစား (ကျောင်း / မြို့ပြ / ရပ်ရွာအခြေပြု)၊ ရရှိထားသောပစ္စည်းရင်းမြစ်များ၊ ဆောင်ရွက်ရမည့်ကျောင်း/ ကျေးရွာအရေအတွက် နှင့် အချိန်ကန့်သတ်မှုပေါ်မူတည်၍ ရွေးချယ်ဆုံးဖြတ် ရပါသည်။ စီမံချက်ကာလကြာရှည်ပါက ဆောင်ရွက်ရမည့်လုပ်ငန်းမျ ားပြားပြီး အဖွဲ့ဝင်အရေအတွက် လည်း ပိုမိုလိုအပ်ပါသည်။ ကော်မတီဖွဲ့စည်းစဉ်ကာလတစ်လျှောက်လုံး ကျား/မ အချိုးညီပါဝင်နိုင်စေရန်နှင့် အခြား သော ထိခိုက်လွယ်အုပ်စု (သက်ကြီးရွယ်အို၊ မသန်စွမ်း) များအား အလေးထား၍ ထည့်သွင်းပါဝင်စေ ရမည်ဖြစ်သည်။ မြန်မာနိုင်ငံကြကခြေနီအသင်းမှဆောင်ရွက်သော

စီမံချက်များတွင် ဘေးအန္တရာယ်စီမံခန့် ခွဲမှုကော်မတီ ဖွဲ့စည်းရာ၌ ယေဘုယျအားဖြင့် အမျိုးသမီး (၄၀)% ပါဝင်ဆောင်ရွက်ရန်ဖြစ်သည်။ ထို့ပြင် တွေ့ဆုံညှိနှိုင်းမှုစည်းဝေးပွဲများနှင့် တာဝန်ခွဲဝေမှုဆိုင်ရာသင်တန်းများတွင် ကော်မတီအဖွဲ့ဝင်များအနေဖြင့်ကျား/မ ခွဲခြားရေးဆိုင်ရာကိစ္စရပ်များနှင့် ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ လုပ်ငန်းများ တွင် ထိခိုက်လွယ်အုပ်စုများပါဝင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများအကြောင်း သင်ကြားပေးရမည် ဖြစ်သည်။ အဆိုပါကိစ္စရပ်များအား အထူးနားလည်သိရှိနိုင်စေရန် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်နိုင် ပါသည်။

**ဇယား ၉**
**အကျဉ်းချုပ – ကျေးရွာအဆင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း။**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| စီမံချက်လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ရာ တွင် ပံ့ပိုးကူညီမည့် ကျေးရွာတွင်းရှိ အဓိ ကပုဂ္ဂိုလ်များကို ရွေးချယ်ခြင်း။ | ၁။ ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မ တီနှင့် တွေ့ဆုံ ဆွေးနွေးခြင်း။<br>၂။ ကော်မတီအဖွဲ့ ဝင်များ ရွေးချယ် အတည်ပြုခြင်း။<br>၃။ ကော်မတီအဖွဲ့ တွင်ပါဝင်ရန်ကြက် ခြေနီစေတနာလုပ် အားရှင်များအား ရွေးချယ်ခြင်း။<br>၄။ တာဝန်ခွဲဝေမှု ဆိုင်ရာသင်တန်း များပို့ချခြင်း။ | တွေ့ဆုံစည်းဝေး ပွဲများပြုလုပ်ခြင်း အစီအစဉ်ဆောင် ရွက်ခြင်း–စီမံချက် ညှိနှိုင်းရေးမှူး / စီမံချက်အရာရှိ၊ ဒု တပ်ရင်းမှူးနှင့် လေ့ကျင့်သင်ကြား ထားသော ကြက် ခြေနီစေတနာလုပ် အားရှင်များ။<br><br>ကြက်ခြေနီစေတနာ လုပ်အားရှင်များ အားရွေးချယ်ခြင်း– စီမံချက်ညှိနှိုင်းရေး မှူး/ စီမံချက်အရာရှိ၊ ဒုတပ်ရင်းမှူး<br><br>သင်တန်းပို့ချခြင်း– စီမံချက်ညှိနှိုင်းရေး မှူး/ စီမံချက်အရာရှိ၊ ဒုတပ်ရင်းမှူး | ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော မတီ | စီမံချက်အကောင် အထည်ဖော်မှု ဆိုင်ရာလမ်းညွှန် ချက် (MRCS , CBDRR ) |

## ၃.၂။ ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်း။

ဆောင်ရွက်မည့်စီမံချက်နှင့် လုပ်ငန်းစဉ်ပေါ်မူတည်၍ ကော်မတီအဖွဲ့ ဖွဲ့စည်းရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အနည်းငယ်ကွဲပြားသော်လည်း ပုံမှန်အားဖြင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဌအဖြစ် ကျောင်းအုပ်ကြီးများကိုသာ တာဝန်ပေးအပ်လေ့ရှိသည်။ အဆိုပါကော်မတီတွင် စီမံချက်လုပ် ငန်းစဉ်များကို ပံ့ပိုးကူညီနိုင်ရန် ဆရာ/ ဆရာမများ၊ ကျောင်းသား/ သူများ၊ ကျောင်းသားမိဘများ ပါဝင် စေလျက်ဖွဲ့စည်းစေသည်။

**ဇယား ၁၀**
**အကျဉ်းချုပ် – ကျောင်းအခြေပြု ဘေးအန္တရာယ်စီမံ ခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း။**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| စီမံချက်လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ရန် ကျောင်းတွင်းရှိ အဓိ ကပုဂ္ဂိုလ်များကို ရွေးချယ်ခြင်း။ | ၁။ ကျောင်းအုပ် ကြီးနှင့်တွေ့ဆုံ၍ ကော်မတီဥက္ကဌ တာဝန်ကိုဆောင် ရွက်နိုင်ခြင်းရှိ/ မရှိ မေးမြန်းခြင်း<br><br>၂။ ကော်မတီအဖွဲ့ ဝင်များရွေးချယ်ခြင်း<br><br>၃။ တာဝန်ခွဲဝေမှု ဆိုင်ရာသင်တန်း များပို့ချခြင်း။ | တွေ့ဆုံစည်းဝေး ပွဲများပြုလုပ်ခြင်း အစီအစဉ်ဆောင် ရွက်ခြင်း–စီမံချက် ညှိနှိုင်းရေးမှူး / စီမံချက်အရာရှိ၊ ဒု တပ်ရင်းမှူးနှင့် လေ့ကျင့်သင်ကြား ထားသော ကြက် ခြေနီစေတနာလုပ် အားရှင်များ။<br><br>ကော်မတီအဖွဲ့ဝင် များရွေးချယ်ခြင်း– ကျောင်းအုပ်ကြီးမှ ဆရာ/ ဆရာမများ၊ မိဘဆရာအသင်း တို့နှင့်တွေ့ဆုံခြင်း။<br><br>သင်တန်းပို့ချခြင်း– စီမံချက်ညှိနှိုင်းရေး မှူး/ စီမံချက်အရာရှိ၊ ဒုတပ်ရင်းမှူး | ကျောင်းဘေး အန္တရာယ်စီမံ ခန့်ခွဲမှုကောမတီ | ဘေးအန္တရာယ် ကြိုတင်ပြင်ဆင် ရေးနှင့်တုံ့ပြန်ရေး လက်စွဲစာအုပ် (DPRE Handbook) ကျောင်းအခြေပြု ဘေးအန္တရာယ် လျော့ချရေးဆိုင် ရာလက်စွဲစာအုပ် |

## ၃.၃။ တာဝန်ခွဲဝေမှုဆိုင်ရာသင်တန်း။

ဤတာဝန်ခွဲဝေမှုဆိုင်ရာသင်တန်းသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ အား စီမံချက်မှ ရေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတွက် လိုအပ်သောအသိပညာ၊ ဗဟုသုတနှင့် ကျွမ်းကျင်မှုများ ပို့ချသင်ကြားပေးရုံသာမက အဖွဲ့ဝင်များမှ တာဝန်ယူဆောင်ရွက်ရမည့် ရာထူးနှင့် လုပ်ငန်းဆောင်တာများအကြောင်းကို

ရှင်းလင်းတင်ပြပေးခြင်းဖြစ်သည်။ ၎င်းအပြင် ကော်မတီအဖွဲ့ဝင်များ အား သက်ဆိုင်ရာရာထူးတာဝန်များရေးဆွဲသတ်မှတ်ပေးခြင်းနှင့် ဆောင်ရွက်ရန်လုပ်ငန်းစဉ်များ ဆွေးနွေး ခြင်းဖြင့် နောင်စီမံချက်ပြီးဆုံးမှုကာလအတွက် ဆုတ်ခွါရေးဆိုင်ရာ နည်းဗျူဟာများကိုလည်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ကြိုတင်ရေးဆွဲထားနိုင်သည်။ အဆိုပါသင်တန်းတွင် အဓိကအားဖြင့် စီမံချက် မှ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအကြောင်းနှင့် စီမံချက်ကာလတစ်ခုလုံးအတွက် အသေးစိတ်ရေးဆွဲထား သောလုပ်ငန်းအစီအစဉ်များအကြောင်း ပို့ချသင်ကြားပေးသည်။

ထို့အပြင် စီမံချက်နှင့်သက်ဆိုင်သော အရေးကြီးစာရွက်စာတမ်းများကိုလည်း သက်ဆိုင် ရာအဖွဲ့ဝင်များအား ဝေငှခြင်းဖြင့် အဖွဲ့ဝင်များအနေနှင့် စီမံချက်၏ရည်ရွယ်ချက်၊ ရှေ့ဆက်ဆောင်ရွက်ရ မည့်လုပ်ငန်းစဉ်များနှင့် ရာထူးတာဝန်ခွဲဝေမှုအကြောင်း ပြည့်စုံစွာသိရှိနားလည်ပြီး ရပ်ရွာရှိအခြားပုဂ္ဂိုလ် များအားဝေမျှနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့သောသင်တန်းများအပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေ ဖြင့် လုပ်ငန်းခွင်ပစ္စည်းများကိုင်တွယ်အသုံးပြုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းများကိုလည်း ရပ်ရွာကော်မတီအား ပို့ချမှုပြုသင့်သည်။ အဘယ့်ကြောင့်ဆိုသော် ကော်မတီအဖွဲ့ဝင်များအနေဖြင့် စီမံချက် မှ ပံ့ပိုးထားသော အရေးပေါ်အခြေအနေသုံးပစ္စည်းကိရိယာသေတဒာက ို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန် ရှိသည့်အားလျော်စွာ အဆိုပါပစ္စည်းကိရိယာများအား ကိုင်တွယ်အသုံးပြုတတ်ရန်နှင့် အသေးစားပြုပြင် ထိန်းသိမ်းမှုပြုရန်လိုအပ်ပါသည်။ အဆိုပါပြုပြင်ထိန်းသိမ်းခြင်းသင်တန်းကို သီးခြားစီခွဲ၍သော်လည်း ကောင်း၊ တာဝန်ခွဲဝေမှုဆိုင်ရာသင်တန်းနှင့် တပြိုင်နက်တည်းပူးတွဲ၍ ပို့ချသင်ကြားပေးရပါသည်။

သင်တန်းတွင်သင်ကြားမည့်အကြောင်းအရာများကို စီမံချက်ညှိနှိုင်းရေးမှူးနှင့် ကွင်းဆင်း /သင်တန်းရေးရာအရာရှိတို့ဖြင့် ပူးပေါင်း၍ ပြုစုရေးဆွဲရမည်ဖြစ်သည်။ ထိုသို့ရေးဆွဲရာတွင် လူထုအခြေ ပြု ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ အကြောင်းအရာများ၊ ဆွေးနွေးညှိနှိုင်းမှုများ၊ တင်ပြဆွေးနွေးခြင်း ဆိုင်ရာကျွမ်းကျင်မှုများ၊ အခြေခံအစီရင်ခံစာရေးသားခြင်းများ စသောအကြောင်းအရာများ ပါဝင်သည့် သင်ရိုးညွှန်းတမ်းကိုအခြေခံ၍ ရေးဆွဲရမည်ဖြစ်သည်။ သင်တန်းပြီးဆုံးသည့်အခါတွင် အဖွဲ့ဝင်များ အနေဖြင့် သင်တန်းအစီရင်ခံစာများ ရေးသားတင်ပြရပါမည်။ အဆိုပါအစီရင်ခံစာကို နောင်ပြုလုပ်မည့် သင်တန်းများ ပိုမိုကောင်းမွန်လာစေရန်လည်းကောင်း၊ ရာထူးနှင့်တာဝန်ခွဲဝေမှုဆိုင်ရာ ကိစ္စရပ်များ နှင့်စပ်လျဉ်း၍သော်လည်းကောင်း ရည်ညွှန်းစာရွက်စာတမ်းတစ်ခုအနေဖြင့် အသုံးပြုရမည်ဖြစ်သည်။

ဇယား ၁၁
အကျဉ်းချုပ် – တာဝန်ခွဲဝေမှုဆိုင်ရာသင်တန်း

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များအနေ ဖြင့် ၎င်းတို့၏ ရာထူးနှင့် လုပ်ငန်း တာဝန်များအကြောင်းသိရှိစေရန်။ | ၁။ သတ်မှတ်ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းအားလေ့လာခြင်း။<br>၂။ သင်တန်းနည်းပြရှာဖွေခြင်း။<br>၃။ သင်တန်းပို့ချခြင်းနှင့် လှုံ့ဆော်ရေးဆိုင်ရာလေ့ကျင့်ခန်းပြုလုပ်ခြင်း<br>၄။ သင်တန်းအစီရင်ခံစာရေးသားခြင်း | စီမံချက်ညှိနှိုင်းရေးမှူး/ သင်တန်းရေးရာအရာရှိ | သင်တန်းအစီရင် ခံစာ။ | ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ ၏ ဆွေးနွေးမှုများ |

## ၃.၄။ အထိမ်းအမှတ်ပွဲများ စီစဉ်ကျင်းပခြင်း။

မန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီ အထိမ်းအမှတ် ပွဲများစီစဉ်ကျင်းပလေ့ရှိပါသည်။ ထို့ပြင် စီမံချက်မြို့နယ်များတွင် အပြည်ပြည်ဆိုင်ရာဘေးအန္တရာယ်လျော့ ချရေးနေ့၊ ကမ္ဘာ့ကြက်ခြေနီနေ့နှင့် ကမ္ဘာ့ရေးဦးသူနာပြုစုခြင်းနေ့စသော အထိမ်းအမှတ်နေ့များကို ပုံမှန် ကျင်းပစေသည်။ ထိုသို့ကျင်းပရာတွင် မြို့နယ်အသင်းရုံးခွဲမှ အဓိကစီစဉ်ဆောင်ရွက်ပြီး စီမံချက်ရှိ ကြက်ခြေနီဝန်ထမ်းများမှ ပံ့ပိုးကူညီမှုပြုစေသည်။ ထို့ပြင် စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင်လည်း အဓိကအားဖြင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းလုပ်အားရှင်များ၏ အင်အားဖြင့် ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်သည်။

**ဇယား ၁၂**
**အကျဉ်းချုပ် – အထိမ်းအမှတ်ပွဲများစီစဉ်ဆောင်ရွက်ခြင်း**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|---|
| အပြည်ပြည်ဆိုင်ရာဘေးအန္တရာယ်လျော့ချရေးနေ့ (အောက်တိုဘာ ၁၃ ရက်) | ဘေးအန္တရာယ်လျော့ချရေးနှင့် ပတ်သက်သော အသိပညာများ ပိုမိုသိရှိလာစေရန်နှင့်ရပ်ရွာတွင်း ဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းများဆောင်ရွက်သောပုဂ္ဂိုလ်များအား အသိအမှတ်ပြုရန်။ | ၁။ ကြက်ခြေနီ အသင်းရုံးချုပ်၊ မြို့နယ်နှင့်ကျေး ရွာအဆင့်အလိုက်အခမ်းအ နားများကျင်းပပေးခြင်း။<br>၂။ ပညာပေး ဟောပြောပွဲ ပြုလုပ်ခြင်း– ကျောင်းသူ/ ကျောင်းသားများအားဘေးအ န္တရာယ်နှင့်ပတ်သက်သောအသိ ပညာများဖြန့်ဝေပေးခြင်း။<br>၃။ ကျောင်းများ တွင်စာစီစာကုံး ပြိုင်ပွဲများ ကျင်းပခြင်း။<br>၄။ လှုံ့ဆော် လေ့ကျင့်ခန်း ပြိုင်ပွဲပြုလုပ်ခြင်း<br>၅။ ဓါတ်ပုံပြပွဲ များကျင်းပခြင်း<br>၆။ ဆုပေးပွဲအ ခမ်းအနား<br>၇။ အစီရင်ခံစာ ရေးသားခြင်း | မြို့နယ်ကြက်ခြေနီအသင်းရုံးခွဲ (စီမံချက်အရာရှိများ၏ပံ့ပိုးမှုဖြင့်) | ဘေးအန္တရယ်လျော့ချရေး အသိပညာများရရှိစေခြင်း<br><br>သုံးသပ်ချက် အစီရင်ခံစာ | နှစ်စဉ်ဆောင်ပုံကိုသက်ဆိုင်ရာကမ္ဘာ့ကုလ သမဂ္ဂအဖွဲ့ (UNISDR) မှ ထုတ်ပြန်မည် ဖြစ်သည်။<br><br>ဘေးအန္တရာယ်လျော့ချရေးနှင့် သက်ဆိုင်သောပညာရေးအချက်အလက်သင် ထောက်ကူပစ္စည်းများ<br><br>ဆောင်ရွက်မှု မှတ်တမ်းဓါတ် ပုံများ |
| ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနား (မေလ ၈ ရက်) | ဘေးအန္တရာယ်နှင့်သက်ဆိုင်သော အသိပညာများ ပိုမိုသိရှိစေရန်နှင့် စီမံချက်လုပ်ငန်းစဉ်များ အကြောင်းဖြန့်ဝေ ရန်။ | ၁။ အသင်းရုံး ချုပ်နှင့် မြို့နယ်အသီးသီးတွင် အခမ်းအနားများကျင်းပပေးခြင်း<br>၂။ ဓါတ်ပုံပြပွဲ များကျင်းပခြင်း<br>၃။ ထူးချွန်ကြက် ခြေနီစေတနာလုပ်အားရှင်များ အားဂုဏ်ပြုဆုတံဆိပ်များပေးခြင်း<br>၄။ အစီရင်ခံစား ရေးသားပြုစုခြင်း | မြို့နယ်ကြက်ခြေနီအသင်းရုံးခ<br><br>(စီမံချက်အရာရှိများ၏ပံ့ပိုးမှုဖြင့်) | ဘေးအန္တရယ်လျော့ချရေး အသိပညာများရရှိစေခြင်း<br><br>သုံးသပ်ချက် အစီရင်ခံစာ | ဘေးအန္တရာယ်လျော့ချရေးနှင့် သက်ဆိုင်သောပညာရေးအချက်အလက်သင် ထောက်ကူပစ္စည်းများ<br><br>ဆောင်ရွက်မှု မှတ်တမ်းဓါတ် ပုံများ |
| ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်းနေ့ အခမ်းအနား (စက်တင်ဘာ ဒုတိယပတ် စနေနေ့) | ရှေးဦးသူနာပြုစုခြင်းသည် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်သည်ဆိုသော အသိပညာများ လူထုအကြား ပျံ့နှံ့စေရန်။ | ၁။ အသင်းရုံး ချုပ်နှင့် မြို့နယ် အလိုက် အခမ်း အနားများ ကျင်းပပေးခြင်း<br>၂။ ဓါတ်ပုံပြပွဲ များကျင်းပခြင်း<br>၃။ ထူးချွန်ကြက် ခြေနီစေတနာလုပ်အားရှင်များ အားဂုဏ်ပြုဆုတံဆိပ်များပေးခြင်း<br>၄။ အစီရင်ခံစား ရေးသားပြုစုခြင်း | မြို့နယ်ကြက်ခြေနီအသင်းရုံးခွဲ<br><br>(စီမံချက်အရာရှိများ၏ပံ့ပိုးမှုဖြင့်) | ဘေးအန္တရယ်လျော့ချရေး အသိပညာများရရှိစေခြင်း<br><br>သုံးသပ်ချက် အစီရင်ခံစာ | ဘေးအန္တရာယ်လျော့ချရေးနှင့် သက်ဆိုင်သောပညာရေးအချက်အလက်သင် ထောက်ကူပစ္စည်းများ<br><br>ဆောင်ရွက်မှု မှတ်တမ်းဓါတ် ပုံများ |

## ၃.၅။ သင်တန်းလိုအပ်ချက်များအား လေ့လာဆန်းစစ်ခြင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ရှေးဦးသူနာပြုစုခြင်းသင်တန်းမှစ၍ စီမံချက်ဆိုင် စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သောသင်တန်း၊ ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာသင်တန်းအထိ အမျိုးမျိုးသော ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ သို့သော် ရရှိထားသောအရင်း အမြစ်များ၏ကန့်သတ်မှုကြောင့် စီမံချက်ဆောင်ရွက်သောမြို့နယ်၊ ကျေးရွာနှင့် ကျောင်းများတွင်အဆိုပါ သင်တန်းအားလုံးကို ပို့ချသင်ကြားပေးရန် အခက်အခဲများရှိစေပါသည်။ ထို့ကြောင့် စီမံချက်ဆောင်ရွက်ရန်မြို့နယ်/ ကျေးရွာ/ ကျောင်းများကို နောက်ဆုံးအဆင့်အပြီးသတ်ရွေးချယ်မှု ပြီးစီးပါက ပို့ချရန်လိုအပ် သော သင်တန်းများအား လေ့လာဆန်းစစ်မှုပြုလုပ်ပြီး ရရှိလာသောရလဒ်များတွင် အခြေခံ၍ အမှန်တကယ် အသုံးလိုသော သင်တန်းများကို ရွေးချယ်သင်ကြားစေမည်ဖြစ်သည်။ ပို့ချရမည့်သင်တန်းများအား ရွေးချယ်မှုမပြုလုပ်မီ အဆိုပါ မြို့နယ်/ ကျေးရွာ/ ကျောင်းများ တွင် မည်ကဲ့သို့သောသင်တန်းအမျိုးအစားများ ဖွင့်လှစ်ပို့ချမှု ပြုလုပ်ခဲ့ဘူးခြင်းရှိ/ မရှိကို ဦးစွာလေ့လာရမည် ဖြစ်သည်။ လိုအပ်ပါက မြန်မာနိုင်ငံကြက်ခြေနီအသင်းရုံးရှိ အခြားသောသက်ဆိုင်ရာဌာနများသို့ သွားရောက်မေးမြန်းစုံစမ်းရမည်ဖြစ်သည်။ ထို့ပြင် ရပ်ရွာရှိတာဝန်ခံပုဂ္ဂိုလ်များ (မြို့နယ်ကြက်ခြေနီအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ ရပ်ရွာလူထုများ၊ ကျောင်းအမှုဆောင် အဖွဲ့ ဝင်များ)နှင့် တိုင်ပင်ဆွေးနွေး၍ ၄င်းတို့ဒေသနှင့် ကော်မတီအဖွဲ့ဝင်များအတွက်

လိုအပ်သောကျွမ်းကျင်မှု ဆိုင်ရာသင်တန်းများကို ဖော်ထုတ်ရေးဆွဲ ရမည်ဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း အနေဖြင့်လည်း ကြက်ခြေနီစေတနာ့ဝန်ထမ်းလုပ်အားရှင်များနှင့် ရပ်ရွာအဖွဲ့ဝင်များ၏ ရှိနှင့်ပြီးသောကျွမ်းကျင်မှုအပေါ် လေ့လာသုံးသပ်၍ မွမ်းမံသင်တန်းများ ထပ်မံပြုလုပ်ရန် လိုအပ်/ မလိုအပ်သည်ကို ဆုံးဖြတ်ရမည် ဖြစ်သည်။

**အကွက် ၁၀**
**စွမ်းဆောင်ရည်မြှင့်တင်ခြင်း (အဓိပ္ပါယ်ဖွင့်ဆိုချက်)**

လူသားများ၊ အဖွဲ့အစည်းများ၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအနေဖြင့် လူမှုစီးပွားရေးဆိုင်ရာ မျှော်မှန်းချက် များ၊ ရည်ရွယ်ချက်များပြည့်ဝစေရန် အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှု၊ လုပ်ငန်းဆိုင်ရာစနစ်နှင့်ဖွဲ့စည်းပုံများ အချိန်နှင့်တပြေးညီးတိုးတက်ဖွံ့ဖြိုးလာစေရန်ရည်ရွယ်ချက်ဖြင့် ၎င်းတို့၏စွမ်းဆောင်ရည်များကို ပြုစု ပျိုးထောင်ပေးသောလုပ်ငန်းစဉ်ကို စွမ်းဆောင်ရည်မြှင့်တင်ရေးဟုဆိုသည်။ ထိုကဲ့သို့ဆောင်ရွက်မှုတွင် စီမံချက်တွင်ပါဝင်သော မြန်မာနိုင်ငံကြက်ခြေနီအသင်းဝန်ထမ်းများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ ရပ်ရွာခေါင်းဆောင်နှင့် ကိုယ်စားပြုပုဂ္ဂိုလ်များ၊ မိတ်ဖက်အစိုးရအဖွဲ့အစည်းများ၊ ကြက်ခြေနီရုံးခွဲမှ ဝန်ထမ်းများ၊ ကျောင်းသား/ သူများနှင့် ဆရာ၊ဆရာမများ၊ ရပ်ရွာလူထုများ ပါဝင်ပါသည်။ အဆိုပါ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် စနစ်တကျရေးဆွဲပြုစုထားသော သင်တန်းများပို့ချ ခြင်း၊ လက်တွေ့လုပ်ကိုင်သင်ယူစေခြင်းနှင့် ဆွေးနွေးဟောပြောပွဲများပြုလုပ်၍ လေ့ကျင့်သင်ကြား စေသည်။

သတ်မှတ်ထားသောအချိန်ကာလ၊ ရရှိနိုင်သောရင်းမြစ်များနှင့် ငွေကြေးပမာဏတို့နှင့် ချိန်ထိုး၍ ပို့ချမှုပြုရမည့်သင်တန်းများကို စိစစ်ရေးချယ်ပြီး သင်ကြားပေးရမည့် ဦးတည်အုပ်စုများ၊ လိုအပ်သောရင်းမြစ်များနှင့် ငွေကြေးကုန်ကျစရိတ်များကို အသေးစိတ်ရေးသား၍စာရင်းပြုစုထားရမည် ဖြစ်သည်။ ထို့နောက်မြန်မာနိုင်ငံကြက်ခြေနီအ သင်း႒ာနချုပ်နှင့် စီမံချက်ညှိနှိုင်းရေးမှူးတို့မှ အဆိုပါစာရင်းထဲမှ လိုအပ်သောသင်တန်းများ ရွေးချယ်ဆုံးဖြတ်မည်ဖြစ်သည်။ စီမံချက်ညှိနှိုင်းရေးမှူးအနေဖြင့် ဆောင်ရွက်မည့်သင်တန်းများအကြောင်း၊ပို့ချမည့်သင်တန်းဆရာများ၏ အချက်အလက်များ ပါဝင်ထည့် သွင်းဖော်ပြထားသော သင်တန်းပြက္ခဒိန်ကို ရေးဆွဲဆောင်ရွက် ထားရမည်ဖြစ်သည်။

**ဇယား ၁၃**
**အကျဉ်းချုပ် – သင်တန်းလိုအပ်ချက်အား လေ့လာဆန်းစစ်ခြင်း**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| စီမံချက်၏လိုအပ် ချက်နှင့် ပါဝင် ဆောင်ရွက်မည့် ပုဂ္ဂိုလ်များ၏လိုအပ်ချက်ပေါ်မူတည်၍ ဖွင့်လှစ်သင်ကြားရမည့်သင်တန်းများ ရွေးချယ်ဖော်ထုတ် ခြင်း။ | ၁။ သင်တန်းနှင့် သက်ဆိုင်သော အချက်အလက်များကို ရှာဖွေခြင်း။<br>၂။ လိုအပ်သော နယ်ပယ်များကို ရွေးချယ်သတ်မှတ်ခြင်း။<br>၃။ ရွေးချယ်ထားသောသင်တန်း စာရင်းပြုစုခြင်း။<br>၄။ မြန်မာနိုင်ငံကြက်ခြေနီအသင်း ႒ာနချုပ်မှ အတည်ပြုခြင်း။<br>၅။ သင်တန်းပြက္ခဒိန်ရေးဆွဲခြင်း။ | စီမံချက်အရာရှိနှင့် သင်တန်းရေးရာ အရာရှိတို့၏ကူညီမှုဖြင့်ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မ တီမှ အဓိကဆောင် ရွက်ရန်။ | ရွေးချယ်ထားသော သင်တန်းစာရင်း။<br><br>သင်တန်းပြက္ခဒိန် | သင်တန်းလက်စွဲ စာအုပ်။<br><br>သင်တန်းစာရင်း |

ယေဘုယျအားဖြင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာသင်တန်းများကို ၎င်းတို့အထူးပြု သောနယ်ပယ်အကြောင်းအရာများပေါ်မူတည် အုပ်စု (၄) စု ခွဲခြားသတ်မှတ်စေသည်။ ထို့အပြင် သင်တန်း အမျိုးအစားအလိုက် သက်ဆိုင်သောဦးတည်အုပ်စုများ (ကြက်ခြေနီစေတနာလုပ်အားရှင်များ (သို့) ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ) ကိုလည်း ခွဲခြားသတ်မှတ်စေသည်။ အဆိုပါအုပ်စု (၄)စုတွင် ပါဝင်သောသင်တန်းအချို့မှာ –

| အုပ်စုအမျိုးအစား | သင်တန်းအမည် |
|---|---|
| ရှေးဦးသူနာပြုစုခြင်း | အခြေခံရှေးဦးသူနာပြုစုခြင်း၊ ရှေးဦးသူနာပြုစုခြင်း (ဆရာဖြစ်သင်တန်း)၊ ရပ်ရွာအခြေပြု ရှေးဦးသူနာပြုစုခြင်း ဆင့်ပွားသင်တန်း။ |
| ရပ်ရွာအခြေပြုဘေးအန္တရာယ် လျော့ပါးရေး | ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသင်တန်း လက်တွေ့ဆောင် ရွက်ခြင်းဆိုင်ရာပို့ချချက်၊ အသိပညာပေးသင်တန်း။ |
| ရုံးလုပ်ငန်းနှင့် စီမံချက် စီမံ ခန့်ခွဲမှု | ရုံးလုပ်ငန်းသင်တန်း၊ ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း၊ကွန်ပြူတာ သင်တန်း။ |
| ဘေးအန္တရာယ်လျော့ချရေး | ရေပြင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အသက်ကယ်သင်တန်း၊ အသက် မွေးဝမ်းကျောင်းမှုနှင့် ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ သင်တန်း |

ဇယား ၁၄
စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာသင်တန်း၂

# အဓိကစိန်ခေါ်မှုများ

**ရပ်ရွာလူထုနှင့် ရင်းနှီးမှုတည်ဆောက်ခြင်း။** စီမံချက်လုပ်ငန်းစဉ်များတွင် ရပ်ရွာလူထုပါဝင်စေရန် အတွက် အရေးကြီးသောလုပ်ငန်းခွင်တစ်ခုမှာ ရပ်ရွာလူထုနှင့် ရင်းနှီမှုရယူရန်ဖြစ်သည်။ ထိုသို့ရင်းနှီးမှုရရှိ ပြီး စီမံချက်ဝန်ထမ်းနှင့် စီမံချက်အပေါ်ယုံကြည်မှုရရှိမှသာ ရပ်ရွာလူထုအနေဖြင့် ၎င်းတို့ကြုံတွေ့နေရ သောပြဿနာများ၊ အခက်အခဲများကို စီမံချက်ဝန်ထမ်းများအား ပွင့်ပွင့်လင်းလင်းဝေမျှပြောဆိုနိုင်မည်ဖြစ် သည်။ သို့မှသာ စီမံချက်ဝန်ထမ်းများအနေဖြင့်လည်း ရပ်ရွာလူထုထံမှ ယုံကြည်ရင်းနှီးမှုရရှိကာ လူသား ချင်းစာနာသောစိတ်ဓါတ်ဖြင့် ရပ်ရွာလူထု၏အကျိုးစီးပွား၊ လူနေမှုပုံစံ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ အကြောင်းစိတ်ပါဝင်စားစွာဖြင့် လေ့လာမှတ်သားနိုင်မည်ဖြစ်သည်။ ထို့ပြင် ရပ်ရွာလူထုအပေါ် ဝေဖန်သုံး သပ်မှုတစ်စုံတစ်ရာမပြုလုပ်ဘဲ လေ့လာသူတစ်ဦးအနေဖြင့်သာ ၎င်းတို့နှင့်ရင်းနှီးမှုရယူရန်ဖြစ်သည်။ ဘေးအန္တရာယ်ဒဏ်ခံစားရသောရပ်ရွာလူထုအား အားနည်းသူများအဖြစ်မရှုမြင်ဘဲ အသိပညာကျွမ်းကျင်မှု ရှိသော ပုဂ္ဂိုလ်များအနေဖြင့် သတ်မှတ်ဆက်ဆံပြီး ၎င်းတို့အား စီမံချက်လုပ်ငန်းများဆောင်ရွက်မှုတွင် ပါဝင်ခြင်းကို အသိအမှတ်ပြုပေးရမည်ဖြစ်သည်။

**ရပ်ရွာလူထု လူနေမှုပုံစံများကို နားလည်စေခြင်း။** ။စီမံချက်ဝန်ထမ်းများအနေဖြင့် ရပ်ရွာလူထု၏ လူနေမှုပုံစံ၊ လူမှုရေးစံသတ်မှတ်ချက်များ၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင် သေချာသဘောပေါက်နားလည်ရန် လိုအပ်ပါသည်။ သို့မှသာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်း ရာတွင် မည်ကဲ့သို့ဖွဲ့စည်းရမည်၊ မည်သည့်ပုဂ္ဂိုလ်များပါဝင်သင့်သည် တို့ကို ထိရောက်စွာဆောင်ရွက်နိုင် မည်ဖြစ်သည်။

**ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအား ရှင်းလင်းလွယ်ကူအောင်ဖွဲ့စည်းထားရှိခြင်း။** ။ ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းရာတွင် ရှင်းလင်းလွယ်ကူစွာဖွဲ့စည်းထားခြင်းဖြင့် ကော်မတီအဖွဲ့ဝင်များ အကြား အလိုလားအပ်သော ရာထူးနှင့် တာဝန်ခွဲဝေခြင်းဆိုင်ရာ ရောထွေးမှုများ၊ အငြင်းပွားမှုများကို ရှောင်ရှားနိုင်ပြီး လုပ်ငန်းစဉ်များကို ထိရောက်စွာတာဝန် ပေးဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် လိုအပ်ပါက မြန်မာနိုင်ငံဘေးအန္တရာယ်လျော့ချရေးအတွက် ရေးဆွဲထားသော စီမံချက်လုပ်ဆောင်မှု အစီအစဉ် လက်အောက်တွင် ဖွဲ့စည်းထားသော ရှိရင်းစွဲကော်မတီများကိုလည်း ဆက်လက်အသုံး ပြုနိုင်သည်။

**ကျောင်းသူ/ကျောင်းသားများအား သင်တန်းပေးခြင်း။** ။ ကျောင်းသူ/ကျောင်းသားများအား စီမံချက် နှင့်သက်ဆိုင်သော သင်တန်းများပို့ချရာတွင် သက်ဆိုင်ရာကျောင်းသားမိဘများ၏ သဘောတူခွင့်ပြုမှု ဖြင့်သာဆောင်ရွက်သင့်သည်။ အချို့သောမိဘများအနေဖြင့် ၎င်းတို့၏ကလေးများအား ကျောင်းပညာရေး မဟုတ်သော အခြားသောဘာသာရပ်များအပေါ် စိတ်ဝင်စားခြင်းကို မလိုလားကြပေ။ ထို့ကြောင့် စီမံချက် လုပ်ငန်းများတွင် ကျောင်းသားကလေးများ ပါဝင်ဆောင်ရွက်နေမှုအကြောင်းကို ၎င်းတို့၏ မိဘများထံ သို့အသိပေး အကြောင်းကြားစေခြင်းဖြင့် မိဘများအနေဖြင့်လည်း လုပ်ငန်းစဉ်များအပေါ်စိတ်ဝင်စားမှု ရှိလာမည်ဖြစ်သည်။

# အခြားသောဆက်စပ်အကြောင်းအရာများ။

ဘေးအန္တရာယ်အကျိုးဆက်များကို အမျိုးသား၊ အမျိုးသမီးများအနေဖြင့် ကွဲပြားစွာခံစားရသောကြောင့် ၎င်းတို့၏ အယူအဆများ၊ လိုအပ်ချက်များကို လေ့လာ၍ ထည့်သွင်းရေးဆွဲရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်သော စီမံချက်တိုင်းတွင် ရပ်ရွာအခြေပြုကော်မတီများဖွဲ့စည်းရာတွင် အနည်းဆုံးအမျိုးသမီးဦးရေ (၄၀%)ခန့် ပါဝင်စေလျက် ဆောင်ရွက်စေသည်။ မြန်မာနိုင်ငံတွင် အများအားဖြင့် အမျိုးသားဦးစာပေး လူမှုအဖွဲ့ အစည်းဖြစ်ခြင်းကြောင့်

အမျိုးသမီးများအနေဖြင့် ရပ်ရွာလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အား ပေးတိုက်တွန်းမှုများ ပြုလုပ်ရမည်ဖြစ်သည်။ ထို့ပြင် ရပ်ရွာအတွင်းရှိ နယ်ပယ်စုံမှပုဂ္ဂိုလ်များ ပါဝင်လာ နိုင်ရန် စည်းရုံးလှုံ့ဆော်ပြီး ရပ်ရွလူထု၏ အမြင်များကို အလေးထား ထည့်သွင်းစဉ်းစားပေးရမည် ဖြစ်သည်။ ထို့နောက် ရပ်ရွာလူထု၏ စိတ်ပါဝင်စားမှု၊ စိတ်အားထက်သန်မှုနှင့်တက်ကြွလှုပ်ရှားမှုများပေါ် မူတည်၍ ကော်မတီအဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်ဖြစ်သည်။

လူထုအခြေပြု ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အခြားသောဆက်စပ်အကြောင်းအရာများဖြစ်သည့် ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ သယံဇာတများစီမံခန့်ခွဲမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကိုပါ ထည့်သွင်းရေးဆွဲရမည်ဖြစ်သည်။ ထိုသို့ထည့်သွင်းရေးဆွဲရာတွင် အဆိုပါကိစ္စရပ်များနှင့် ဘေးအန္တရာယ်လျော့ပါးရေးဆက်စပ်မှုကို ချိတ်ဆက်ဖော်ပြခြင်းဖြင့် ရပ်ရွာလူထုမှ ပိုမိုစိတ်ဝင်စားမှုရှိလာပြီး ဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းများ ကို ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

## လုပ်ငန်းခွင်ဥပမာ။

**မြေပုံမြို့နယ်၊ ရှင်းတောင်ကျေးရွာတွင် ကျေးရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီဖွဲ့စည်းခြင်း။ (CBDRM စီမံချက်၊ မတ် –၂၀၁၂)**

မြေပုံမြို့နယ်၊ ရှင်းတောင်ကျေးရွာတွင် ကော်မတီအဖွဲ့ ဖွဲ့စည်းခြင်းမပြုမီ မြို့နယ်ရှိ ကြက်ခြေနီစေတနာလုပ်အားရှင်များအား လူထုအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲခြင်းဆိုင်ရာ ပံ့ပိုးကူညီမှု သင်တန်းကို ဦးစွာသင်ကြားပို့ချသည်။ ထို့နောက် အဆိုပါကြက်ခြေနီလူငယ်များမှ သက်ဆိုင်ရာကျေးရွာ များတွင် (၅)ရက်တာဆင့်ပွားသင်တန်းများ ပို့ချစေသည်။ သင်တန်းတစ်ခုလျှင် ရွာသူရွာသားအယောက် (၃၀)အား ဆင့်ပွားသင်တန်းများပေးပြီး အဆိုပါသင်တန်းဆင်းများဖြင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းစေသည်။ ထို့နောက် ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ အကူအညီဖြင့် အဆိုပါအဖွဲ့အား ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပြောင်းလဲဖွဲ့စည်းစေပြီး သက်ဆိုင်ရာ ရာထူးတာဝန်များကို ခွဲဝေသတ်မှတ်စေသည်။ ထို့ပြင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် တစ်ဖွဲ့လျှင် လူ(၆) ဦးစီပါဝင်သော ဆပ်ကော်မတီ (၅)ဖွဲ့ဖြစ်သော ရှေးဦးသူနာပြုစုခြင်း၊ ကြိုတင်သတိပေးခြင်း၊ ရှာဖွေရေးနှင့် ကူညီရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် ဆက်သွယ်ရေး အဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်စေသည်။

လုပ်ငန်းစဉ် ၄

# ကနဦးလေ့လာမှုပြုလုပ်ခြင်း။

စီမံချက်ထိရောက်မှုရှိ၊ မရှိကို အကဲဖြတ်စစ်ဆေးရန်နှင့် စီမံချက်ကြောင့်ဖြစ်ပေါ်လာသော တိုးတက်မှုရှိသည့်နယ်ပယ်များကို သတ်မှတ်ရန်အတွက် ကနဦးလေ့လာမှုနှင့် နောက်ဆုံးအဆင့်လေ့လာမှုပြုလုပ်ခြင်းများသည် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ ကနဦးလေ့လာမှုကို ယေဘု ယျအားဖြင့် စီမံချက်အစပိုင်းတွင်ပြုလုပ်လေ့ရှိပြီး နောက်ပိုင်းကာလတွင် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ် မှုပြုလုပ်ခြင်းလုပ်ငန်းစဉ်၏ အရေးကြီးသောအဆင့်တစ်ဆင့်အနေဖြင့်လည်း သတ်မှတ်သည်။ အဆိုပါ ကနဦးလေ့လာမှုတွင် စီမံချက်မှ ချမှတ်ထားသောရည်မှန်းချက်များ၊ ရလဒ်များအား အောင်ဖြင်မှုရှိ၊ မရှိ၊ စီမံချက်မှအကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းစဉ်များသည် မှန်ကန်သောလမ်းကြောင်းတွင် ရှိ၊ မရှိကို တိုင်းတာရန်အတွက်
လိုအပ်သောသတင်းအချက်အလက်အချို့ကို ရွေးချယ်သတ်မှတ်၍ ကာလအ လိုက် နှိုင်းယှဉ်စစ်ဆေးမှုပြုလုပ်ရန် လိုအပ်သည်။ ထို့ကြောင့် အဆိုပါလေ့လာမှုသည် ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံချက်၏ အကျိုးသက်ရောက်မှုကို တိုင်းတာရန်အတွက် ကောင်းမွန်သော လေ့လာမှုတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော ဘေးအန္တရာယ်လျော့ ပါးရေးစီမံချက်တွင် ကနဦးလေ့လာဆန်းစစ်မှုပြုလုပ်ရာတွင် ရပ်ရွာလူထု ပူးပေါင်းပါဝင်မှုကို အဓိကထား ဆောင်ရွက်ပြီး အခြေခံလူဦးရေးဆိုင်ရာ အချက်အလက်များ၊ ဘေးအန္တရာယ်နှင့် သက်ဆိုင်သော အချက် အလက်များ(ရပ်ရွာလူထု၏ အတွေ့အကြုံများ၊ ဘေးအန္တရာယ်နှင့်ပတ်သက်သော အသိပညာဗဟုသုတ များ စသည်ဖြင့်) တို့ကို ကောက်ယူစုဆောင်လျက်ရှိသည်။ ထို့အပြင် ကနဦးလေ့လာမှုမှရရှိသော အချက်အလက်များသည် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်မှုလုပ်ငန်းစဉ်အတွက် အသုံးဝင်ရုံသာ မက ရပ်ရွာလူထုအတွင်း ဘေးအန္တရာယ်ကျရောက်မှုကို လျော့ချရန်အတွက် ဆောင်ရွက်သော ကြိုတင် ပြင်စင်မှုလုပ်ငန်းစဉ်နှင့်သင့်လျော်သောဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစဉ် အစီအစဉ်များ ရေးဆွဲ ဖော်ထုတ်ရာတွင်လည်း အသုံးပြုနိုင်ပါသည်။

**အကွက် ၁၁**
**ကနဦး လေ့လာဆန်းစစ်ခြင်း။**

ကနဦးအခြေအနေလေ့လာချက်သည် စီမံကိန်းတစ်ခုမစတင်မီ အစကနဦးအခြေအနေကို ဖော်ပြသော ခွဲခြမ်းစိတ်ဖြာခြင်းဖြစ်ပြီး ၎င်းအားဖြင့် တိုးတက်မှုကို ဆန်းစစ်လေ့လာခြင်း သို့မဟုတ် နှိုင်းယှဉ်ခြင်းကို ပြုလုပ်နိုင်သည်။ စုစည်းကောက်ယူထားသော အချက်အလက်များသည် ညွှန်းကိန်းအဖြစ်လုပ်ဆောင်ပြီး ၎င်းကို စီမံကိန်း၏နောက်ပိုင်းကာလ သို့မဟုတ် အပြီးတွင် နှိုင်းယှဉ်ခြင်းအတွက် အသုံးပြုနိုင်သည်။ ၎င်းသည် စီမံကိန်း၏ဦးတည်ချက်ပြည့်မီရေးအတွက် စီမံကိန်းမှ မည်သည့်ခြားနားလုပ်ဆောင်မှုများ လုပ်ဆောင်ခဲ့သည်ကို အဆုံးအဖြတ်ပေးသည်။ (IFRC, ၂၀၁၁[၁]).

ကနဦးလေ့လာမှု၏အဓိကရည်ရွယ်ချက်မှာ ရပ်ရွာလူထုအတွင်း၊ အိမ်ထောင်စုများအတွင်း၊ ကျောင်းများအနေဖြင့် ဘေးအန္တရာယ်နှင့်ပတ်သက်သော အသိပည်ာဗဟုသုတ၊ ဘေးအန္တရာယ်အတွက် ပြင်ဆင်ထားရှိမှုအခြေအနေတို့ကို တိုင်းတာစစ်ဆေးရန်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို အဓိက အားဖြင့် –

- Participation: ပူးပေါင်းဆောင်ရွက်မှု။ လုပ်ငန်းစဉ်များအောင်မြင်မှုရရှိစေရန် သတင်းအချက်အလက်များဝေမျှခြင်း၊ လုပ်ငန်းတာဝန်ခွဲဝေဆောင်ရွက်ရာတွင် ရပ်ရွာလူထုအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။
- Teamwork: အသင်းအဖွဲ့အနေဖြင့်ဆောင်ရွက်ခြင်း။ စီမံချက်အောင်မြင်မှုရရှိစေရန် နယ်ပယ်စုံမှကျွမ်းကျင်သူများပါဝင်ရန်နှင့် ရပ်ရွာလူထုကိုကိုယ်စားပြုသောပုဂ္ဂိုလ်များ (အမျိုးသမီးများလည်းပါဝင်ရန်) လည်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။
- Systematic: စနစ်တကျဆောင်ရွက်ခြင်း။ စုဆောင်းကောက်ယူထားသောသတင်းများ မှန်ကန်မှုရှိစေရန်၊ လွယ်လင့်တကူအသုံးပြုနိုင်ရန် စနစ်တကျသိမ်းဆည်းထားရန် လိုအပ်ပါသည်။

ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံချက်များတွင် ကနဦးလေ့လာမှုကို ကျောင်းဘေး အန္တရာယ်ဆန်းစစ်မှုပုံစံအားအသုံးပြုပြီး သက်ဆိုင်ရာကျောင်းများမှ ဖြည့်စွက်ခြင်းဖြင့် ကောက်ယူ စုဆောင်းရပါသည်။ ထို့ကြောင့် ကျောင်းဘေးအန္တရာယ်ဆန်းစစ်မှုမှကောက်ယူထားသော သတင်းအချက် အလက်များကို ကနဦးလေ့လာဆန်းစ

၁ Project/Programme Monitoring and Evaluation: Guide, IFRC 2011.

စ်မှုအနေဖြင့်လည်းအသုံးပြုနိုင်သည်။ ကျောင်းအခြေပြုလုပ်ငန်းစဉ် များ၏ ထိရောက်မှုကိုတိုင်းတာရန်အတွက် ကနဦးလေ့လာမှုပြုလုပ်သကဲ့သို့ပင် နောက်ဆုံးအဆင့် ဆန်းစစ်မှုပုံစံများကောက်ခံပြီး သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့်တွေ့ ဆုံပြီး စီမံချက်မှဆောင်ရွက်သော လုပ်ငန်း စဉ်များအကြောင်းဆွေးနွေးမှုပြုလုပ်ရန်လိုအပ်သည်။

## ၄.၁။ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအဖွဲ့ ဖွဲ့စည်းခြင်း။

ကနဦးလေ့လာဆန်းစစ်မှုပြုလုပ်ရာတွင် အထူးအားဖြင့် ရပ်ရွာလူထုအခြေပြုဆောင်ရွက်ရန် လိုအပ် ပါသည်။ ရပ်ရွာလူထုတွင်း ရှိနှင့်ပြီးသောအသိပညာ ဗဟုသုတနှင့်ဖြေရှင်းနိုင်စွမ်းများကို အလေးထား အသိအမှတ်ပြု၍ ၄င်းတို့ကိုယ်တိုင်လေ့လာဆန်းစစ်မှုတွင် ပါဝင်ခြင်းဖြင့် လုပ်ငန်းစဉ်များ အောင်မြင်မှုကို ဦးတည်စေပါသည်။ ဦးတည်ကျေရွာများတွင် ရပ်ရွာဘေးအန္တရာယ်စီမံခန် ့ခွဲမှုကော်မတီနှင့် ကျောင်းဘေး အန္တရာယ်စီမံခန့်ခွဲမှုကော်မတီ နှစ်မျိုးစလုံးဖွဲ့စည်းထားရာ ကနဦးလေ့လာဆန်းစစ်မှုပြုလုပ်ရာတွင် တစ်ခါတရံ လုပ်ငန်းဆောင်ရွက်ရန်တာဝန်ခွဲဝေမှု၌ အငြင်းပွာမှုများဖြစ်ပေါ်လာနိုင်ပါသည်။ သို ့ဖြစ်ပါ၍ အဆိုပါအငြင်းပွားမှုများနှင့် လုပ်ငန်းတာဝန်ရှုပ်ထွေးမှုများ မရှိစေရန် ဦးတည်ကျေးရွာတိုင်းတွင် သတင်း အချက်အလက်များ ကောက်ယူစုဆောင်းရန်အတွက် သီးခြားအဖွဲ့ တစ်ဖွဲ့ ဖွဲ့စည်းရန်လိုအပ်ပါသည်။ ပထမဦးစွာ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအဖွဲ့ဝင်တစ်ဦးချင်းစီမှ လုပ်ဆောင်ရမည့်တာဝန် များ၊ လုပ်ငန်းစဉ်များကိုရေးဆွဲပြီး အထည်ပြုရန်လိုအပ်ပါသည်။ ထို့နောက်တွင် သတင်းအချကအလက် ကောက်ယူမှုနှင့်ပတ်သက်သော လုပ်ငန်းစဉ်များ (ရည်ရွယ်ချက်နှင့်အရေးပါမှု၊ ဘေးအန္တရာယ်စီမံခန် ့ခွဲမှု ကော်မတီများနှင့်တာဝန်ခွဲဝေမှု၊ အသေးစိတ်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ခွဲငယ်များနှင့် မျှော်မှန်းထား သောရလဒ်များ) အကြောင်းကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများအား အကြောင်းကြား အသိပေးရန် လိုအပ်ပါသည်။ ထို့နောက်တွင် ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ ရပ်ရွာလူထုအား လုပ်ငန်း စဉ်များအကြောင်း အသိပေးအကြောင်းကြားရန်အတွက် ရပ်ရွာအစည်းဝေးများကိုကျင်းပရန် စီစဉ်ဆောင် ရွက်ကြရပါမည်။ တစ်ချိန်တည်းမှာပင် စောင့်ကြည့်အကဲဖြတ်းအဖွဲ့ ဖွဲ့ စည်းရန်အတွက်လိုအပ်သော အရည်အချင်းရှိ သက်ဆိုင်ရာကျွမ်းကျင် စေတနာလုပ်အားရှင်များကို ရှာဖွေစုဆောင်းမှုများ ပြုလုပ်သင့် ပါသည်။

**ဇယား ၁၅**
အကျဉ်းချုပ် – စောင့်ကြည့်အကဲဖြတ်အဖွဲ့ ဖွဲ့ စည်းခြင်း

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ပံ့ပိုးမည့် အဖွဲ့ ဖွဲ့ စည်းခြင်း | ၁။ စောင့်ကြည့်အကဲဖြတ်အဖွဲ့အတွက် သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များအား အကြမ်းဖျင်းသတ်မှတ်ခြင်း။<br>၂။ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးအဖွဲ့ မှတဆင့်ရွေးချယ်ထားသောကျေးရွာများအားတရားဝင်ရုံးတွင်းစာပေးပို့အကြောင်းကြားခြင်း။<br>၃။ စောင့်ကြည့်အကဲဖြတ်အဖွဲ့ဝင်များ ရွေးချယ်ခြင်း။<br>၄။ အဖွဲ့ ဝင်များအား သင်တန်းပေးခြင်း။ | ဤလုပ်ငန်းစဉ်ကို ဆောင်ရွက်ရန်အဓိကအားဖြင့်ဘေးအန္တရာယ်စီမံခန့် ခွဲမှုကော်မတီမှတာဝန်ယူရမည်ဖြစ်သည်။ | စောင့်ကြည့်အကဲဖြတ်အဖွဲ့ အတွက် သတ်မှတ်တာဝန်နှင့်လုပ်ပိုင်ခွင့်များ။<br><br>စောင့်ကြည့်အကဲဖြတ်အဖွဲ့ဖွဲ့စည်း ပြီးခြင်း။ | မြို့ နယ်အသင်းရုံးခွဲဖွဲ့ စည်းမှုပုံစံ။ |

ကနဦးလေ့လာမှုအတွက် သတင်းအချက်အလက်များ ကောက်ယူရန်အဖွဲ့ဝင်များ ရွေးချယ်ရာတွင် လုပ်ငန်းစဉ်၏ရည်ရွယ်ချက်၊ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရွေးချယ်ထားသောနည်းလမ်း၊ ရှိနှင့်ပြီး သော လုပ်အားရင်းမြစ်များ အစရှိသောအချက်အလက်များပေါ်တွင် အခြေခံ၍ရွေးချယ်သင့်ပါသည်။ စီမံချက်အဖွဲ့အနေဖြင့် သတင်းအချက်အလက်ကောက်ယူရန်အဖွဲ ့ဖွဲ ့စည်းရန်အတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ် များကိုထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။

- ရွေးချယ်ထားသော မြို့ နယ်ကျေးရွာများရှိ သက်ဆိုင်ရာအစိုးရဌာနများမှ ကိုယ်စားပြုပုဂ္ဂိုလ်များ။

- သတ်မှတ်ထားသောကျေးရွာများတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အခြားသောပညာရေး (သို့) သုတေသနပြုအဖွဲ့ အစည်းများမှ ပုဂ္ဂိုလ်များ။
- ရပ်ရွာခေါင်းဆောင်များ။
- သတ်မှတ်မြို့နယ်၊ ကျေးရွာများမှ စေတနာ့ဝန်ထမ်း ကြက်ခြေနီလူငယ်များ။
- ရပ်ရွာကိုယ်စားပြုပုဂ္ဂိုလ်များ။
- သတင်းအချက်အလက်ကောက်ယူခြင်း လုပ်ငန်းစဉ်စီမံခန့်ခွဲမှုကို စီမံချက်အဖွဲ့ဝင်များနှင့် ကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတို့မှ ပူးပေါင်းဆောင်ရွက်၍ စောင့်ကြည့်ကြီးကြပ်ရန် လိုအပ် ပါသည်။ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ရပ်ရွာအဖွဲ့ဝင်များနှင့် အဓိကထိတွေ့ ဆက်ဆံရမည်ဖြစ်သည်။

## ၄.၂။ စောင့်ကြည့်အကဲဖြတ်အဖွဲ့ဝင်များအား သင်တန်းပေးခြင်း။

သတင်းအချက်အလက်ကောက်ယူခြင်း လုပ်ငန်းစဉ်အတွက်ပြင်ဆင်ရာ၌ စောင့်ကြည့်အကဲ ဖြတ်အဖွဲ့ဝင်များအား ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွဲဖက်၍ပူးပေါင်းပါဝင်သင်ယူခြင်းနှင့် လုပ်ဆောင်ခြင်းဆိုင်ရာနည်းလမ်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှချမှတ်ထားသော များကိုအသုံးပြု၍ သတင်းအချက်အလက်ဆန်းစစ်သုံးသပ်ခြင်းဆိုင်ရာ နည်းလမ်းများအကြောင်း ရှင်းလင်းသင်ကြားပေးရန်လိုအပ်သည်။ ကနဦးလေ့လာမှုနှင့် လုပ်ငန်းစဉ်ပြီးဆုံးမှု၊ လေ့လာမှုတို့၌အသုံး ပြုသောမေးခွန်းများအကြောင်းနှင့် အမျိုးမျိုးသောမေးခွန်းမေးမြန်းမှုပုံစံများအကြောင်းကိုလည်း ၄င်းတို့နှင့် အသေးစိတ် ဆွေးနွေးတိုင်ပင်ရန်လိုအပ်ပါသည်။ သို့မှသာအဖွဲ့ဝင်များအနေဖြင့် သင်တန်းပြီးဆုံးပြီး လက်တွေ့လုပ်ဆောင်ရာ၌ အဆင်ပြေချောမွေ့မည်ဖြစ်သည်။ သင်တန်းကာလ၌ အသေးစိတ်လုပ်ဆောင် ရမည့်လုပ်ငန်းစဉ်များနှင့် မေးမြန်းရမည့်မေးခွန်းများပါဝင်သော လေ့လာမှုပုံစံဒီဇိုင်းကို အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ရေးဆွဲရန်လိုအပ်ပါသည်။ ထို့ပြင် ရေးဆွဲထားသော လုပ်ငန်းစဉ်များနှင့်မေးခွန်းများ လက်တွေ့တွင်အဆင်ပြေမှုရှိ၊ မရှိကိုအနည်းဆုံးတစ်ကြိမ် လက်တွေ့စမ်းသပ်စစ်ဆေးမှုပြုလုပ်ရမည်ဖြစ်သည်။ အဆို ပါစမ်းသပ်စစ်ဆေးမှုရရှိသော အတွေ့အကြုံများ၊ သင်ခန်းစာများကိုအသုံးပြု၍ လေ့လာမှုနည်းလမ်းများ ကိုပိုမိုကောင်းမွန်အောင် ပြုပြင်သင့်သည်။

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| ထိရောက်သည့်ကနဦးလေ့လာမှုဖြစ်စေရန် စောင့်ကြည့်အကဲဖြတ်အဖွဲ့အား လိုအပ်သောကျွမ်းကျင်မှုများပို့ချပေး ရန်။ | ၁။ လေ့လာမှုမှတ်တမ်းပြုစုခြင်း။<br>၂။ သင်တန်းနည်းပြရွေးချယ်ခြင်း။<br>၃။ သင်တန်းပို့ချခြင်း (လက်တွေ့လုပ်ဆောင်ခြင်းအစီအစဉ်ပါဝင်စေလျက်)<br>၄။ နောက်ထပ်ပို့ချမည့်သင်တန်းများပိုမိုကောင်းမွန်မှုရှိစေရန်သင်တန်းပို့ချမှုအစီရင်ခံစာရေးသားခြင်း။ | စီမံချက်စောင့်ကြည့်အကဲဖြတ်မှုဆိုင်ရာအရာရှိမှ လေ့ကျင့်သင်ကြားထားသောကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် တိုင်ပင်ဆွေးနွေးရန်။ | လေ့ကျင့်သင်ကြားထားသောစောင့်ကြည့်အကဲဖြတ် အဖွဲ့။<br><br>နောက်ထပ်ပို့ချမည့်သင်တန်းများပိုမိုတိုးတက်စေရန်အကြံပြုဆွေးနွေးချက်များ။ | သင်တန်းသင်ရိုးစာအုပ်နှင့် ပါဝါပွိုင့်ဆလိုက်များ |

**ဇယား ၁၆**
အကျဉ်းချုပ် – စောင့်ကြည့်အကဲဖြတ်သင်တန်းပေးခြင်း

## ၄.၃။ သတင်းအချက်အလက်ကောက်ယူခြင်း။

စီမံချက်အဖွဲ့အနေဖြင့် စောင့်ကြည့်အကဲဖြတ်အဖွဲ့၊ ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှု အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မည်သည့်အချိန်တွင် မည်သို့သောအချက်အလက်များကို မည်သည့်နည်း လမ်းများအသုံးပြု၍ ကောက်ခံရမည်ကို ဆုံးဖြတ်ရန်လိုအပ်ပါသည်။ ထိုကဲ့သို့ဆုံးဖြတ်ရာတွင် ကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှလည်း ပံ့ပိုးကူညီရန်လိုအပ်သည်။ ပုံမှန်အားဖြင့် အဆိုပါအချက်အ လက်များကို စီမံချက်လုပ်ဆောင်မှုမှတ်တမ်းတွင်လည်း လေ့လာတွေ့ရှိနိုင်ပါသည်။

*မည်သည့်အချိန်တွင် သတင်းအချက်အလက်ကောက်ခံရမည်နည်း*

မည်သည့်အချိန် ဆိုသောအချက်ကို ဆုံးဖြတ်ရာတွင် ကနဦးလေ့လာဆန်းစစ်မှုပြုလုပ်ရာ၌ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မှု၏ အစောဆုံးကာလတွင်ဆောင်ရွက်သင့်သည်။ ထို့ပြင် အောက်ဖော်ပြပါအချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။

- ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသည့် ဆိုးဝါးသောဘေးအန္တရာယ်ကြုံတွေ့နိုင်သောအခြေ အနေများ။
- ရာသီအလိုက် စိုက်ပျိုး၊ ရိပ်သိမ်းမှုပြုလုပ်ရသောကြောင့် အလုပ်များသောကာလတွင် ရပ်ရွာလူထု အနေဖြင့် မေးခွန်းများဖြေဆိုရန်မအားလပ်ခြင်းကဲ့သို့သော အခြေအနေများ။
- ဓလေ့ရိုးရာနှင့် ဘာသာရေးပွဲတော်များ ကျင်းပသောအချိန်ကာလများ။
- အခြားသောအဖွဲ့အစည်းများမှ လေ့လာဆန်းစစ်မှုများ (တချိန်ထည်းတွင် ပြုလုပ်ခြင်းရှိ၊ မရှိ။)

  အစရှိသော အချက်များကိုထည့်သွင်းစဉ်းစား၍ မည်သည့်အချိန်တွင် ကနဦးလေ့လာဆန်းစစ်မှု ပြုလုပ်ရမည်ကို ရွေးချယ်သတ်မှတ်သင့်သည်။

*ကနဦးလေ့လာဆန်းစစ်မှုကို မည်ကဲ့သို့ ဆောင်ရွက်မည်နည်း*

ကနဦးလေ့လာဆန်းစစ်မှုနှင့် နောက်ဆုံးအဆင့်ဆန်းစစ်မှုတို့သည် ရပ်ရွာလူထုအား မေးခွန်းများ မေးမြန်ခြင်းပင်ဖြစ်သည်။ ထိုသို့မေးမြန်းရာတွင် ဖြေဆိုသူ၏ (အသက်၊ ကျား/မ၊ ပညာ အရည်အချင်း၊ အလုပ်အကိုင်၊ လူမျိုးနှင့် ကိုယ်းကွယ်မှု) အိမ်ထောင်စုအခြေအနေ (မိသားစုဝင်အရေ အတွက်၊ မိသားစုအတွင်းသက်ကြီးရွယ်အိုအရေအတွက်၊ ကလေးဦးရေ၊ မသန်စွမ်းမိသားစုဝင်အရေ အတွက်နှင့် နေအိမ်အမျိုးအစား) နှင့်တကွ ဘေးအန္တရာယ်နှင့်ပတ်သက်သော အတွေ့အကြုံ၊ သဘာဝဘေး အန္တရာယ်နှင့်သက်ဆိုင်သောဗဟုသုတ၊ ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် တုံ့ပြန်မှုအခြေအနေတို့ကို ဆန်းစစ်မှုပြုလုပ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မေးခွန်းများမေးမြန်ရာတွင် အဓိကအားဖြင့် ရပ်ရွာလူထု၏ အသိ ပညာ၊ သဘောထားနှင့် သက်ဆိုင်သောသတင်းအချက်အလက်များကို ရရှိနိုင်ရန် ဦးတည်၍ ဆောင်ရွက် သင့်သည်။

ကနဦးလေ့လာဆန်းစစ်မှုအတွက် ရပ်ရွာကိုယ်စားပြုမေးမြန်းရမည့် ကျေးရွာအရေအတွက်ကို ဆုံးဖြတ်ရာ တွင် ကျေးရွာရှိအိမ်ထောင်စုဝင်အရေအတွက်ပေါ်မူတည်၍ သတ်မှတ်ရွေးချယ်မှုပြုလုပ်ရန် လိုအပ်သည်။ အကောင်းဆုံးနည်းလမ်းမှာ ကိုယ်စားပြုအရေအတွက်ကို ကျေးရွာအတွင်းရှိ အိမ်ထောင်စုအရေအတွက်၏ အနည်းဆုံး (၁၀)ရာခိုင်နှုန်းခန့်ရွေးချယ်သတ်မှတ်သင့်သည်။ သို့ရာတွင် အချို့သော အိမ်ထောင်စု နည်းသောကျေးရွာများတွင် အရေအတွက်မည်မျှရွေးချယ်ရမည်ကို အသေးစိတ်ဆွေးနွေးတိုင်ပင်သင့်သည်။ မေးမြန်းရမည့် အိမ်ထောင်စုအရေအတွက်ကို သတ်မှတ်ပြီးလျှင် မေးမြန်မည့်အိမ်ထောင်စုများကို သင့်လျော်သလို ရွေးချယ်သတ်မှတ်နိုင်သည်။ စောင့်ကြည့်အကဲဖြတ်အဖွဲ့ဝင်များအနေဖြင့်လည်း ရွေးချယ် ထားသောအိမ်ထောင်စုများကို သွားရောက်တွေ့ဆုံပြီး တစ်အိမ်ထောင်လျှင်တစ်ဦးကျ မေးမြန်းမှုများ ပြုလုပ်ကြရမည်ဖြစ်သည်။ မေးခွန်းများကို ဖြေဆိုမည့်သူများသည် အနည်းဆုံးအသက် (၁၅)နှစ်ပြည့်ပြီး ကျေးရွာတွင်အမြဲတမ်း နေထိုင်သူဖြစ်ရန်လိုအပ်သည်။ အချက်အလက်ကောက်ယူမှု မှန်ကန်မြန်ဆန်မှုရှိစေ ရန် ဆန်းစစ်လေ့လာမှုအဖွဲ့အား အုပ်စုငယ်များဖွဲ့စည်းပြီးတာဝန်ခွဲဝေပေးရန် လိုအပ်ပါသည်။

| **အကွက် ၁၂**<br>**အိမ်ထောင်စု ရွေးချယ်ခြင်းပုံစံ (နမူနာ)** | အိမ်ထောင်စုအားလုံးပါဝင်သော ကျေးရွာမြေပုံကို ဦးစွာရေးဆွဲထားရမည်။ မြေပုံတွင် အိမ်ထောင်စုတစ်ခုစီကို နံပါတ်များသတ်မှတ်၍ စီမံချက်အဖွဲ့မှ ကြိုက်ရာနံပါတ်ကိုရွေးချယ်၍ မေးမြန်းရမည်းအိမ်ထောင်စုအဖြစ်ရွေးချယ်ရမည်ဖြစ်သည်။ ထို့နောက် ရွေးချယ်ထားသော အိမ်ထောင်စုထဲမှ ပုဂ္ဂိုလ်တစ်ဦးအား မေးခွန်းများ သွားရောက်မေးမြန်းရန်ဖြစ်သည်။ |
|---|---|

*သတင်းအချက်အလက်များအား လေ့လာသုံးသပ်ခြင်း။*

လေ့လာသုံးသပ်မှု လုပ်ငန်းစဉ်မပြုလုပ်မီဦးစွာ ကောက်ယူရရှိထားသော အချက်အလက် များကို သက်ဆိုင်ရာစီမံချက်ဝန်ထမ်းမှ ကွန်ပြူတာထဲသို့ စာရင်းသွင်းရပါမည်။ ထိုသို့ ပြုလုပ်ရာတွင် အချက် အလက်ကောက်ယူရေးအဖွဲ့ဝင်များမှလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထို့နောက်တွင် စာရင်းသွင်းထားသောအချက်အလက်များကို စီမံချက်စောင့်ကြည့်အကဲဖြတ်အရာရှိမှ လေ့လာသုံးသပ်ပြီး အများနားလည်သိရှိနိုင်သော ကနဦးလေ့လာဆန်းစစ်မှုသတင်း အစီရင်ခံစာအဖြစ် ရေးသားရမည်ဖြစ် သည်။

**ဇယား ၁၇**
**အကျဉ်းချုပ် – သတင်းအချက်အလက်ကောက်ခံခြင်**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| စီမံချက်၏အကျိုးသက်ရောက်မှုတိုင်းတာနိုင်ရန်အတွက် သတင်းအချက်အလက်များစုဆောင်း ခြင်း။ | ၁။ စောင့်ကြည့်အကဲဖြတ်အဖွဲ့ အားအဖွဲ့ငယ်များအဖြစ် ပြန်လည်ဖွဲ့ စည်းခြင်း။<br>၂။ သတင်းအချက်အလက်ကောက်ခံခြင်း။<br>၃။ သတင်းအချက်အလက်များအား လေ့လာသုံးသပ်ခြင်း | အဖွဲ့ငယ်များခွဲဝေဖွဲ့စည်းခြင်းနှင့် အချက်အလက်သုံးသပ်ခြင်း – စီမံချက်စောင့်ကြည့်အကဲဖြတ်အရာရှိ<br><br>အချက်အလက်ကောက်ခံမှုလုပ်ငန်းစဉ်အားပံ့ပိုးကူညီ ပေးခြင်း – ကျေး ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မ တီ | ကနဦးသတင်းအချက်အလက် များ။ | ကနဦးလေ့လာဆန်းစစ်မှုအတွက် မေးခွန်းပုံစံများ။ |

## ၄.၄။ တွေ့ရှိချက်များကို ပြန်လည်တင်ပြခြင်း။

တွေ့ရှိချက်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်းအမှုဆောင်အဖွဲ့ ဝင်များနှင့် သက်ဆိုင် ရာ မိတ်ဖက်အဖွဲ့ အစည်းများသို့ တင်ပြခြင်းမပြုမီ အစီရင်ခံစာအသွင်ရေးသားပြင်ဆင်ခြင်းကို စီမံချက် အဖွဲ့မှ အဓိကလုပ်ဆောင်ရမည်ဖြစ်သည်။ ကနဦးလေ့လာဆန်းစစ်မှုဆိုသည်မှာ စီမံချက်မစတင်မီ ကျေးရွာ၏ ပကတိအခြေအနေကိုဖော်ပြရန်နှင့် ထိုအခြေအနေပေါ်တွင် စီမံချက်ဝင်ရောက်ခြင်းကြောင့် တိုးတက်မှုမည်မျှရှိသည်ကို နှိုင်းယှဉ်မှုပြုလုပ်မည်ဖြစ်သောကြောင့် အစီရင်ခံစာရေးသားရာတွင် အဆိုပါ အချက်ကိုထည့်သွင်းစဉ်းစား၍ ရေးသားဖော်ပြရန်လိုအပ်သည်။

**ဇယား ၁၈**
**အကျဉ်းချုပ် – ကနဦးလေ့လာဆန်းစစ်မှုအစီရင်ခံစာ**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| ကနဦးအနေအထားအကြောင်း စီမံချက်တာဝန်ရှိသူများအားအသိပေးအကြောင်းကြားရန် | ၁။ အစီရင်ခံစာပြင်ဆင်ခြင်း။<br>၂။ အစီရင်ခံစာအား မြန်မာနိုင်ငံကြက်ခြေနီအသင်းအလုပ်အမှုဆောင်များနှင့် မိတ်ဖက်အဖွဲ့ အစည်းများအားတင်ပြခြင်း။ | အစီရင်ခံစာ ပြင်ဆင်ခြင်းနှင့်ပေးပို့ခြင်း – စီမံချက်စောင့်ကြည့်အကဲဖြတ်အရာရှိ။ | ကနဦးလေ့လာဆန်းစစ်မှုအစီရင်ခံစာ | ကောင်ခံစုဆောင်းထားသောသတင်းအချက်အလက်များ |

## အဓိကစိန်ခေါ်မှုများ။

**သတင်းအချက်အလက်များ မှန်ကန်စေရန် ထိန်းသိမ်ခြင်း။** ကောက်ယူစုဆောင်းထားသော သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိစေရန် အရည်အသွေးထိန်းသိမ်းခြင်းကို စနစ်တကျပြုလုပ်ရန်လိုအပ်သည်။ အချက်အလက်ကောက်ခံမှုလုပ်ငန်း စဉ်အတွက် ရရှိသောငွေကြေးရပုံငွေပေါ်တွင်မူတည်၍ စီမံချက်ဝန်ထမ်းများမှ စစ်ဆေးခြင်း (သို့) ပြင်ပမှ ကျွမ်းကျင်သူများဖိတ်ခေါ်ခြင်းဖြင့် (အထူးသဖြင့် စီမံချက်နှင့်သက်ဆိုင်သော အဖွဲ့ အစည်းများမှ ကိုယ်စား ပြုပုဂ္ဂိုလ်များ) ဆောင်ရွက်နေသော လုပ်ငန်းစဉ်များကို စစ်ဆေး၍ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ရပါမည်။ အချက်အလက်များ ကောက်ယူစုဆောင်းရာတွင် တိကျမှန်ကန် သင့်လျှော်မှုနှင့် ပြည့်စုံမှုရှိစေရန် အချက်အလက်များကို စနစ်တကျလေ့လာရွေးချယ်မှု ပြုလုပ်ရန်လိုအပ်ပါသည်။

**အချိန်မီပြီးစီးခြင်း။** အချိန်အကန့်အသတ်ဖြင့် ဆောင်ရွက်ရသော ဘေးအန္တရာယ်လျော့ချရေးစီမံချက်အနေဖြင့် ကနဦးလေ့လာဆန်းစစ်မှုလုပ်ငန်းစဉ်ပြုလုပ်ရာ၌ သတ်မှတ်ချိန်အတွင်းပြီးရန်လိုအပ်ပါသည်။ စီမံချက်ဝင်ရောက်ဆောင်ရွက်ခြင်း၏ အကျိုးသက်ရောက်မှုကို တိုင်းတာနိုင်ရန်အတွက် စီမံချက်မစတင်မီ ကနဦးလေ့လာဆန်းစစ်မှုပြုလုပ်ရန် အရေးကြီးပါသည်။

**ပွင့်လင်းမြင်သာမှုရှိစေခြင်း။** သတင်းအချက်အလက်ကောက်ယူစုဆောင်းရာတွင် မည်သည့်နည်းလမ်းကိုအသုံးပြုမည်။ အသုံးပြုနိုင်သတင်းရင်းမြစ်များ၊ ကြိုတင်ပြင်ဆင်ထားသောယူဆချက်များနှင့် အချို့သောကန့်သတ်ချက် များအကြောင်း ရှင်းလင်းစွာဖော်ပြထားရန် အရေးကြီးလှသည်။ အချက်အလက်ကောက်ယူမှုနှင့် ကန့် သတ်ချက်များအကြောင်းကိုလည်း အသေးစိတ်ဖော်ပြရန်လိုအပ်လှပါသည်။ ထို့ပြင်စီမံချက်မစတင်မီ ရပ်ရွာ၏လက်တွေ့အခြေအနေကို ပိုမိုနားလည်သိရှိနိုင်စေရန် မေးမြန်းမှုများတွင် ကျား/မအချိုး ညီမျှမှု ရှိစေရန် အလေးထားဆောင်ရွက်သင့်သည်။

**လုပ်ငန်းအမျိုးအစားတူညီမှုကိုရှောင်လွှဲနိုင်ရန်။** ကနဦးသတင်းအချက်အလက် ကောက်ယူစုဆောင်းမှုမပြုလုပ်မီ စီမံချက်အနေဖြင့် ရပ်ရွာအတွင်းအခြားသောလူမှုရေးအဖွဲ့အစည်း(သို့)ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုခုမှ သတင်းအချက်အလက်ကောက်ယူခြင်းလုပ်ငန်းစဉ် လုပ်ဆောင်ထားခြင်းရှိ/ မရှိကို ရှေးဦးစွာ လေ့လာ သုံးသပ်ကြရပါမည်။ အကယ်၍ လုပ်ဆောင်ထားခြင်းရှိပါက ၎င်းတို့စုဆောင်းရရှိထားသော အချက်အလက်များကို ကြည့်ရှုပြီး လိုအပ်သောနေရာများတွင် ဖြည့်စွက်ရန်ဖြစ်သည်။ ထိုသို့ လိုအပ်သောအချက် အလက်အချို့ကိုသာ ကောက်ယူခြင်းဖြင့် အချိန်ကုန်သက်သာစေရန်ဖြစ်သည်။ သို့ရာတွင် ရှိနှင့်ပြီးသော သတင်းအချက်အလက်များကို အတည်မပြုမီ အဆိုပါအချက်အလက်များသည် သင်လျော်မှန်ကန်မှု ရှိ/ မရှိကို အရင်ဆုံးစစ်ဆေးအတည်ပြုရန် လိုအပ်သည်။

**ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအားပါဝင်စေခြင်း။** စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်စဉ်ကာလတလျှောက် ကျောင်းဘေးအန္တရာယ် စီမံကိန်းစီမံခန့်ခွဲမှု ကော်မတီအနေဖြင့် ပါဝင်ရန်အရေးကြီးလှသည်။ ကနဦးလေ့လာဆန်းစစ်မှု ပြုလုပ် ခြင်းကို ကျေးရွာဘေးအန္တရာယ်လျော့ချရေးစီမံခန့်ခွဲမှုကော်မတီမှလည်း ပူးပေါင်းပါဝင်ရမည်ဖြစ်သည်။ စီမံချက်မှရရှိသော ပစ္စည်းရင်းမြစ်များကို ထိရောက်စွာအသုံးပြုနိုင်ရန်နှင့် အမျိုးအစားတူလုပ်ငန်းစဉ်များ ထပ်လဲအကောင်အထည်ဖော်ခြင်းကို ရှောင်လွှဲနိုင်ရန် ကျောင်းဘေးအန္တရာယ်လျော့ချရေး အစီအစဉ်အနေ ဖြင့် ရပ်ရွာဘေးအန္တရာယ်လျော့ချရေး အစီအစဉ်နှင့်ချိတ်ဆက်၍ ဆောင်ရွက်ကြရပါမည်။ ချိတ်ဆက် ဆောင်ရွက်မှုပိုမိုကောင်းမွန်လာစေရန် အချက်အလက်ကောက်ယူခြင်းလုပ်ငန်းစဉ်တွင် ကျောင်းအခြေပြု ကော်မတီမှ အဖွဲ့ဝင်တစ်ဦးပါဝင်ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

## အခြားသောဆက်စပ်အကြောင်းအရာများ

ကနဦးလေ့လာဆန်းစစ်မှုပြုလုပ်ရာတွင် ကျေးရွာလူထုအတွင်းရှိ လက်တွေ့အခြေအနေကို ထင်ဟပ်မှုရှိစေရန် ကျား၊မ မျှတစွာမေးမြန်းမှုပြုလုပ်ရမည်ဖြစ်သည်။ သတင်းအချက်အလက်စုဆောင်းခြင်း လုပ်ငန်းစဉ်တွင် အမျိုးသမီးများပါဝင်ရေးအတွက် တိုက်တွန်းအားပေးရမည်ဖြစ်ပြီး ၎င်းတို့၏ဖြေကြား ချက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ဖြစ်နိုင်လျှင် သတင်းအချက်အလက်ကောက်ယူရေးအဖွဲ့ တွင် အမျိုးသမီးဦးရည် အနည်းဆုံး (၄၀) ရာခိုင်နှုန်းခန့်ပါဝင်သင့်သည်။

မသန်းစွမ်းနှင့် သက်ကြီးရွယ်အိုများအနေဖြင့် ဘေးအန္တရာယ်ကျရောက်ပါက အခြားသော သူများထက်ပိုမိုထိခိုက်လွယ်ပါသည်။ သွားလာရခက်ခဲခြင်း၊ အမြင်အကြားအာရုံချို့တဲ့ခြင်း၊ လေ့လာသင် ယူနိုင်စွမ်းမရှိခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ်ဒဏ်ကို ပိုမိုခံစားကြရနိုင်ပါသည်။ ထို့ကြောင့်လူထု အခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံချက်များ ရေးဆွဲရာတွင် မသန်းစွမ်းသူများနှင့် သက်ကြီးရွယ်အို များအတွက်ပါ ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ သတင်းအချက်အလက်မေးမြန်းမှု ပြုလုပ်ရာတွင် ၎င်းတို့၏စကားသံများကိုထည့်သွင်း မှတ်တမ်းတင်ထားရှိကြရပါမည်။

**အကြံပြုချက** ကနဦးလေ့လာဆန်းစစ်မှုအတွက် အချက်အလက်ကောက်ယူရာတွင် စီမံချက်နှင့်ပက်သက် သော အချက်အလက်များဖြစ်သည့် ဘေးအန္တရာယ်အမျိုးအစား၊ ထိခိုက်လွယ်မှုအခြေအနေ စသည်တို့ အပြင် ရပ်ရွာလူထု၏ အသိပညာ၊ ဗဟုသုတ၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍတွင် ၎င်းတို့လက်ရှိလုပ်ကိုင်နေမှုအခြေအနေ တို့ကိုလည်း ထည့်သွင်းကောက်ယူရန် လိုအပ်ပါသည်။ သို့မှသာ စီမံချက်အနေဖြင့် ထိုကဲ့သို့ဆက်စပ်အကြောင်းအရာများကို ထည့်သွင်း စဉ်းစား၍ လုပ်ကိုင်ရမည့်လုပ်ငန်းစဉ်များကို ဖော်ထုတ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

# လက်တွေ့လုပ်ငန်းခွင် ဥပမာ။

**ကနဦးလေ့လာဆန်းစစ်မှုလုပ်ငန်းစဉ်ကို ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (ဒီအာအာ စီမံချက်/၂၀၁၀)**

- လေ့လာဆန်းစစ်မှု မစတင်မီ ကြက်ခြေနီစေတနာလုပ်အားရှင်များကို နှစ်ရာတာသင်တန်းပေးခြင်းအား ဦးစွာဆောင်ရွက်သည်။ အဆိုပါသင်တန်းတွင် သတင်းအချက်အလက်မေးမြန်းခြင်းနှင့် အချက်အလက်များအား စာရင်းသွင်းခြင်းဟူသော အပိုင်း(၂)ပိုင်းကို ပို့ချသင်ကြားပေးခဲ့သည်။ ထို့နောက်တွင် သတင်းအချက်အလက်ကောက်ယူခြင်း လုပ်ငန်းစဉ်များအကြောင်းကို သက်ဆိုင် ရာတာဝန်ရှိသူများထံ အကြောင်းကြားအသိပေးခြင်းကို ပြုလုပ်ရပါသည်။
- လက်တွေ့ဆောင်ရွက်မှုကာလတွင် ကျေးရွာလူထုခေါင်းဆောင်များနှင့် ရပ်ရွာလူထုပူးပေါင်းပြီး ရပ်ရွာအတွင်းရှိ အိမ်ထောင်စုအားလုံးပါဝင်သော ကျေးရွာမြေပုံအကြမ်းတစ်ခုရေးဆွဲရန် ကြက်ခြေ နီစေတနာလုပ်အားရှင်များမှ ကူညီဆောင်ရွက်သည်။ မြေပုံတွင် အိမ်ထောင်စုတစ်ခုလျှင် နံပါတ် တစ်ခုစီပေး၍ အမှတ်အသားပြုလုပ်စေသည်။ ကျေးရွာတစ်ရွာလျှင် အိမ်ထောင်စု စုစုပေါင်း၏ အနည်းဆုံး (၁၀)ရာခိုင်နှုန်းခန့် မေးမြန်းမှုပြုလုပ်ရမည်ဖြစ်သည်။ ရေကြည်မြို့နယ်တွင် စီမံချက် အနေဖြင့် ကျေးရွာပေါင်း (၁၇)ရွာ၊ အိမ်ထောင်စုပေါင်း (၂၄၅၈)စုထံမှ သတင်းအချက်အလက်များ ကောက်ယူစုဆောင်းမှု ပြုလုပ်ခဲ့ပါသည်။
- ကြက်ခြေနီစေတနာလုပ်အားရှင်များအနေဖြင့် သတ်မှတ်အိမ်ထောင်စုများသို့သွားရောက်၍ အသက် (၁၈) နှစ်ပြည့်ပြီးသော အိမ်ထောင်စုဝင်တစ်ဦးအား မေးခွန်းများမေးမြန်းစေသည်။ ထိုသို့ မေးမြန်မှုကို မှတ်တမ်းတင်ပြီးပါက သက်ဆိုင်ရာအချက်အလက်များအား စာရင်းသွင်းကား အဖွဲ့ ခေါင်းဆောင်းထံသို့ ဖြည့်စွက်ထားသောပုံစံများ အားလုံးကို အပ်နှံစေသည်။ ထိုမှတ်တမ်းများကို အခြေခံ၍ စောင့်ကြည့်အကဲဖြတ်အရာရှိမှ အစီရင်ခံစာပြုစုပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ရုံးချုပ်နှင့် ပြင်သစ်ကြက်ခြေနီအသင်းထံသို့ ပေးပို့ပါသည်။

# လုပ်ငန်းစဉ် ၅ ကဏ္ဍစုံလေ့လာဆန်းစစ်မှုပြုလုပ်ခြင်း

ကဏ္ဍစုံလေ့လာဆန်းစစ်မှုပြုလုပ်ခြင်းသည် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ နယ်ပယ်တစ်ခုတွင်သာမက အခြားသောရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနယ်ပယ်များဖြစ်သော ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကြောင်းမှုဆိုင်ရာ ကိစ္စရပ်များတွင် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လုပ်ငန်းစဉ်များ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်လာနိုင်သည့် နယ်ပယ်ကဏ္ဍများကို ဖော်ထုတ်သတ်မှတ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကဏ္ဍတစ်ခုခြင်းစီတွင် ဆောင်ရွက်လျက်ရှိသည့် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သောအချက်အလက်များ၊ ဘေးအန္တရာယ်မဖြစ်ပေါ်မီ နှင့် ဖြစ်ပွားပြီးအခြေအနေနှင့်ပတ်သက်သော သမိုင်းကြောင်းဆိုင်ရာအချက်အလက်များကို စုဆောင်း ကောက်ယူပြီး စီမံချက်အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးတာဝန်ရှိသူများထံသို့ အကြောင်းကြား တင်ပြမှုများပြုလုပ်ရပါမည်။ သို့မှသာ ၄င်းတို့အနေဖြင့်ကဏ္ဍစုံပါဝင်သော ရပ်ရွာအခြေပြုဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာအစီအစဉ်များကို ရေးဆွဲနိုင်မည်ဖြစ်သည်။

ကဏ္ဍစုံလေ့လာဆန်းစစ်မှုကို ပိုမိုထိရောက်စွာရေးဆွဲနိုင်ရန် ကနဦးလေ့လာဆန်းစစ်မှုနှင့် ကဏ္ဍစုံလေ့လာမှုတို့ ဆက်စပ်ဆောင်ရွက်နိုင်သောကဏ္ဍများကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ ၄င်းလုပ်ငန်းစဉ်နှစ်ရပ်ကို ချိတ်ဆက်ဆောင်ရွက်ဆောင်ရွက်ခြင်းဖြင့် အချိန်ကုန် လူပင်ပန်းမှုကို သက်သာ စေမည်ဖြစ်သည်။ ကဏ္ဍစုံလေ့လာဆန်းစစ်မှုပြုလုပ်ခြင်းကြောင့် ရပ်ရွာအခြေပြုလုပ်ဆောင်ရမည့် အစီ အစဉ်များရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း(ဖ)မှ ထုတ်ပြန် ထားသော အားနည်းချက်နှင့်စွမ်းဆောင်ရည်လေ့လာဆန်းစစ်ခြင်း(ဗွဃဗ)ဆိုင်ရာ လမ်းညွှန်ချက်များအရ စီမံချက်တွင်ပါဝင်သော တာဝန်ရှိသူများအနေဖြင့် စီမံချက်အစောပိုင်းကာလဖြစ်သော ကနဦးသတင်း အချက်အလက်ကောက်ယူမှုလုပ်ငန်းစဉ်ဆောင်ရွက်စဉ်ကတည်းက ပါဝင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ သို့မှသာ ၄င်းတို့အနေဖြင့် စီမံချက်အကြောင်းစေ့စေ့ငှငှသိရှိမည်ဖြစ်ပြီး ရလဒ်ကောင်းများထွက်ပေါ်နိုင် စေရန် ပံ့ပိုးကူညီနိုင်မည်ဖြစ်သည်။ ထို့ပြင် စီမံချက်ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းကြက်ခြေနီလူငယ် များကိုလည်း အချက်အလက်ကောက်ယူခြင်း၊ လေ့လာသုံးသပ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်စေခြင်းဖြင့် စီမံကိန်းဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် ရင်းနှီး ကျွမ်းဝင်စေမည်ဖြစ်သည်။ (IFRC VCA လမ်းညွှန်ချက် – ၂၀၀၇)

## ၅.၁။ ကဏ္ဍစုံလေ့လာဆန်းစစ်မှုအဖွဲ့ ဖွဲ့စည်းခြင်း။

အရည်အသွေးပြည့်မီ၍ထိရောက်အောင်မြင်သော ကဏ္ဍစုံလေ့လာဆန်းစစ်မှု ဖြစ်စေရန် လုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့ ဖွဲ့စည်းရန်လိုအပ်သည်။ ထိုသို့ပြုလုပ်ရာ တွင် အောက်ပါအချက်များပေါ်တွင်အခြေခံ၍ ကဏ္ဍစုံလေ့လာဆန်းစစ်မှုအဖွဲ့ ဖွဲ့စည်းရမည်ဖြစ်သည်။

၁။ အဖွဲ့တွင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ( ရပ်ရွာနှင့်ကျောင်း နှစ်ဖွဲ့စလုံး)၊ ရပ်ရွာလူထုနှင့် စေတနာ့ဝန်ထမ်းကြက်ခြေနီလူငယ်တို့ ပါဝင်စေလျက် ဖွဲ့စည်းရပါမည်။ စောင့်ကြည့်အကဲဖြတ် အဖွဲ့ ဖွဲ့စည်းစဉ် ကကဲ့သို့ပင် ကဏ္ဍစုံလေ့လာဆန်းစစ်မှုအဖွဲ့တွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီမှ အဓိကဦးဆောင် လုပ်ကိုင်ရမည်ဖြစ်သည်။

၂။ ကဏ္ဍစုံလေ့လာဆန်းစစ်မှုအဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းကျွမ်းကျင်မှုရှိရန်လိုအပ်ပြီး (သို့) ဘေးအန္တရာယ်လျော့ပါးရေး၊ ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကြောင်းမှုနှင့် ဘေးအန္တရာယ်လျော့ပါးသက်သာစေရေးနှင့်သက်ဆိုင်သော သင်တန်းတစ်ခုခုကို တတ်မြောက် ထားရန်လိုအပ်ပါသည်။

၃။ အဖွဲ့ဖွဲ့စည်းစဉ်ကတည်းကပင် အမျိုးသမီးများနှင့် အခြားသောဘေးအန္တရာယ်ကျရောက်လွယ် နိုင်သောအုပ်စုများ (သက်ကြီးရွယ်အိုနှင့် မသန်မစွမ်း) တို့ပါဝင်စေရန် တိုက်တွန်းနှိုးဆော်ရမည်။

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| အဖွဲ့ဖွဲ့စည်းခြင်း | ၁။ ကျေးရွာကော်မတီအဖွဲ့ဝင်များထံမှ အချက်အလက်များစုဆောင်းခြင်း။<br>၂။ ရပ်ရွာလူထု၏ အချက်အလက်များ။<br>၃။ ကဏ္ဍစုံလေ့လာဆန်းစစ်မှုအဖွဲ့ဝင်များရွေးချယ်ခြင်း။<br>၄။ အဖွဲ့ဝင်များအား သင်တန်းများပေးခြင်းနှင့် လက်တွေ့ဆောင်ရွက်စေခြင် | အချက်အလက်ကောက်ယူခြင်း၊အဖွဲ့ဝင်များရွေးချယ်ခြင်းနှင့်လက်တွေ့သင်တန်းပေးခြင်း – စီမံချက်ညှိနှိုင်းရေးမှူးနှင့်သင်တန်းရေးရာအရာရှိ<br><br>သတင်းအချက်အလက်များဖြန့်ဝေခြင်း – ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | ကဏ္ဍစုံလေ့လာဆန်းစစ်မှုအဖွဲ့ | IFRC ၏ VCA ဆိုင်ရာလမ်းညွှန်ချက်များ။ |

ဇယား ၁၉
အကျဉ်းချုပ် – ကဏ္ဍစုံလေ့လာဆန်းစစ်မှုအဖွဲ့ဖွဲ့စည်းခြင်း

## ၅.၂။ လက်တွေ့လုပ်ငန်းခွင်ဆောင်ရွက်ခြင်း။

လက်တွေ့လုပ်ငန်းခွင်ဆောင်ရွက်ခြင်းဆိုသည်မှာ ရပ်ရွာလူထုအား စီမံချက်မှဆောင်ရွက် မည့်လုပ်ငန်းစဉ်များအကြောင်းအသိပေးအကြောင်းကြားခြင်းနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင် ရာ စီမံချက်ဆောင်ရွက်မှုအတွက်လိုအပ်သော ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပို့ချပေးခြင်းပင်ဖြစ် သည်။ အဆိုပါသင်တန်းတွင်အားနည်းချက်နှင့် စွမ်းဆောင်ရည်လေ့လာဆန်းစစ်မှုဆိုင်ရာနည်းလမ်းများ နှင့် ပြဿနာလေ့လာသုံးသပ်ခြင်း စသောအကြောင်းအရာများကို ပို့ချသင်ကြားပေးပါသည်။ ထို့အပြင် သင်တန်းတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများတွင် ကျား၊မနှင့်သက်ဆိုင်သောကိစ္စရပ်များ ကို ထည့်သွင်းစဉ်းစားစေရေးနှင့် စီမံချက်တွင်မသန်မစွမ်းသူများ ပါဝင်နိုင်စေရေးတို့ကို အထူးအလေး ထားပို့ချရသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်း ဖက်ဒရေးရှင်း(ဖွဲ့) ၏ ၂၀၂၀ ခုနှစ်နည်းဗျူဟာမျှော်မှန်းချက်များအရ စီမံချက်တိုင်းတွင် အကြမ်းဖက်မှုကာကွယ်ခြင်း၊ ဗလျှာချခြင်းနှင့် တုံ့ပြန်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် အထူးအလေးထားဆောင်ရွက်ရန် ထုတ်ပြန်ထား သည့်အတိုင်း အဆိုပါကိစ္စရပ်များကို စီမံချကတွင်ထည့်သွင်းရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက် ရပါသည်။ အဆိုပါသင်တန်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းရုံးချုပ်တွင် (၁၀)ရက်တာကာလ လေ့ကျင့် သင်ယူထားသော ကြက်ခြေနီစေတနာလုပ်အားရှင်များမှ (၃)ရက်တာ သင်တန်းအနေဖြင့် ပြန်လည်ပို့ချ စေသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဝန်ထမ်းများမှလည်းပံ့ပိုးကူညီဆောင် ရွက်သည်။ လက်တွေ့လုပ်ငန်းလုပ်ဆောင်ရာတွင် အဓိကအားဖြင့် သင်တန်းပို့ချခြင်းနှင့် လက်တွေ့ဆောင်ရွက်ခြင်းဟူသော အပိုင်း (၂)ပိုင်းပါဝင်သည်။

### သင်တန်းပို့ချခြင်

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| လုပ်ငန်းထိရောက်မှုရှိစေရန်အဖွဲ့ဝင်များအား လိုအပ်သောကျွမ်းကျင်မှုများသင်ကြားပေး ခြင်း။ | ၁။ လုပ်ငန်းစဉ်အကြောင်း အကြမ်းဖျဉ်းရေးဆွဲခြင်း။<br>၂။ သင်တန်းဆရာရွေးချယ်သတ်မှတ်ခြင်း။<br>၃။ သင်တန်းပို့ချ ခြင်း (စာတွေ့၊ လက်တွေ့)<br>၄။ သင်တန်းနှင့်ပတ်သက်သောအစီရင်ခံစာရေးသားခြင်း | စီမံချက်ညှိနှိုင်းရေးမှူး/ သင်တန်းရေးရာအရာရှိ | လေ့ကျင့်သင်ကြားပေးထားသည့် အဖွဲ့ဝင်များ။<br><br>နောင်သင်တန်းများအတွက် ဖြည့်စွက်အကြံပြုချက် များ။ | IFRC, VCA လမ်းညွှန်ချက်များ<br><br>ကဏ္ဍစုံလေ့လာဆန်းစစ်မှုနှင့်သက်ဆိုင်သောနည်းလမ်းများ |

ဇယား ၂၀
အကျဉ်းချုပ် – သင်တန်းပို့ချခြင်း (ကဏ္ဍစုံလေ့လာဆန်းစစ်မှုဆိုင်ရာ)

သင်တန်းပို့ချခြင်းဟုဆိုရာတွင် ကဏ္ဍစုံလေ့လာဆန်းစစ်မှုအဖွဲ့ဝင်များအား ထိရောက် သောလေ့လာဆန်းစစ်မှုပြုလုပ်ရန်အတွက် လိုအပ်သောကျွမ်းကျင်မှုများ ပို့ချသင်ကြားပေးခြင်းဖြစ်သည်။ ထို့ကြောင့်အဖွဲ့ဝင်များအနေဖြင့် ကဏ္ဍ

စုံလေ့လာဆန်းစစ်မှု၏ရည်ရွယ်ချက်၊ လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်အဆင့်များ၊ အသုံးပြုရမည့် နည်းလမ်းများ(ရပ်ရွာတွင်းလှည့်လည်လေ့လာခြင်း၊ ရပ်ရွာတွင်းရရှိနိုင်သော ရင်းမြစ်များရေးဆွဲထားသောမြေပုံ) စသည်တို့ကို လေ့လာသင်ကြားရမည် ဖြစ် သည်။ ထိုသို့စာတွေ့ပိုင်းဆိုင်ရာသင်ကြားပို့ချပေးပြီးသည့်နောက်တွင် လက်တွေ့လုပ်ငန်းစဉ်ဆောင် ရွက်ခြင်း လေ့ကျင့်ခန်းကိုပြုလုပ်ရမည်ဖြစ်သည်။

## လက်တွေ့လုပ်ဆောင်ခြင်း။

ကဏ္ဍစုံလေ့လာဆန်းစစ်မှုအတွက် လိုအပ်သောနယ်ပယ်အသီးသီး၏ သတင်းအချက် အလက်များရယူရန်အတွက် ကဏ္ဍအလိုက်အုပ်စုငယ်များဖွဲ့စည်း၍ ဆောင်ရွက်ရန်လိုအပ်ပါသည်။သို့မှသာ ကဏ္ဍတစ်ခုချင်းစီအတွက် အားနည်းချက်နှင့်စွမ်းဆောင်ရည် အကဲဖြတ်ခြင်းကို မှန်ကန်ထိရောက်စွာ ပြုလုပ်နိုင်မည်ဖြစ်သည်။ ကဏ္ဍတိုင်းတွင်လည်း ကျား၊မနှင့်သက်ဆိုင်သော ကိစ္စရပ်များကို အသေးစိတ် ထည့်သွင်းစဉ်းစား၍ အချက်အလက်များကောက်ယူစုဆောင်းရန်လို အပ်ပါသည်။ လက်တွေ့လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုမီ အောက်ပါအချက်အလက်များပါဝင်သော လုပ်ငန်းအစီအစဉ် ကိုရေးဆွဲပြင်ဆင်ထားရမည်ဖြစ်သည်။

- လုပ်ငန်းစဉ်တစ်ခုချင်းစီနှင့် ၎င်းတို့၏သတ်မှတ်အချိန်ကာလများ
- အသုံးပြုမည့်နည်းလမ်းများ
- အဖွဲ့ဝင်များလုပ်ဆောင်ရမည့်တာဝန်နှင့် လုပ်ငန်းစဉ်များ
- လိုအပ်သော ထောက်ပံ့ရေးအစီအစဉ်များ

## *မည်ကဲ့သို့ သတင်းအချက်အလက်ကောက်ယူရမည်နည်း*

ရေးဆွဲပြင်ဆင်ထားသော လုပ်ငန်းအစီအစဉ် (Field Plan of Action) ပေါ်တွင်မူတည် ၍ စီမံချက်အဖွဲ့ဝင်များအနေဖြင့် ရပ်ရွာလူထုနှင့်ပူးပေါင်းပြီး ကဏ္ဍစုံလေ့လာဆန်းစစ်မှု ပြုလုပ်ရမည်ဖြစ် သည်။ ထိုသို့ ဆောင်ရွက်ရာတွင် အောက်တွင်ဖော်ပြထားသော (ပုံစံ–၁၃)ပါနည်းလမ်းများကို အသုံးပြု၍ ကြက်ခြေနီစေတနာရှင်လုပ်အားပေးလူငယ်များမှ တက်ကြွစွာပါဝင်လုပ်ဆောင်ခြင်းဖြင့် ပြုလုပ်နိုင်သည်။ နည်းလမ်းများကိုအသုံးပြုရာတွင်လည်း ရပ်ရွာလူထု၏ အခြေအနေပေါ်မူတည်၍ သင့်လျော်မှန်ကန်သော နည်းလမ်းကိုရွေးချယ်လုပ်ဆောင်သင့်ပါသည်။

**အကွက် ၁၃**
**လူထုအခြေပြုသတင်းအချက်အလက်ကောက်ယူရေးဆိုင်ရာနည်းလမ်းများ**

- မြေပုံရေးဆွဲခြင်း ( လူမှုဝန်းကျင်၊ သဘာဝဘေးအန္တရာယ်၊ ရပ်ရွာတွင်းရရှိနိုင်သော ရင်းမြစ်များ )
- တိုက်ရိုက်ကြည့်ရှုလေ့လာခြင်း။
- ရာသီပြပြက္ခဒိန်။
- သမိုင်းကြောင်းအထောက်အထားရာဇဝင်။
- ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း။
- ရပ်ရွာတွင်း တာဝန်ရှိသူများနှင့် ဆွေးနွေးမေးမြန်းမှုများ
- လူမှုကွန်ယက်များအား သုံးသပ်လေ့လာခြင်း။

ထိုသို့အချက်အလက်များ ကောက်ယူပြီးသည်နှင့် ရရှိလာသောအချက်အလက်များကို သတ်မှတ်ထားသောပုံစံအတွင်းသို့ဖြည့်သွင်း၍ လေ့လာသုံးသပ်မှုပြုလုပ်စေသည်။ အဆိုပါသတ်မှတ်ပုံစံတွင် အဓိကအုပ်စု(၅)စု ခွဲ၍ (သဘာဝဘေးများနှင့် ခြိမ်းခြောက်မှုများ၊ အန္တရာယ်ကျရောက်နိုင်မှုနှင့် အကျိုးသက်ရောက်မှုများ၊ အန္တရာယ်ကျရောက်နိုင်သောနယ်ပယ်၊ အားနည်းချက်နှင့် အားသာချက်) ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။ ဤသို့သက်ဆိုင်ရာအုပ်စုအသီးသီးတွင် ဖြည့်စွက်လေ့လာပြီး ကဏ္ဍစုံလေ့ လာဆန်းစစ်မှုအဖွဲ့မှ အဓိကကြုံတွေ့နေရသောပြဿနာများကို ဖော်ထုတ်သတ်မှတ်ရမည်ဖြစ်သည်။ ကြုံတွေ့ရသောပြဿနာပေါ်တွင်အခြေခံ၍ ပြဿနာရင်းမြစ်ကိုဖော်ထုတ်သော ပြဿနာသစ်ပင်ရေးဆွဲခြင်း နှင့် ၎င်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရမည်ဖြစ်သည်။ ထိုသို့ပြဿနာရင်းမြစ်ကို ဖော်ထုတ် သတ်မှတ်နိုင်မှသာ ဖြေရှင်းဆောင်ရွက်နိုင်မည့်နည်းလမ်း၊ လုပ်ငန်းစဉ်များကို ချမှတ်ရေးဆွဲနိုင်မည်ဖြစ် သည်။ ထို့အပြင် ရပ်ရွာလူထုမှ ဖြည့်စွက်သောအကြံပြုချက်များကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ် ပါသည်။ လုပ်ငန်းစဉ်ဆောင်ရွက်မှုကြောင့်ရရှိလာသောရလဒ်များကို ရပ်ရွာလူထုနှင့် စစ်ဆေးအတည်ပြု ကြရမည်ဖြစ်သည်။ ကျေးရွာမှလုပ်ဆောင်ရမည့် အစီအစဉ်ရေးဆွဲခြင်းနှင့်သက်ဆိုင်သော အသေးစိတ်အကြောင်းအရာများကို အဆင့် (၆) တွင်လေ့လာကြည့်ရှုနိုင်ပါသည်။

**ဇယား ၂၁**
**အကျဉ်းချုပ် – ကဏ္ဍစုံလေ့လာဆန်းစစ်မှုဆောင်ရွက်ခြင်**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| ရပ်ရွာလူထု၏အား နည်းချက်နှင့် စွမ်းဆောင်ရည် အရင်းအမြစ်များကို ဖော်ထုတ်ခြင်း။ | ၁။ ကဏ္ဍစုံလေ့လာဆန်းစစ်မှုအဖွဲ့ အားအဖွဲ့ ငယ်များခွဲ၍ဖွဲ့စည်းခြင်း။<br>၂။ လုပ်ငန်းစဉ်များအကောင်အထည် ဖော်ခြင်း (ရပ်ရွာ တွင်းလှည့်လည်လေ့လာခြင်း၊ အန္တရာယ်ပြမြေပုံရေးဆွဲခြင်းနှင့် ရာသီပြပြက္ခဒိန်ပြုလုပ်ခြင်း)<br>၃။ တွေ့ ရှိချက်များကိုစုစည်းခြင်း | အဖွဲ့ငယ်များဖွဲ့စည်းခြင်းနှင့်တွေ့ရှိချက်များကို စုစည်းခြင်း – စီမံ ချက်ညှိနှိုင်းရေးမှူးနှင့်သင်တန်းရေးရာအရာရှိ<br><br>ကဏ္ဍစုံလေ့လာဆန်းစစ်မှုလက်တွေ့ဆောင်ရွက် ခြင်း – စီမံချက်ညှိ နှိုင်းရေးမှူး၊ သင် တန်းရေးရာအရာရှိ ဒုတပ်ရင်းမှူး | ကဏ္ဍစုံလေ့လာဆန်းစစ်ချက်။ | သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာလေ့လာဆန်းစစ်မှုအစီရင် ခံစာ<br><br>IFRC,VCA လမ်းညွှန်ချက်များ<br><br>ကဏ္ဍစုံလေ့လာဆန်းစစ်မှုနှင့်သက်ဆိုင်သောနည်းလမ်းများ |

## ၅.၃။ လေ့လာဆန်းစစ်မှုအစီရင်ခံစာ။

လေ့လာဆန်းစစ်မှုများပြီးဆုံးပြီးနောက် အစီရင်ခံစားရေးသားခြင်းကို စီမံချက်ညှိနှိုင်းရေး မှူးနှင့် သင်တန်းရေးရာအရာရှိတို့မှ အဓိကတာဝန်ယူလုပ်ဆောင်ရမည်ဖြစ်သည်။ အဆိုပါအစီရင်ခံစာ တွင် လေ့လာမှုမှရရှိသော အချက်အလက်များ၊ မှတ်တမ်းဓါတ်ပုံများ၊ မြေပုံများကို စနစ်တကျစုစည်း ဖော်ပြရမည်ဖြစ်သည်။ ကျေးရွာတစ်ခုချင်းစီအတွက် သက်ဆိုင်ရာအစီရင်ခံစားများရေးသားပြုစုပြီး မြန်မာ နိုင်ငံကြက်ခြေနီအသင်းတာဝန်ရှိပုဂ္ဂိုလ်များနှင့် မိတ်ဖက်အဖွဲ့အစည်းများသို့ပေးပို့ရမည်ဖြစ်သည်။ အစီရင်ခံစာကို နောက်ပိုင်းတွင် ရေးဆွဲထားသောလုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ခြင်း ကြောင့်ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကိုတိုင်းတာသော ရည်ညွှန်းချက်အထောက်အထားတစ် အနေဖြင့်လည်း အသုံးပြုနိုင်ပါသည်။

**ဇယား ၂၂**
**အကျဉ်းချုပ် – ကဏ္ဍစုံလေ့လာဆန်းစစ်မှုအစီရင်ခံစာ**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| စီမံချက်နှင့်သက်ဆိုင်သောပုဂ္ဂိုလ်အားလုံးကိုစီမံချက်နယ်မြေအခြေအနေများအသိပေးအကြောင်း ကြားရန်။ | ၁။ အစီရင်ခံစာရေးသားခြင်း။<br>၂။ အစီရင်ခံစာအားတာဝန်ရှိပုဂ္ဂိုလ်များထံသို့ပေးပို့ခြင်း။ | စီမံချက်ညှိနှိုင်း ရေးမှူး၊ သင်တန်း ရေးရာအရာရှိ | လေ့လာဆန်းစစ် မှု ရလဒ်များ။<br><br>ကဏ္ဍစုံလေ့လာဆန်းစစ်မှုအစီရင် ခံစာ။ | IFRC, VCA လမ်းညွှန်ချက်မျာ |

## အဓိကစိန်ခေါ်မှုများ။

**ဘေးအန္တရာယ်လျော့ချရေးနှင့်သက်ဆိုင်သော ဗဟုသုတနည်းပါးခြင်း။** ကဏ္ဍစုံလေ့လာဆန်းစစ်မှုအတွက် သတင်းအချက်အလက်ကောက်ယူရာတွင် တိကျမှန် ကန်မှုရှိစေရန် ရပ်ရွာလူထုအတွင်း ဘေးအန္တရာယ်လျော့ချခြင်းနှင့် သက်ဆိုင်သောအခြေခံဗဟုသုတများ ရှိရန်လိုအပ်သည်။ ထို ့ကြောင့် လက်တွေ ့အချက်အလက်ကောက်ယူခြင်းလုပ်ငန်း မစတင်မီ ရပ်ရွာလူထု နှင့် ကဏ္ဍစုံလေ့လာဆန်းစစ်မှုအဖွဲ့အား ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အကြောင်းအရာများကို ကြိုတင်မိတ်ဆက်ပေးရန်လိုအပ်သည်။ အဆိုပါမိတ်ဆက်ခြင်းဆိုင်ရာ လုပ်ဆောင်ချက်ကို လုပ်ငန်းစဉ် မစတင်မီ အစောပိုင်းကာလကတည်းက ပြုလုပ်ရမည်ဖြစ်သည်။

**နယ်ပယ်စုံမှ ပုဂ္ဂိုလ်များပါဝင်စေခြင်း** မတူညီသောအမြင်များ၊ အကြံဉာဏ်များရရှိနိုင်ရန်အတွက် သတင်းအချက်အလက် စုဆောင်းရာတွင် နယ်ပယ်စုံမှ ကောက်ယူမှုပြုလုပ်သင့်သည်။ ထို ့ကြောင့် လုပ်ငန်းစဉ်များဆောင်ရွက်ရာ တွင် ရပ်ရွာလူထုနှင့်အတူ အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊ အသီးသီးသောနယ်ပယ်တွင် စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့ အစည်းများအားလုံး ပူးပေါင်းပါဝင်ရန် လိုအပ် ပါသည်။

**လက်တွေ့ကျသော မျှော်မှန်းချက်များထားရှိခြင်း။** တစ်ခါတစ်ရံတွင် သတင်းအချက်အလက်ကောက်ယူမှု လုပ်ငန်းစဉ်တွင် ပါဝင်ကူညီသော ရပ်ရွာလူထုအနေဖြင့် စီမံချက်ကြောင့် ၎င်းတို့ကြုံတွေ့နေရသော ပြဿနာများကိုဖြေရှင်းပေးနိုင်မည်ဟု ကြီးစွာသောမျှော်လင့်ချက်ထားရှိကြသည်။ ထို့ကြောင့်စီမံချက်ဝန်ထမ်းများအနေဖြင့် စီမံချက်၏ ရည်ရွယ် ချက်အကြောင်းကို သေချာစွာရှင်းပြရန်နှင့် မလိုလားအပ်သော မှားယွင်းသည့်မျှော်လင့်ချက်များ မပေးမိစေရန် အထူးသတိပြုဆောင်ရွက်ရမည်ဖြစ်သည်။

**လေ့လာမှုအစီရင်ခံစာအား ရပ်ရွာလူထုထံသို့ ဖြန့်ဝေခြင်း။** ကဏ္ဍစုံလေ့လာဆန်းစစ်မှုအစီရင်ခံစာအား မြန်မာနိုင်ငံကြက်ခြေနီအသင်းရုံးချုပ်သို့ပေးပို့ တင်ပြသော်လည်း တစ်ခါတစ်ရံ ရပ်ရွာလူထုထံသို့ အသိပေးဖြန့်ဝေရန် မေ့လျော့မိတတ်ကြသည်။ လေ့လာဆန်းစစ်မှုမှရရှိသော အချက်အလက်များကို ရပ်ရွာလူထုတံသို့ပေးပို့အကြောင်းကြားခြင်းဖြင့် ရပ်ရွာလူထုအား စီမံချက်အပေါ် ပိုမိုစိတ်ဝင်စားမှုရှိလာစေပြီး ၎င်းတို့ကိုယ်တိုင် စီမံချက်အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ပါဝင်လိုစိတ်များ ဖြစ်ပေါ်လာနိုင်စေသည်။ သို့ဖြစ်ပါ၍ လေ့လာမှုအစီရင်ခံစာ အပြည့်အစုံကို အများနှင့်သက်ဆိုင်သော နေရာများဖြစ်သည့် ရပ်ကွက်ရုံး၊ ကျောင်းများနှင့် စာကြည့်တိုက် ကဲ့သို့သော်နေရာများတွင် လွယ်လင့်တကူဖတ်ရှုနိုင်ရန် ထားရှိပေးရမည်ဖြစ်သည်။ ထို့ပြင် အစီရင်ခံစာ အား အနှစ်ချုပ်အသွင်ရေးသား၍ အိမ်ထောင်စုတိုင်းသို့ ဖြန့်ဝေပေးနိုင်လျင် ပိုမိုကောင်းမွန်ပါသည်။

## အခြားသော ဆက်စပ်အကြောင်းအရာများ

ကဏ္ဍစုံလေ့လာဆန်းစစ်မှုဆိုင်ရာ သင်တန်းပေးခြင်းနှင့် လက်တွေ့လုပ်ဆောင်စဉ် ကာလ များတွင် အမျိုးသမီးများနှင့် အခြားသောထိခိုက်လွယ်အုပ်စုများဖြစ်သည့် သက်ကြီးရွယ်အိုနှင့် မသန်မစွမ်း သူများ ပူးပေါင်းပါဝင်ရန် အလေးထား၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ အမျိုးသား၊ အမျိုးသမီးနှင့် အခြားသောထိခိုက်လွယ်အုပ်စုများတွင် မတူကွဲပြားခြားနားသော အားနည်းချက်များ၊ စွမ်းဆောင်ရည်များ ရှိလေရာ အဆိုပါအချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစား၍ အကောင်အထည်ဖော်ဆောင်ရွက် ခြင်းဖြင့် ထိရောက်အောင်မြင်သည့် လူထုအတွက်အကျိုးရှိသော ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ချရေး စီမံချက်များ ပေါ်ထွန်းလာမည်ဖြစ်သည်။

စီမံချက်ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကျရောက်မှုကို သက်ရောက်နိုင်သည့် ရာသီ ဥတုပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ ထို့ပြင် အခြားသောအဖွဲ့အစည်းများ၊ ကျွမ်းကျင်သူပညာရှင်များနှင့် အဆိုပါကိစ္စရပ်များတွင် အသေးစိတ် ဆွေးနွေးတိုင်ပင်၍ ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်လျော့ချရေး စီမံချက်တွင်သာမက အခြားသောရေရှည်တည်တံ့ဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်များကိုလည်း ထိရောက် စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

## လက်တွေ့လုပ်ငန်းခွင်ဥပမာ။

**မန္တလေးတိုင်းဒေသကြီး၊ တပ်ကုန်းမြို့နယ်ရှိ အနော်ရထာကျေးရွာအုပ်စုတွင် ကဏ္ဍစုံလေ့လာဆန်းစစ်မှု ပြုလုပ်ခြင်း** (UDRR **စီမံချက်၊ ဇူလိုင်လ ၂၀၁၃**ခုနှစ်)

- လေ့လာဆန်းစစ်မှုမပြုလုပ်မီ ရှေးဦးစွာသင်တန်းပေးဆောင်ရွက်ခြင်းကို ရပ်ရွာရှိ ဘေးအန္တရာယ် လျော့ချရေး ကော်မတီနှင့်ပူးပေါင်း၍ လုပ်ဆောင်ပါသည်။ အဆိုပါ(၃)ရက်တာ သင်တန်းကာလ တွင် ရပ်ရွာလူထု (၃၀) ဦးနှင့် စေတနာ့ဝန်ထမ်းကြက်ခြေနီလူငယ် (၁၀)ဦး စုစုပေါင်း (၄၀)ဦး ပါဝင်ဆောင်ရွက်ကြပါသည်။ သင်တန်းပထမဦးဆုံးနေ့တွင် လေ့လာဆန်းစစ်မှုပြုလုပ်ရာတွင် အသုံးပြုသည့် နည်းလမ်းများအကြောင်း ဦးစွာပို့ချသည်။ ထို့နောက်တွင် အုပ်စုငယ်များမှ နည်းလမ်းတစ်ခုချင်းစီ အကြောင်း အသေးစိတ်လေ့လာမှုပြုလုပ်ကြသည်။ အဆိုပါနည်းလမ်းများ တွင် မြေပုံရေးဆွဲခြင်း၊ ရပ်ရွာအတွင်းလှည့်လည်လေ့လာခြင်း၊ ဦးတည်အုပ်စုဖွဲ့၍ဆွေးနွေးခြင်း၊ သမိုင်းကြောင်းအထောက်အထားရာဇဝင်များပြုစုခြင်း၊ ရာသီပြပြက္ခဒိန်ရေးဆွဲခြင်းနှင့် ရပ်ရွာတွင်း အဖွဲ့အစည်းများပါဝင်မှုပြဇယားရေးဆွဲ ခြင်းတို့ပါဝင်ပါသည်။ ထို့နောက် အုပ်စုငယ်များအနေဖြင့် မိမိတို့ဆွေးနွေးထားသော နည်းလမ်းတစ်ခုချင်းစီကိုအသုံးပြု၍ ရပ်ရွာတွင်းအချက်အလက်ကောက် ယူမှုကို စတင်လုပ်ဆောင်ကြသည်။

- ဒုတိယနေ့တွင် ယင်းတို့ကောယူဆောင်ရွက်ထားသော အချက်အလက်များထဲမှ အနည်းဆုံး (၂) ခုကို တင်ပြဆွေးနွေးကြသည်။ ကောက်ယူရရှိထားသောအချက်အလက်များကို နံပါတ်စဉ် (၁)မှ (၁၂)ထိ ဦးစားပေးသတ်မှတ်စေသည်။
- တတိယနေ့တွင် အချက်အလက် (၃)ခုကို မြို့နယ်အုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူများနှင့် တိုင်ပင် ဆွေးနွေး၍ ဦးစားပေးအဆင့်သတ်မှတ်စေသည်။ ထိုပြင်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ရပ်ရွာမှလုပ်ဆောင်နိုင်မည့်လုပ်ငန်းစဉ်၊ စီမံချက်မှပံ့ပိုးမှုပေးရမည့်လုပ်ငန်းစဉ်ဟူ၍ နှစ်မျိုးခွဲကာ သတ်မှတ်စေပါသည်။ အနော်ရထာကျေးရွာအုပ်စုတွင် ရပ်ရွာလူထုမှ ရွေးချယ်သတ်မှတ်သော ဦးစားပေးလုပ်ငန်းစဉ် (၃)ခုမှာ

  ၁. ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ

  ၂. သောက်သုံးရေးသန့်ရှင်းမှု

  ၃. သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာရေး တို့ ဖြစ်သည်။

# ၆ လုပ်ငန်းအစီအစဉ်ဖော်ထုတ်ရေးဆွဲခြင်း။

ဘေးအန္တရာယ်လျော့ချရေး လုပ်ငန်းအစီအစဉ်ဖော်ထုတ်ရေးဆွဲခြင်း၏ အဓိကရည်ရွယ် ချက်မှာ ရပ်ရွာလူထုတွင် ဖြစ်ပေါ်လေ့ရှိသော သဘာဝဘေးအန္တရာယ်၏ အကျိုးသက်ရောက်မှုကို လျော့ချ နိုင်ရန်အတွက် တန်ပြန်ဆောင်ရွက်နိုင်မည့် လုပ်ငန်းအစီအစဉ်များ သတ်မှတ်ဖော်ထုတ်ခြင်းပင်ဖြစ်သည်။ ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ချရေးစီမံချက်အတွက် လုပ်ငန်းအစီအစဉ်များရေးဆွဲရာတွင် အဓိကအား ဖြင့် ရပ်ရွာလူထုပါဝင်စေလျက် ၎င်းတို့၏ထင်မြင်ချက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းအစီအစဉ်၌ စီမံချက်တွင်ပါဝင်သောပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးကာ ၎င်းတို့၏ ရာထူးနှင့် တာဝန်ခွဲဝေမှု၊ ပုဂ္ဂိုလ်တစ်ဦးချင်းထံမှရရှိနိုင်သော အရင်းအမြစ်များနှင့် မျှော်မှန်းရလဒ်များကို ပြည့်စုံစွာရေးသား၍ ဖော်ပြရမည်ဖြစ်သည်။ ထိုကဲ့သို့ အသေးစိတ်ဖော်ပြထားသော လုပ်ငန်းအစီအစဉ်ကို သင့်လျော်ရာ ငွေကြေးထောက်ပံ့မည့်အဖွဲ့အစည်း (သို့) အလှူရှင်ထံသို့ ပေးပို့၍လုပ်ငန်းဆောင်ရွက်မှု အတွက်လိုအပ်သော ငွေကြေးပမာဏကို တင်ပြတောင်းခံမှုပြုလုပ်နိုင်ပါသည်။ လုပ်ငန်းအစီအစဉ်တစ်ခုတွင်ပါဝင်သော အချက်အလက်များ (ပုံစံ – ၁၄) တွင် သီးခြားဖော်ပြထားပါသည်။

ရပ်ရွာလူထုအနေဖြင့် အစီအစဉ်ရေးဆွဲခြင်းကာလ တစ်လျှောက်လုံးတွင် ပါဝင်ဆောင်ရွက် ခြင်းဖြင့် စီမံချက်အပေါ်ပိုမိုစိတ်ပါဝင်စားမှု ရှိလာမည်ဖြစ်သည်။ ရပ်ရွာအတွင်းကျရောက်နိုင်မည့် ဘေးအန္တရာယ်များ လျော့ချမှုနှင့်ပတ်သက်၍ ၎င်းတို့ကိုယ်တိုင် စဉ်းစား၍ နည်းလမ်းများဖော်ထုတ်စေခြင်းဖြင့် လုပ်ငန်းအစီအစဉ်များ ပိုမိုထိရောက်အောင်မြင်လာမည်ဖြစ်သည်။ တစ်ချိန်ထည်းမှာပင် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း၊ ကာလအလိုက်ပြန်လည်မွမ်းမံမှုပြုခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကြောင့် ရပ်ရွာသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များအနေဖြင့် စီမံခန့် ခွဲမှုနှင့် အစီအစဉ်ရေးဆွဲခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

**အကွက် ၁၄**
**ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ချရေး လုပ်ငန်းအစီအစဉ်ပါဝင်သော အချက်အလက်များ**

- သတ်မှတ်ထားသော ကျေးရွာ/ ကျောင်းများ၏ ယေဘုယျအချက်အလက်များ။
- ရပ်ရွာတွင်းဖြစ်ပေါ်လေ့ရှိသော ဘေးအန္တရာယ်ဆိုင်ရာ သမိုင်းကြောင်းနှင့် ရပ်ရွာလူထု/ ကျောင်း များ၏ ထိခိုက်လွယ်မှုအနေအထား။
- လုပ်ငန်းအစီအစဉ်၏ အဓိကရည်ရွယ်ချက်။
- လုပ်ငန်းအစီအစဉ်ဖော်ထုတ်ရေးဆွဲခြင်းအကြောင်း အကျဉ်းချုပ်ဖော်ပြချက်။
- ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအကြောင်း (ဖွဲ့စည်းပုံနှင့်၎င်းတို့၏ ရာထူးနှင့်တာဝန်ခွဲဝေမှု)
- ဘေးအန္တရာယ်မဖြစ်ပေါ်မီ ကြိုတင်ပြင်ဆင်ခြင်း။ ဖြစ်ပေါ်နေစဉ်လျော့ပါးသက်သာစေခြင်းနှင့် ဖြစ်ပေါ်ပြီးနောက် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုချင်းဖော်ပြချက်နှင့် ဆောင် ရွက်ရမည့် အချိန်ကာလများ၊ ခန့်မှန်းကုန်ကျစရိတ်နှင့် ၎င်းတို့ကိုဆောင်ရွက်မှုအတွက် တာဝန်ခံ မည့်ပုဂ္ဂိုလ်။
- ကျေးရွာအတွင်းနှင့် အနီးအနားပတ်ဝန်းကျင်မှရရှိသော အရင်းအမြစ်များစာရင်းနှင့် အရေးကြီး ဆက်သွယ်ရမည့် ဖုန်းနံပါတ်နှင့် လိပ်စာများ
- အန္တရာယ်ကျရောက်နိုင်သောနေရာများကိုဖော်ပြထားသည့် ရပ်ရွာ(သို့) ကျောင်း၏ မြေပုံ
- အစီအစဉ်များအား မွမ်းမံပြင်ဆင်ချက်။

**အကွက် ၁၅**
**လူထုပါဝင်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း (အဓိပ္ပါယ်ဖွင့်ဆိုချက်)၊**

လူထုပါဝင်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းဆိုသည် ဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ် လာနိုင်သော အကျိုးဆက်များကိုလျော့ချနိုင်ရန်အတွက် နယ်မြေဒေသနှင့်ကိုက်ညီသော (ယဉ်ကျေးမှု၊ ဘာသာရေး၊ လူမှုရေးနှင့် စီပွားရေး) သဘာဝဘေးအန္တရာယ်လျော့ချနိုင်မည့်နည်းလမ်းများကို ရပ်ရွာလူထု ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်နည်းလမ်းများသာမက လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်မည့်အရင်းအမြစ်များ၊ လိုအပ်သောစွမ်းဆောင်မှုအတိုင်းအတာ၊ တာဝန် ယူဆောင်ရွက်မည့်ပုဂ္ဂိုလ်နှင့် တစ်ချိန်တည်းမှာပင် ရပ်ရွာတွင်းရှိနှင့်ပြီးသောရင်းမြစ်များနှင့် လိုအပ်ချက် များကို သတ်မှတ်ဖော်ထုတ်ရန်ဖြစ်သည်။

## ၆.၁။ လူထုပါဝင်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း။

ကနဦးလေ့လာဆန်းစစ်မှုနှင့် ကဏ္ဍစုံလေ့လာဆန်းစစ်မှုတို့မှရရှိလာသောရလဒ်များ ပေါ်မူ တည်၍ ရပ်ရွာအတွင်းကျရောက်နိုင်မည့် သဘာဝဘေးအန္တရာယ်များကို လျော့ချနိုင်မည့် နည်းလမ်းများနှင့် လုပ်ငန်းအစီအစဉ်များကို ရပ်ရွာလူထုပါဝင်စေလျက် ရေးဆွဲဖော်ထုတ်စေသည်။ ထို့နောက်လုပ်ငန်းစဉ်များ ဖြစ်သော ရှာဖွေရေးနှင့်ကယ်ဆယ်ရေး၊ ရပ်ရွာအခြေပြုရေးဦးသူနာပြုစုခြင်း၊ ဘေးအန္တရာယ်လျော့ချရေးနှင့် ကြိုတင်သတိပေးခြင်း

စသည်တို့ဆောင်ရွက်ရန်အတွက် ကျေးရွာလူထုနှင့် စေတနာ့ဝန်ထမ်းကြက်ခြေနီ လူငယ်များအနေဖြင့် မိမိတို့သက်ဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ဆောင်ရွက်ရမည့် ဘေးအန္တရာယ်လျော့ ချရေးနည်းလမ်းများကို ရေးဆွဲဖော်ထုတ်ရမည်ဖြစ်သည်။ ထို့ပြင်လုပ်ငန်းစဉ်တစ်ခုချင်းစီနှင့် ပတ်သက် သောအစီရင်ခံစာနှင့် ခန့်မှန်းကုန်ကျစရိတ်များကို တွက်ချက်ဖေါ်ပြရပါမည်။ ထို့နောက်တွင် လုပ်ငန်းစဉ် အားလုံးနှင့် ၎င်းတို့၏ကုန်ကျစရိတ်များကို အစီရင်ခံစာအဖြစ်ရေးသား၍ စုစုပေါင်းကုန်ကျငွေကို တွက်ချက်ပြင်ဆင်ပေးရန်လိုအပ်သည်။ လုပ်ငန်းအစီအစဉ်တွင် လုပ်ငန်းတစ်ခုချင်းစီအတွက် အောက်ဖော် ပြပါအချက်အလက်များကို ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။

- ရပ်ရွာအတွင်းရရှိနိုင်သော အရင်းအမြစ် ( အချိန်နှင့်ပစ္စည်းအမျိုးအစားများ )
- ကျေးရွာအဆင့်ရရှိနိုင်သော အရင်းအမြစ်များ ( သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံး၊ အစိုးရမဟုတ် သောအဖွဲ့အစည်းများနှင့် ပြင်ပအလှူရှင်များ )
- စီမံချက်မှတောင်းခံနိုင်သော အရင်းအမြစ်များ

စီမံချက်နှင့်ပတ်သက်သောအချက်အလက်များကို အစောပိုင်းကာလများကပင် ရပ်ရွာလူထုနှင့် သက်ဆိုင်ရာပြင်ပ အဖွဲ့အစည်းများထံသို့ အကြောင်းကြားအသိပေးခြင်းသည် ရပ်ရွာအတွင်းရရှိနိုင်သော အရင်းအမြစ်များဖော်ထုတ်ရေးလုပ်ငန်းစဉ်၌ လွန်စွာအသုံးဝင်သည်။ အဘယ့်ကြောင့်ဆိုသော် ရပ်ရွာလူထု အနေဖြင့် စီမံချက်အကြောင်း ပြည့်စုံစေ့ငှစွာနားလည်ခြင်းကြောင့် လိုအပ်သောပံ့ပိုးကူညီမှုများ ပြုလုပ်နိုင် ပြီး လုပ်ငန်းစဉ်များကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်တစ်ရပ်လုံး ကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ အဓိကတာဝန်ယူဆောင်ရွက်ပြီး လိုအပ်ချက်ရှိမှသာ စီမံချက်နယ် မြေရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဝန်ထမ်းများမှ ပံ့ပိုးကူညီမှုပြုပါသည်။

ဤလုပ်ငန်းစဉ်အစီအစဉ်ရေးဆွဲခြင်းအဆင့်တွင် အဓိကအားဖြင့် ရပ်ရွာအခြေပြုလုပ်ငန်း စဉ်များသာမက ကျောင်းအခြေပြုလုပ်ငန်းစဉ်များ ပါဝင်သောလုပ်ငန်းစဉ် အစီအစဉ်တစ်ခုသာရေးဆွဲထား ရှိသင့်သည်။ (သို့) ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ဦးဆောင်မှုဖြင့် ကျောင်းလုပ်ငန်းစဉ် အစီအစဉ်တစ်ခုကို သီးခြားစီသတ်မှတ်မည်ဟူသော နည်းလမ်း (၂)ခုမှ သင့်လျော်သောနည်းလမ်းကို ရွေးချယ်ရန်လိုအပ်ပါသည်။ နည်းလမ်း (၂)ခုတွင် အားနည်းချက်၊ အားသာချက်ကိုယ်စီရှိကြသည်သာဖြစ် သည်။ ယေဘုယျအားဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရပ်ရွာလူထုနှင့်ကျောင်းများ ချိတ်ဆက်၍ပြုလုပ်ရန် အထူးအရေးကြီးလေသည်။ လုပ်ငန်စဉ်တစ်ခုဆောင်ရွက်ခြင်းကြောင့် ရပ်ရွာလူထု တစ်ရပ်လုံး အကျိုးကျေးဇူးများစွာရရှိနိုင်သည်။ ဥပမာအားဖြင့် ဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းစဉ် အဖြစ်ဆောင်ရွက်သော ကျောင်းအဆောက်အဦးတစ်ခုကို ပြန်လည်မွမ်းမံခြင်းကြောင့် ကျေးရွာရှိ ရပ်ရွာလူထု ခိုလှုံစရာ အဆောက်အအုံအဖြစ် အသုံးပြုနိုင်သည်။

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့်<br>တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော<br>အရင်းအမြစ်များ |
|---|---|---|---|---|
| ဘေးအန္တရာယ်လျော့ချနိုင်မည့်နည်းလမ်းများကိုဖော်ထုတ်သတ်မှတ်ခြင်း။ | ၁။ သတင်းအချက်အလက်များကို ရပ်ရွာလူထု၊ သက် ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ဝင်နှင့် အခြားသောသက်ဆိုင်ရာပုဂ္ဂိုလ်များသို့ ဖြန့် ဝေခြင်း။<br>၂။ သတ်မှတ်ထားသောလုပ်ငန်းစဉ်တစ်ခုချင်းစီအတွက် အုပ်စုငယ်များဖွဲ့ စည်းခြင်း<br>၃။ ရပ်ရွာလူထုပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်း (ငွေ ကြေး (သို့) လူအင် အား )<br>၄။ ဘေးအန္တရာယ်လျော့ချနိုင်မည့်နည်းလမ်းများဖော်ထုတ် ခြင်း။<br>၅။ လုပ်ငန်းစဉ်အစီအစဉ်ရေးဆွဲခြင်း။ | အဓိကအားဖြင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး စီမံချက်ညှိနှိုင်းရေးမှူး/ သင်တန်းရေးရာအရာရှိ/ စီမံချက်အရာရှိနှင့် ရပ်ရွာလူထုတို့မှပံ့ပိုးကူညီရမည်ဖြစ်သည်။ | ရပ်ရွာအခြေပြုလုပ်ငန်းစဉ် အစီအစဉ် | လုပ်ငန်းစဉ်အစီ အစဉ်ပုံစံနမူနာ |

**ဇယား ၂၃**
**အကျဉ်းချုပ် – လူထုပါဝင်ဆောင်ရွက်သောလုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း။**

## ၆.၂။ ရပ်ရွာအတွင်းရရှိနိုင်မည့် အရင်းအမြစ်များစုဆောင်းခြင်း။

ရေးဆွဲထားသောလုပ်ငန်းစဉ် အစီအစဉ်ပေါ်တွင်မူတည်၍ လိုအပ်သောအရင်းအမြစ်များကို စုဆောင်းရှာဖွေရမည်ဖြစ်သည်။ လိုအပ်သောအရင်းအမြစ်များဟုဆိုရာတွင် လူသားအရင်းအမြစ်၊ ကုန်ပစ္စည်းများ (သစ်၊ ဝါး၊ ကျောက် စသည်ဖြင့်)၊ စက်ပစ္စည်းကိရိယာများ (လွှ၊ ကုန်တင်ယာဉ် စသည်ဖြင့်)၊ ငွေကြေးရံပုံငွေ စသည်တို့ပါဝင်သည်။ ရပ်ရွာလူထုသည် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရန်အရေးကြီးသော အရင်းအမြစ်တစ်ခုဖြစ်သည်။ လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သော အရင်းအမြစ်များ ပြည့်စုံမှုရှိစေရန် လုပ်ငန်းအစီအစဉ်တွင် အောက်ပါတို့ကို အသေးစိတ်ဖော်ပြထားရန် လိုအပ်ပါသည်။

- လိုအပ်သောအရင်းအမြစ်အမျိုးအစားများ
- ၄င်းတို့ကိုရရှိနိုင်မည့်နေရာဒေသ
- ရရှိနိုင်မည့်နည်းလမ်းများအသေးစိတ်ဖော်ပြထားရှိမှု

ထိုအပြင် အုပ်ချုပ်ရေးဌာနမှရရှိနိုင်မည့် အရင်းအမြစ်များရှိပါက မည်သူကတာဝန်ယူ၍ မည်သည့် ပုဂ္ဂိုလ်ထံသို့ ဆက်သွယ်တင်ပြရမည်ဆိုသည်ကို အသေးစိတ်ဖော်ပြရန် လိုအပ်ပါသည်။

ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် လိုအပ်သောစာရွက်စာတမ်းများကို မြန်မာ နိုင်ငံကြက်ခြေနီအသင်းစီမံချက်ဝန်ထမ်း၏ အကူအညီဖြင့် ရပ်ရွာလူထုနှင့် ဆွေးနွေးတိုင်ပင်၍ ပြင်ဆင် ထားရှိရန် တာဝန်ရှိပါသည်။

**ဇယား ၂၄**
**အကျဉ်းချုပ် – လုပ်ငန်းစဉ်အစီအစဉ်အတွက်လိုအပ်သောပံ့ပိုးမှုများတင်ပြ တောင်းခံခြင်း။**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| ရပ်ရွာ၊မြို့နယ်၊တိုင်း အဆင့်အလိုက် ဆောင်ရွက်မည့်လုပ်ငန်းစဉ် အစီအစဉ် အတွက်လိုအပ်သော အရင်းအမြစ်များ တင်ပြတောင်းခံခြင်း | ၁။ ရပ်ရွာအတွင်း ရရှိနိုင်သောအရင်း အမြစ်များဖော် ထုတ်ခြင်း<br>၂။ လိုအပ်သော အရင်းအမြစ်များ ကိုရရှိနိုင်မည့်နည်း လမ်းများဖော် ထုတ်ခြင်း | ဘေးအန္တရာယ်စီမံ ခန့်ခွဲမှုကော်မတီ အနေဖြင့် စီမံချက် ညှိနှိုင်းရေးမှူး/စီမံ ချက်အရာရှိနှင့် ရပ်ရွာလူထုတို့ထံ မှအကူအညီများ ရယူ၍အဓိကလုပ် ဆောင်ရန်ဖြစ်သည်။ | ရပ်ရွာအတွင်းရရှိ နိုင်မည့်အရင်း အမြစ်များကိုသက် ဆိုင်ရာပုဂ္ဂိုလ်များ ထံသို့တင်ပြ တောင်းခံရာတွင် အသုံးပြုရမည့် နည်းလမ်းများ | |

## ၆.၃။ လုပ်ငန်းစဉ် အစီအစဉ်အတွက် လိုအပ်သော ပံ့ပိုးကူညီမှုများ တင်ပြတောင်းခံခြင်း။

ရပ်ရွာလူထုမှ လုပ်ငန်းစဉ်ဆောင်ရွက်မှုအတွက် လိုအပ်သောအရင်းအမြစ်များကို ဖော်ထုတ် သတ်မှတ်ပြီးစီးသောအခါတွင် စီမံချက်မှကူညီပံ့ပိုးမှုပြုနိုင်ရန်အတွက် လိုအပ်သောအရင်းအမြစ်များကို စနစ်တကျစာရင်းပြုစု၍ တင်ပြတောင်းခံမှုပြုသင့်သည်။ ထိုတောင်းခံမှုအစီရင်ခံစာတွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအကြောင်းအသေးစိတ်ဖော်ပြချက်၊ လုပ်ငန်းစဉ်တစ်ခုချင်းစီအတွက် လိုအပ်သောအရင်းအ မြစ်များအကြောင်းဖော်ပြချက်နှင့်ခန့်မှန်းကုန်ကျစရိတ်၊ အဆိုပါအရင်းအမြစ်များကို မည်သည့်အတွက် ကြောင့်စီမံချက်မှတောင်းဆိုမှုပြုရသည့်အကြောင်း စသည်တို့ကိုပြည့်စုံစွာ ရေးသားဖော်ပြရမည်ဖြစ်သည်။

အဆိုပါတင်ပြတောင်းဆိုမှုများကို စီမံချက်ညှိနှိုင်းရေးမှူးမှ ဆောင်ရွက်ပြီးစီးသောအခါ မြန်မာနိုင် ငံကြက်ခြေနီအသင်း စီမံခန့်ခွဲမှုအဖွဲ့ဝင်များထံမှ အတည်ပြုချက်ရယူရန်လိုအပ်သည်။ ထိုကဲ့သို့ စစ်ဆေးအ တည်ပြုရာတွင် စီမံချက်၏ လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရန်တတ်နိုင်သမျှ မြန်ဆန်စွာ ဆုံးဖြတ်သင့်သည်။ အတည်ပြုချက်ရယူပြီးပါက လိုအပ်သောအရင်းအမြစ်များကို သက်ဆိုင်ရာရပ်ရွာ လူထုထံသို့ ပံ့ပိုးကူညီမှုပြုရန် နှင့် လုပ်ငန်း စဉ်များအကောင်အထည်ဖော်မှုကို စတင်ကြရမည်ဖြစ်သည်။

**ဇယား ၂၅**
အကျဉ်းချုပ် – လုပ်ငန်းစဉ်အစီအစဉ်အတွက်တင်ပြတောင်းဆိုမှုများကို အတည်ပြုခြင်း။

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| မြန်မာနိုင်ငံကြက်ခြေနီအသင်း၏အတည်ပြုချက်ရယူရန်နှင့် လုပ်ငန်းစတင်အကောင်အထည်ဖော်ရန် | ၁။ တင်ပြတောင်းဆိုမှုအစီရင်ခံစာပြုစုရေးသားခြင်းနှင့်လိုအပ်သောခန့်မှန်းကုန်ကျစရိတ်တွက်ချက်ခြင်း။<br>၂။ အစီရင်ခံစာပေးပို့တင်ပြခြင်း။<br>၃။ မြန်မာနိုင်ငံကြက်ခြေနီအသင်းစီမံခန့်ခွဲမှုအဖွဲ့ဝင်များမှအတည်ပြုခြင်း | ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ စီမံချက်ညှိနှိုင်းရေး မှူး၏အကူအညီ ကိုရယူ၍ဆောင် ရွက်ရန် | တင်ပြတောင်းဆိုမှုအစီရင်ခံစာပြုစုရေးသားခြင်း။<br><br>လုပ်ဆောင်မည့်အစီအစဉ်နှင့်ကုန်ကျစရိတ်များအားအတည်ပြုခြင်း။ | စံအဖြစ်သတ်မှတ်ထားသော တင်ပြတောင်းခံမှုပုံစံ။ |


## အဓိကစိန်ခေါ်မှုများ

**စောင့်ကြည့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်** လုပ်ငန်းစဉ်အစီအစဉ်ရေးဆွဲမှုတွင် များသောအားဖြင့် စောင့်ကြည့်အကဲဖြတ်ခြင်းလုပ်ငန်း စဉ်နှင့် ၄င်းအတွက်ခန့်မှန်းကုန်ကျစရိတ်ကို ထည့်သွင်းရေးဆွဲရန် မေ့လျော့ခြင်း (သို့) စနစ်တကျရေးဆွဲထားမှုမရှိခြင်းကိုများကိုတွေ့ရှိရသည်။ ရေးဆွဲထားသောလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် အောင်မြင်မှုရှိ/ မရှိကို တိုင်းတာစစ်ဆေးရန်အတွက် စောင့်ကြည့်အကဲဖြတ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်လုပ်ငန်းတစ်ခုချင်းစီအတွက် ခန့်မှန်းကုန်ကျစရိတ်များကို လုပ်ငန်းစဉ်အစီအစဉ်တွင် ထည့်သွင်းရေးဆွဲရန်လိုအပ်သည်။

**သက်ဆိုင်ရာအုပ်ချုပ်ရေးဌာနမှပုဂ္ဂိုလ်များပါဝင်စေခြင်း** အစီအစဉ်များရေးဆွဲနေစဉ်ကာလတစ်လျှောက်လုံး အထူးသဖြင့် ကြိုတင်ပြင်ဆင်ခြင်းနှင့် ဆုံးဖြတ်ချက်များ ချမှတ်စဉ်အတွင်းသက်ဆိုင်ရာအုပ်ချုပ်ရေးဌာနမှ တာဝန်ရှိသူများပါဝင်စေပြီး ဆွေးနွေး တိုင်ပင်မှုပြုလုပ်ရန် လိုအပ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ရပ်ရွာလူထုကိုပါ ပိုမိုစည်းရုံးလှုံ့ဆော်မှုရှိစေပြီး စီမံချက်အတွက်လိုအပ်သော ပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

**ရပ်ရွာလူထုစိတ်ဝင်စားမှုရှိစေရန်လုပ်ဆောင်ခြင်း။** လူထုပါဝင်ဆောင်ရွက်သော လုပ်ငန်းစဉ်အစီအစဉ်များရေးဆွဲရာတွင် ရပ်ရွာလူထုအနေ ဖြင့် ပိုမိုစိတ်ပါဝင်စားမှုရှိစေရန်နှင့် တက်ကြွစွာပါဝင်ဆောင်ရွက်စေရန် စနစ်တကျစီစဉ်ထားသော ကစား နည်းများ၊ အခြားသောလှုပ်ရှားမှုများကို ထည့်သွင်းအသုံးပြုရန်လိုအပ်သည်။ ထိုကဲ့သို့ဆောင်ရွက်ရန် အတွက် ပံ့ပိုးကူညီသူ စီမံချက်ဝန်ထမ်းများမှလည်း သတ်မှတ်ထားသောအချိန်တွင် ချိန်ကိုက်ဆောင်ရွက် ရန်လိုအပ်ပြီး လုပ်ငန်းစဉ်အစီအစဉ်များဆောင်ရွက်ရာတွင် ရပ်ရွာလူထု၏ အလုပ်ချိန်များ ( ကောက်ရိတ် သိမ်းချိန်၊ စိုက်ပျိုးချိန် ) နှင့် ဘာသာရေးဆိုင်ရာပွဲတော်များကျင်းပမှု တို့ကိုမထိခိုက်စေရန် အချိန်ကာလ ရွေးချယ်ဆောင်ရွက်ရန်လိုအပ်ပါသည်။

## အခြားသောဆက်စပ်အကြောင်းအရာများ။



လုပ်ငန်းစဉ်အစီအစဉ်များရေးဆွဲရာတွင် တတ်နိုင်သမျှ ရပ်ရွာတွင်းရှိအမျိုးမျိုးသောပုဂ္ဂိုလ် များ၊ အထူးသဖြင့် လူမျိုးစုငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ သက်ကြီးရွယ်အိုများ နှင့် မသန်မစွမ်းပုဂ္ဂိုလ်များ ပါဝင်စေရန် အထူးသတိပြုလုပ်ဆောင်ရန်လိုအပ်သည်။ အဆိုပါအမျိုးမျိုးသော အုပ်စုများတွင် မတူညီသောအမြင်နှင့်လိုအပ်ချက်၊ ကွဲပြားသောအားနည်းချက်များရှိရာ ထိုသူများအား ပါဝင်စေခြင်းဖြင့် စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၄င်းတို့၏လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် အခြားသောဆက်စပ်အကြောင်းအရာများဖြစ် သည့် ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို ကျွမ်းကျင်သူပညာရှင်များ နှင့်တိုင်ပင်ဆွေးနွေး၍ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် ထိခိုက်မှုများကိုနည်းပါးအောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

## လက်တွေ့လုပ်ငန်းခွင် ဥပမာ

**ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ရှမ်းစုကျေးရွာတွင် ကျေးရွာကူညီထောက်ပံ့ရေး လုပ်ဆောင်ရန် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (ဒီအာအာ စီမံချက်၊ အောက်တိုဘာ ၂၀၁၂)**

ရှမ်းစုကျေးရွာ၏ လုပ်ဆောင်ရန်အစီအစဉ်သည် (၅) ရက်တာဆောင်ရွက်သော ကဏ္ဍစုံ လေ့လာဆန်းစစ်မှုပြုလုပ်ရာမှ ထွက်ပေါ်လာသော ရလဒ်တစ်ခုဖြစ်သည်။ အဆိုပါကျေးရွာကူညီထောက်ပံ့ ရေးလုပ်ဆောင်မှုအစီအစဉ်တွင် အဆိုပြုလျာထားသောလုပ်ငန်းများမှာ ရေးဦးသူနာပြုစုခြင်းသင်တန်း၊ ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ သိကောင်းစရာများပို့ချမှုအစီအစဉ်၊ လက်ရေတွင်းများတူးဖော်ခြင်း၊ မော်တာတပ်ရေစုပ်စက်နှင့် ရေစုပ်အိမ်တပ်ဆင်ခြင်း၊ နှစ်ခန်းတွဲအိမ်သာဆောက်လုပ်ခြင်းတို့ ဖြစ်သည်။ ထို့ပြင် ရပ်ရွာရှိမူလတန်းကျောင်း ဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းစဉ်နှစ်ခုကိုဆောင်ရွက်ပြီး မူလတန်း ကျောင်းအား ယာယီခိုလှုံရေးနေရာအဖြစ် အသုံးပြုနိုင်အောင် ပြင်ဆင်မွမ်းမံမှုပြုရသည်။ ကဏ္ဍစုံလေ့လာ ဆန်းစစ်မှုပြုလုပ်နေစဉ်အတွင်း ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာအရာရှိ (Mitigation Officer) မှ ဆောင် ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ၄င်းတို့၏ ကုန်ကျစရိတ်များကို တွက်ချက်၍ ရပ်ရွာလူထုနှင့် အတည်ပြု စေသည်။ ရရှိထားသော ငွေကြေးရန်ပုံငွေပေါ်တွင်မူတည်၍ ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရွေးချယ်သတ်မှတ်သည်။ ထို့နောက်တွင် နောက်ဆုံးအဆင့်ဦးစားပေးလုပ်ငန်းများ၏ ကုန်ကျစရိတ်များကို ပြန်လည်စိစစ်တွက်ချက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းရုံးချုပ်သို့ တင်ပြအစီရင်ခံရပါသည်။ ရုံးချုပ်မှ ပြင်ဆင်ဖြည့်စွက်မှုများပြုလုပ်ပြီးသောအခါတွင် စီမံချက်ညှိနှိုင်းရေးမှူးမှတဆင့် ပြင်သစ်ကြက်ခြေနီထံသို့ ပေးပို့တင်ပြသည်။ ပြင်သစ်ကြက်ခြေနီထံမှ အတည်ပြုချက်ရရှိပါက လုပ်ငန်းစဉ်များကို စတင်အကောင် အထည်ဖော်ဆောင်ရွက်ပါသည်။

လုပ်ငန်းစဉ် ၇

# ကနဦးလေ့လာမှုပြုလုပ်ခြင်း။

ရပ်ရွာအခြေပြုလုပ်ငန်းအစီအစဉ်နှင့် ကျောင်းအခြေပြုလုပ်ငန်းအစီအစဉ်များ အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် တတ်နိုင်သမျှ ရပ်ရွာလူထုနှင့် အခြားသောသက်ဆိုင်ရာ ပုဂ္ဂိုလ်များ ပါဝင် စေလျက်ပြုလုပ်ရမည်ဖြစ်သည်။ ထိုသို့ ပါဝင်ဆောင်ရွက်မှုများရှိမှသာ ၎င်းတို့အနေဖြင့် ရရှိလာသော အရင်းအမြစ် စီမံခန့်ခွဲမှု၊ သတ်မှတ်ထားသောအချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာသို့ ပံ့ပိုးမှုတောင်းခံရန် မည်ကဲ့သို့ဆောင်ရွက်ရမည်ဆိုသော အတွေ့အကြုံနှင့် ကျွမ်းကျင်မှု များရရှိလာမည်ဖြစ်သည်။ ထို့ပြင် ရပ်ရွာလူထုမှ အချို့သောပြဿနာများကို ဝိုင်းဝန်းဆွေးနွေးဖြေရှင်းခြင်း ဖြင့် မတူညီသောယဉ်ကျေးမှု၊ လူမှုစီးပွားရေးအခြေအနေဆိုင်ရာ ကိစ္စရပ်များ၌ အတွေးအမြင်၊ အတွေ့ အကြုံများ ဖလှယ်နိုင်ပြီး ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ထည့်သွင်းအကောင် အထည်ဖော်ခြင်းဖြင့် ထိရောက်သော စီမံချက်များပေါ်ထွက်လာနိုင်မည်ဖြစ်သည်။

လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းထိရောက်အောင်မြင်မှု ရှိစေရန် စောင့်ကြည့်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်ကို အဓိကအားဖြင့် ကျေးရွာ၊ ကျေးရွာအုပ်စု၊ ကျောင်းများ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ စီမံချက်ဝန်ထမ်း၏ ကူညီမှုဖြင့် ဆောင်ရွက်ကြရမည် ဖြစ်သည်။ ထို့ကြောင့်အဆိုပါ လုပ်ငန်းစဉ်များ စီမံဆောင်ရွက်ရာတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ၏ စွမ်းဆောင်ရည်ကောင်းမွန်မှု၊ တာဝန်ခံမှုရှိမှသာ ထိရောက်အောင်မြင်နိုင်မည်ဖြစ်သည်။ ရပ်ရွာအခြေပြု စီမံချက်ဖြစ်သည့်အားလျော်စွာ သက်ဆိုင်ရာလုပ်ငန်းစဉ်များအလိုက် အဖွဲ့ငယ်များဖွဲ့၍ ရပ်ရာလူထုအား သင့်တော်ရာတာဝန်များခွဲဝေယူစေခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်သည်။

## ၇.၁။ တာဝန်ခွဲဝေခြင်း။

လုပ်ငန်းစဉ် – ၆ တွင် အသေးစိတ်ဖော်ပြထားခဲ့သည့်အတိုင်း သက်ဆိုင်ရာအုပ်စုငယ်များ ဖွဲ့စည်းစေ၍ (ကယ်ဆယ်ရေး၊ ရှာဖွေရေးနှင့် ကူညီရေး၊ ရှေးဦးသူနာပြုစုပေးရေး၊ ဘေးအန္တရာယ်လျော့ချရေး နှင့် ကြိုတင်သတိပေးရေး) သတ်မှတ်ထားသောနယ်မြေအတွင်း ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဘေးအန္တရာယ်စီမံခန့်ခွဲမှု အဖွဲ့မှ လည်း အဖွဲ့တစ်ဖွဲ့ချင်းစီအတွက် လုပ်ဆောင်ရမည့်တာဝန်များကို တိကျရှင်းလင်းစွာ သတ်မှတ်ထား ရှိရပါမည်။

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| အဖွဲ့ငယ်များတစ်ဖွဲ့ချင်းစီအလိုက်လုပ်ဆောင်ရမည့်တာဝန်များတိကျရှင်းလင်းစွာသတ်မှတ်ပေးရန်။ | ၁။ အဖွဲ့တစ်ဖွဲ့ချင်းစီအတွက်လုပ်ဆောင်ရမည့်တာဝန်များချမှတ်ခြင်း။<br>၂။ အဖွဲ့အားလုံးနှင့်တွေ့ဆုံညှိနှိုင်းခြင်း။ | စီမံချက်အရာရှိနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဝင် များ (ကျောင်းနှင့် ကျေးရွာ) | လုပ်ငန်းအစီအစဉ်တွင်ရေးဆွဲထားသောလုပ်ငန်းစဉ် များအားဆောင် ရွက်မည့်အုပ်စုများ၏ တာဝန်များရေးသားဖော်ပြထားသောအစီရင်ခံစာ။ | လုပ်ငန်းစဉ်အစီ အစဉ် (ကျောင်း၊ ကျေးရွာ) |

ဇယား ၂၆
အကျဉ်းချုပ် – တာဝန်ခွဲဝေခြင်း။

## ၇.၂။ စွမ်းဆောင်ရည်မြှင့်တင်ခြင်း။

ချမှတ်ထားသောလုပ်ငန်းများအား ထိရောက်စွာဆောင်ရွက်နိုင်ရန် ကော်မတီအဖွဲ့ဝင်များ နှင့် အုပ်စုငယ်အဖွဲ့ဝင်များတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အလိုက် လုံလောက်သော လုပ်ငန်းကျွမ်းကျင် မှုရှိရန် လိုအပ်သည်။ ထို့ကြောင့် လိုအပ်သော အတွေ့အကြုံနှင့် လုပ်ငန်းခွင်အရည်အချင်းများ ဖြည့်ဆည်း ရန်အတွက် ကျေးရွာ/ကျောင်း စီမံခန့်ခွဲမှုကော်မတီတို့မှ ပံ့ပိုးကူညီမှုများကို တင်ပြတောင်းခံရမည် ဖြစ်သည်။ ထိုသို့လုပ်ငန်းခွင့်အတွေ့အကြုံ ဖြည့်တင်းပေးခြင်းကို သင်တန်းများပေး၍သော်လည်းကောင်း၊ လက်တွေ့လုပ်ဆောင်ခြင်းဖြင့် သင်ယူစေခြင်းနည်းလမ်းများဖြင့် လေ့ကျင့်သင်ကြားစေသည်။ လေ့ကျင့် သင်ကြားပေးရာတွင် အရင်းအမြစ်များစီမံခန့်ခွဲမှု၊ စောင့်ကြည့်အကဲဖြတ်ခြင်း၊

အထွေထွေစီမံခန့်ခွဲမှု၊ ပူးပေါင်းဆောင်ရွက်ခြင်း စသောလုပ်ငန်းခွင်ဆောင်ရွက်မှုနှင့် သက်ဆိုင်ရာကျွမ်းကျင်မှုများသာမက လူထုအခြေပြု ကြိုတင်သတိပေးချက်ဆိုင်ရာနည်းလမ်းများ၊ ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ ဘာသာရပ် များကိုလည်း ပို့ချသင်ကြားပေးသည်။

**ဇယား ၂၇**
**အကျဉ်းချုပ် – စွမ်းဆောင်ရည်မြှင့်တင်ခြင်း။**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် |
|---|---|---|---|
| သက်ဆိုင်ရာကော်မတီ အဖွဲ့ဝင်များ၊စီမံချက်အဖွဲ့ ဝင်ပုဂ္ဂိုလ်များအနေဖြင့် လုပ်ငန်းတာဝန်များဆောင် ရွက်နိုင်ရန်အတွက်လုံ လောက်သောကျွမ်းကျင် မှုရှိစေရန်။ | ၁။ သင့်လျော်သော သင်တန်းအမျိုး အစားနှင့်သင်ကြား မှုပုံစံများသတ် မှတ်ခြင်း။<br>၂။ သင်တန်းများ၊ဆွေး နွေးမှုများပြုလုပ်ခြင်း။ | စီမံချက်ဝန်ထမ်း၊ သင်တန်းရေးရာ အရာရှိတို့၏အကူ အညီရယူရန် ဘေးအန္တရာယ်စီမံ ခန့်ခွဲမှုကော်မတီမှ ဆောင်ရွက်ရန်။ | ပို့ချမည့်သင်တန်း စာရင်း။<br><br>ခန့်မှန်းကုန်ကျစ ရိတ်တောင်းခံလွှာ။<br><br>သင်တန်းအစီရင်ခံ စာ။ |

## ၇.၃။ အရင်းအမြစ်များအား စုဆောင်းထားရှိခြင်း။

လုပ်ငန်းစဉ်ဆောင်ရွက်ရန်အတွက် ဖော်ထုတ်သတ်မှတ်ထားသော အရင်းအမြစ်များကို အသင့်ရှိစေရန် ဤအဆင့်တွင် စုဆောင်းထားရှိမှုများ ပြုလုပ်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သောအရင်းအမြစ်များကို ရရှိနိုင်မည့်နေရာနှင့် ပုဂ္ဂိုလ်များထံ မည်ကဲ့သို့လုပ်ဆောင်ရမည်ကို သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန်လိအပ်သည်။ ဤကဲသို့တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရာတွင် အမျိုးသမီးများနှင့် အခြားသောဘေးအန္တရာယ်ကျရောက်လွယ်နိုင်သော အုပ်စုများကိုပါ ပါဝင်စေရန် နှိုးဆော်ရမည်ဖြစ်သည်.

**ဇယား ၂၈**
**အကျဉ်းချုပ် – အရင်းအမြစ်များ စုဆောင်းထားရှိခြင်း။**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် |
|---|---|---|---|
| စီမံချက်အတွက်လို အပ်သောအရင်းအ မြစ်များစုဆောင်း ထားရန်။ | ၁။ သက်ဆိုင်ရာပုဂ္ဂိုလ် များနှင့်တွေ့ဆုံညှိနှိုင်း ခြင်း။<br>၂။ လိုအပ်သောပစ္စည်း များစုဆောင်းခြင်း | စီမံချက်ဝန်ထမ်း၊ သင်တန်းရေးရာ အရာရှိတို့၏ ကူညီ မှုဖြင့်ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီမှ ဆောင်ရွက်ခြင်း။ | အရင်းအမြစ်များ (ငွေကြေး၊ပစ္စည်း နှင့် လူအင်အား) |

## ၇.၄။ လုပ်ငန်းစဉ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

စီမံချက်အနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ရပ်ရွာမှရေးဆွဲပြုစုထားသော လုပ်ငန်းအစီ အစဉ်တွင်ပါဝင်သည့် ဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းများကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ထို့ကြောင့် စီမံချက်နယ်မြေပေါ်တွင်မူတည်၍ ဆောင်ရွက်ရမည့် လုပ်ငန်းများမှာလည်း ကျေးရွာတစ်ခုနှင့် တစ်ခု တူညီကြမည်မဟုတ်ချေ။ ယေဘုယျအားဖြင့် လုပ်ငန်းများကို အောက်ဖော်ပြပါ ကဏ္ဍများခွဲခြား၍ သတ်မှတ်စေပါသည်။

– ဘေးအန္တရာယ်လျော့ချရေးအတွက် ဆက်သွယ်ရေးကဏ္ဍ
– ပညာရေးကဏ္ဍ
– ကျန်းမာရေးကဏ္ဍ
– စွမ်းဆောင်ရည်မြှင့်တင်ခြင်း
– ချိတ်ဆက်ဆောင်ရွက်ခြင်း
– ဘေးအန္တရာယ်လျော့ချရေး
– ရေနှင့်သန့်ရှင်းမှု
– အသက်မွေးဝမ်းကျောင်းမှု နှင့်
– အခြားသောရပ်ရွာမှ ဆောင်ရွက်ရန်လိုအပ်သည်ဟု သတ်မှတ်ထားသောလုပ်ငန်းများပါဝင်သည်။

ဇယား – ၂၉ တွင်ကဏ္ဍတစ်ခုချင်းစီအလိုက် ဆောင်ရွက်သည့်လုပ်ငန်းများကို နမူနာအဖြစ် ဖော်ပြထားသည်။

**ဇယား ၂၉**
**အကျဉ်းချုပ် – လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း**

| ကဏ္ဍ | လုပ်ငန်းစဉ် |
| --- | --- |
| ဆက်သွယ်ရေး | ပညာရေး၊သတင်းအချက်အလက်ဆိုင်ရာပစ္စည်း များပြုစုခြင်း။ ပညာ ပေးအစီအစဉ်များ။ ပညာပေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း။ |
| ပညာရေး | ပညာပေးအစီအစဉ်များ ပြုလုပ်ခြင်း။ လုံ့ဆော်ရေး လေ့ကျင့်ခန်း။ |
| ချိတ်ဆက်ဆောင်ရွက်ရေး | – တွေ့ဆုံညှိနှိုင်းမှုများ၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း<br>– သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့်ဗဟုသုတ၊အတွေ့အကြုံများမျှဝေခြင်း<br>– မီဒီယာနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |
| ကြက်ခြေနီရုံးခွဲများ၏ကဏ္ဍ | – ကြိုတင်သတိပေးစနစ်ဆိုင်ရာပစ္စည်းများဖြန့်ဝေခြင်း<br>– လိုအပ်သောပစ္စည်းကရိယာများနှင့် နေရာများစုဆောင်းထား ရှိခြင်း။<br>– ပစ္စည်းများပြုပြင်ထိန်းသိမ်းမှုဆိုင်ရာသင်တန်းပေးခြင်း။ |
| ဘေးအန္တရာယ်လျော့ချရေး | – သစ်ပင်များစိုက်ပျိုးခြင်း<br>– ဒီရေတောများပြန်လည်ပြုစုခြင်း<br>– ဘေးကင်းစွာခိုလှုံနိုင်မည့်အဆောက်အဦးများဆောက်လုပ်ခြင်း။<br>– အသေးစားဘေးအန္တရာယ်လျော့ချရေးဆိုင်ရာလုပ်ငန်းများ |
| ရေနှင့်သန့်ရှင်းရေး | – ရေအိမ်များအဆင့်မြှင့်ပေးခြင်း<br>– ရေစုပ်စက်များတပ်ဆင်ခြင်း |
| ကျန်းမာရေး | – ခြင်ထောင်များဖြန့်ဝေပေးခြင်း<br>– တစ်ကိုယ်ရေသန့်ရှင်းမှုကောင်းမွန်စေရန် ဗဟုသုတဖြန့်ဝေခြင်း<br>– ရှေးဦးသူနာပြုစုခြင်းသင်တန်း |
| ကြိုတင်သတိပေးခြင်း | အသံချဲ့စက်များတပ်ဆင်ခြင် |

## ၇.၅။ စောင့်ကြည့်အကဲဖြတ်ခြင်း။

စောင့်ကြည့်အကဲဖြတ်ခြင်းအဖွဲ့တွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့၊ စီမံချက်ဝန်ထမ်းများ နှင့် သက်ဆိုင်ရာကျေးရွာကိုယ်စားလှယ်များ ပါဝင်စေလျက်ဖွဲ့စည်းစေသည်။ စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းစဉ်အနေဖြင့် သတ်မှတ်ထားသောစီမံချက်လုပ်ငန်းများ သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ၊ လုပ်ငန်းကုန်ကျစရိတ်နှင့် အခြားသောရင်းမြစ်များကို ထိရောက်စွာအသုံးပြုနိုင်ခြင်း ရှိ/မရှိတို့ကို စစ်ဆေးဆောင်ရွက်စေသည်။ ထိုသို့စစ်ဆေးပြီး လိုအပ်ချက်များရှိသောနေရာများနှင့် စီမံကိန်းရည်မှန်းချက်ကို သွေဖီသွားစေနိုင်သော ဆောင်ရွက်ချက်များရှိပါက အကဲဖြတ်ခြင်းလုပ်ငန်းစဉ်မှ ၎င်းတို့ကိုစစ်ဆေးပြီး ပြန်လည်စီစဉ်ဆောင်ရွက်စေပါသည်။ ထို့ကြောင့် စောင့်ကြည့်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်တွင် လိုအပ်သောသတင်းအချက်အလက်များကောက်ယူခြင်း၊ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ကာလအလိုက်ပြန်လည်သုံးသပ်မှုပြုခြင်းနှင့် တွေ့ရှိချက်များကို မှတ်တမ်းပြုစုခြင်းစသောလုပ်ငန်းစဉ်များ ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါ စောင့်ကြည့်အကဲဖြတ်ခြင်းလုပ်ငန်း အစီရင်ခံစာသည် စီမံချက်ဆောင်ရွက်မှုအတွက်အသုံးပြုရန်ဖြစ်သော်လည်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းရုံးချုပ်၊ စီမံချက်ဆောင်ရွက်မှုအဖွဲ့ နှင့် ရပ်ရွာအုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအား

**အကွက် ၁၆**
**စောင့်ကြည့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အတွက် မေးမြန်းရမည့်အချက်များ။**

- လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရာတွင် ကြိုတင်စီစဉ်ရေးဆွဲထားသည့်အတိုင်း ဆောင်ရွက်ဖြစ်/ မဖြစ်၊ စီမံကိန်းရည်မှန်းချက် ပြည့်မီအောင်မြင်မှု ရှိ/မရှိ။
- ဆောင်ရွက်နေသောလုပ်ငန်းများသည် စီမံကိန်းရည်မှန်းချက်ပြည့်မီစေရန် ဦးတည်ပါသလား။
- လုပ်ငန်းစဉ်များဆောင်ရွက်ခြင်းကြောင့် ရပ်ရွာလူထုအမြင်၊ အမူအကျင့်နှင့် အခြားသောလူမှုရေး ဖွံ့ဖြိုးတိုးတက်စေမှုများ ရ/မရ။
- အကယ်၍ရည်မှန်းချက်များ ပြည့်မီမှုမရှိပါက မည်သို့ဖြစ်ရသနည်း။ ဆောင်ရွက်နေသောလုပ်ငန်းစဉ် များကို ပြောင်းလဲရန်လိုအပ်မှု ရှိ/မရှိ။
- ရည်မှန်းချက်များပြည့်မီစေရန် မည်သည့်လုပ်ငန်းစဉ်များ ထပ်မံဆောင်ရွက်ရပါမည်နည်း။ မည်သို့သောတိုင်းတာချက်များကို အသုံးပြု၍ ထိုရလဒ်များကိုဖော်ထုတ်နိုင်မည်နည်း။
- စီမံချက်ကြောင့်ပိုမိုဆိုးရွားသောအခြေအနေကြုံတွေ့ရသောပုဂ္ဂိုလ်များ၊ အုပ်စုများ ရှိ/မရှိ။ ယင်းသို့ဖြစ်ရသောအကြောင်းအရင်း။
- လက်ရှိချမှတ်ထားသောရည်မှန်းချက်များသည် လက်ရှိရပ်ရွာအခြေအနေနှင့် ကိုက်ညီမှု ရှိ/မရှိ (သို့) ပြောင်းလဲရန် လိုအပ်/ မလိုအပ်။ ပြောင်းလဲမည်ဆိုပါက ရည်မှန်းချက်အသစ်နှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်တို့ကို ဖော်ပြရန်။
- ထပ်မံဖြည့်စွက်သောလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် လက်ရှိအရင်းအမြစ်များနှင့် လုံလောက်မှု ရှိ/ မရှိ။ ထပ်မံရှာဖွေရန် လိုအပ်/ မလိုအပ်။
- မည်ကဲ့သို့သောအရင်းအမြစ်များကို အရေအတွက်မည်မျှ လိုအပ်ပါသနည်း။
- လိုအပ်သောအရင်းအမြစ်များကို ရပ်ရွာအတွင်းမှ ရနိုင်/မရနိုင်။ မည်သူများထံမှ ရနိုင်မည်နည်း။
- အရင်းအမြစ်များကို ရရှိနိုင်ရန် အခြားသောပြင်ပပုဂ္ဂိုလ်များထံမှ တောင်းခံရန် လိုအပ်/မလိုအပ်။ လိုအပ်ပါက မည်သူ့ထံမှ အရေအတွက်မည်မျှလိုအပ် ပါသနည်း။

ကိုးကားစာအုပ် – ဗီဏာဃ မှ ထုတ်ပြန်ထားသော ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှု စီမံချက် လက်စွဲစာအုပ်။

ပေးပို့ဖတ်ရှုစေရန်လည်း လိုအပ်ပါသည်။ သို့မှသာ ၄င်းတို့အနေဖြင့် အချို့သောပြဿနာများနှင့် စိန်ခေါ်မှုများအတွက် အကြံဉာဏ်ကောင်းများပံ့ပိုးကူညီပေး ခြင်းဖြင့် လုပ်ငန်းများပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## ၇.၆။ လုပ်ငန်းအစီအစဉ်အားပြန်လည်သုံးသပ်ခြင်း။

လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံချက်၏ ရည်မှန်းချက်နှင့် ကွာဟမှုဖြစ်ခြင်းကြောင့်သော်လည်းကောင်း၊ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်၍သော်လည်းကောင်း များယွင်းမှုဖြစ်ပေါ်လာပါက လုပ်ငန်းစဉ်အစီအစဉ်အား ပြန်လည်သုံးသပ်ရန်လိုအပ်ပါသည်။ ဥပမာအားဖြင့် အချို့သောလုပ်ငန်းစဉ်များသည် စီမံချက်၏ အစောပိုင်းကာလများတွင် အရေးကြီးသည့်ဟုယူဆရသော်လည်း အမျိုးမျိုးသောအကြောင်းအရာများ (ပတ်ဝန်းကျင်အခြေအနေပြောင်းလဲခြင်း၊ ရပ်ရွာလူထုတွင် အသိပညာပိုမိုရရှိလာခြင်း၊ မျှော်မှန်းထားသော ရင်းမြစ်များမရှိခြင်း) တို့ကြောင့် နောက်ပိုင်းတွင် လက်တွေ့အခြေအနေနှင့် ဆပ်စပ်မှုမရှိသည်ကိုတွေ့ရသည်။ ထိုကဲ့သို့သောအခြေအနေတွင် ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် စီမံချက်အဖွဲ့ဝင်များသည် သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် လိုအပ်သောပြုလုပ် ညှိနှိုင်းမှုများ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယေဘုယျအားဖြင့် ရပ်ရွာမှဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကိုစောင့်ကြည့်အကဲဖြတ် ခြင်းမှ ရရှိသောတွေ့ရှိချက်နှင့် လေ့လာဆန်းစစ်မှုရလဒ်များပေါ်တွင်မူတည်၍ တစ်နှစ်တစ်ခါပြန်လည် သုံးသပ်မှုပြုလုပ်သင့်သည်။ ပြုပြင်မွမ်းမံမှုပြုလုပ်ပြီးသောရပ်ရွာလုပ်ငန်းအစီအစဉ်များကို ရပ်ရွာအုပ်ချုပ် ရေးတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ ဖြန့်ဝေရမည်ဖြစ်သည်။

## အဓိကစိန်ခေါ်မှုများ။

**ဆောင်ရွက်မှုလွယ်ကူခြင်း။** ရပ်ရွာလူထုပါဝင်ဆောင်ရွက်သောလုပ်ငန်းစဉ်တိုင်းတွင် လိုအပ်သော အခြေခံအချက်များမှာ ဆောင်ရွက်ရလွယ်ကူမှုရှိခြင်းပင်ဖြစ်သည်။ လုပ်ငန်းစဉ်များအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူအများ၏ လိုအပ်ချက်၊ အချိန်ကန့်သတ်မှုနှင့် အတွေးအမြင်များကို ထည့်သွင်းစဉ်း စားရပြီး လိုအပ်ပါက လုပ်ငန်းအစီအစဉ်အား ပြင်ဆင်ရခြင်း၊ လုပ်ငန်းစဉ်အသစ်များထပ်မံထည့်သွင်း ရခြင်းတို့ ပြုလုပ်ရသည်ဖြစ်ရာ လုပ်ငန်းစဉ်တိုင်းဆောင်ရွက်ရလွယ်ကူမှုရှိစေရန် လုပ်ဆောင်သင့်သည်။

**မတူညီသော ယဉ်ကျေးမှုဓလေ့များကို ထည့်သွင်းစဉ်းစားခြင်း** လုပ်ငန်းဆောင်ရွက်မည့်နည်းလမ်းများရေးဆွဲရာတွင် မတူညီသောယဉ်ကျေးမှု၊ ဘာသာ ရေးဆိုင်ရာကိစ္စများကို ထည့်သွင်းစဉ်းစား၍ ရပ်ရွာအတွင်းအုပ်စုလိုက်သင့်တော်ရာနည်းလမ်းများကို ရွေးချယ်အသုံးပြုရန် လိုအပ်သည်။ ရွေးချယ်ထားသော နည်းလမ်းအမျိုးအစားအလိုက် သင့်လျော်သော ရင်းမြစ်နှင့် အချိန်ကာလတို့ကိုလည်း သတ်မှတ်ထားရမည်ဖြစ်သည်။

**ပွင့်လင်းမြင်သာမှုရှိစေခြင်း** လူအများပါဝင်ဆောင်ရွက်သော လုပ်ငန်းစဉ်တိုင်းတွင် အငြင်းပွားမှုများနှင့်ဘက်လိုက်မှုများမရှိစေရန် လုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်သည်။ သို့မှသာ ရပ်ရွာလူထု အတွင်း အချင်းချင်းယုံကြည်မှု၊ နားလည်မှုများတည်ဆောက်နိုင်ပြီး စီမံချက်အတွက် လိုအပ်သော လုပ်ဆောင်ချက်များကို ပြုလုပ်နိုင်မည်ဖြစ်သည်။

## အခြားသောဆက်စပ်အကြောင်းအရာများ

သဘာဝဘေးအန္တရာယ်ကို အများဆုံးရင်ဆိုင်ကြုံတွေ့ရသော ကျေးလက်ဒေသတွင်နေထိုင် သည့် ရပ်ရွာလူထုအနေဖြင့် ရာသီဥတုပြောင်းလဲခြင်း၊ ပြောင်းလဲလာသောရာသီဥတုများနှင့် ကိုက်ညီ အောင် စီမံဆောင်ရွက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသောအကြောင်းအရာများကို သိရှိရန်လိုအပ်သည်။ ရာသီဥတုပြောင်းလဲမှုနှင့် အချို့သောဒေသများတွင် ဘေးအန္တရာယ်လျှော့ချနိုင်ရန် သစ်ပင်များစိုက်ပျိုးခြင်း၊ ဒီရေတောများ

ပြန်လည်ပြုစုထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် အဆိုပါအကြောင်းအရာများကို ရပ်ရွာလူထုသိရှိရန် ဆောင်ရွက်ပေးပြီး ရပ်ရွာလုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းရေးဆွဲစေခြင်းဖြင့် ရေရှည်တွင် ဘေးအန္တရာယ် များလျော့ပါးသက်သာစေမည်ဖြစ်သည်။

ဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းစဉ်၏ သက်ဆိုင်ရာလုပ်ငန်းအဆင့်များဖြစ်သော ဦးစားပေးလုပ်ငန်းရပ်များရွေးချယ်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တို့၌ အမျိုးသမီးများပါဝင်ဆောင်ရွက်မှုအားနည်းသည်ကို တွေ့ရှိရသည်။ လေ့လာတွေ့ရှိချက်များအရ အမျိုးသမီးများအနေဖြင့် အချို့သောဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရုံသာမက တစ်ဦးချင်းဝင်ငွေရရှိရေးနှင့် ရပ်ရွာလုံခြုံမှုရှိစေရန်ဆောင်ရွက်နိုင်မှုရှိသည့်ကိုလည်းတွေ့ရှိရပါသည်။ ထို့ကြောင့် စီမံချက်အနေဖြင့် သက်ဆိုင်ရာသင်တန်းများတွင် အမျိုးသမီးများတက်ရောက်စေခြင်း (ဥပမာ အားဖြင့် ဆုန်ကလုန်းဒဏ်ခံနိုင်သော အမိုးအကာများပြုလုပ်ခြင်း) ဖြင့် အသိပညာရရှိစေရုံသာမက ရပ်ရွာ လုံခြုံရေးတွင်လည်း အထောက်အကူရရှိနိုင်သည်။ ထို့ပြင် အမျိုးသမီးများအား ၄င်းတို့၏ ကျွမ်းကျင်မှုကို အသုံးချနိုင်မည့် အလုပ်အကိုင်များဖန်တီးပေးရန်လိုအပ်ပါသည်။

ကြိုတင်သတိပေးစနစ်များဆောင်ရွက်ရာတွင် တစ်ခါတစ်ရံအမျိုးသမီးများနှင့် မသန်စွမ်း ပုဂ္ဂိုလ်တို့၏အခန်းကဏ္ဍကို မေ့လျော့နေမိတတ်ကြသည်။ သို့ပါ၍ ကြိုတင်သတိပေးစနစ်ရေးဆွဲရာတွင် အမျိုးသမီးများနှင့် မသန်စွမ်းပုဂ္ဂိုလ်များ ရင်ဆိုင်ကြုံတွေ့ရတတ်သောအခက်အခဲ၊ အဟန့်အတားများနှင့် အန္တရာယ်ဖြစ်စေနိုင်သော အချက်အလက်များကို အဓိကထားထည့်သွင်းစဉ်းစား၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

## လက်တွေ့လုပ်ငန်းခွင် ဥပမာ။

**ပဲခူးတိုင်းဒေသကြီး၊ ရှမ်းစုကျေးရွာတွင် ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။**

ရှမ်းစုကျေးရွာ၏လုပ်ငန်းအစီအစဉ်တွင် လက်ယက်တွင်းတူး၍ ရေစုပ်စက်တပ်ဆင်ခြင်း၊ ရေစုပ်အိမ်ဆောက်လုပ်ခြင်းနှင့် နှစ်ခန်းတွဲအိမ်သာဆောက်လုပ်ခြင်း လုပ်ငန်းများပါဝင်သည်။ လုပ်ငန်း နှစ်ခုအတွက်လိုအပ်သောပစ္စည်းများဖြစ်သည့် သစ်၊ မြစ်ကျောက်စရစ်နှင့် လုပ်အားတို့ကို ကျေးရွာမှထည့်ဝင်ပါဝင်စေပြီး ပြင်သစ်ကြက်ခြေနီမှ အုတ်၊ ဘိလပ်မြေ၊ သွပ်၊ သံ၊ အိမ်သာကြွေအိုး၊ အလုပ်သမားခနှင့် ရေစုပ်စက်မော်တာ၊ ဇာဋ္ဌယ ပိုက် စသည်တို့ကို ပံ့ပိုးကူညီမှုပြုသည်။ ဆောက်လုပ်ရေးလုပ်ငန်းများကို ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ နေ့စဉ်ကြီးကြပ်ပြီး ဘေးအန္တရာယ်လျော့ချရေးသင်တန်း အရာရှိနှင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းလုပ်အားရှင်များမှ လုပ်ငန်းစဉ်များထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်မှု ရှိ/မရှိ ပုံမှန်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်စေသည်။ အဆိုပါလုပ်ငန်းများကို အချိန်တစ်လခွဲအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးစေပါသည်။ လုပ်ငန်းပြီးစီးမှု အကြောင်း ကြားစာကို ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ သင်တန်းရေးရာအရာရှိထံသို့ ပေးပို့အသိပေးစေ သည်။ ထို့နောက်တွင် ၄င်းအကြောင်းကြားစာနှင့် အခြားသောသက်ဆိုင်ရာစာရွက်စာတမ်းများ ကိုပါပူးတွဲ ၍ ပြင်သစ်ကြက်ခြေနီ စီမံချက်ညှိနှိုင်းရေးမှူးထံသို့ သင်တန်းရေးရာအရာရှိမှ တင်ပြအစီရင်ခံစေသည်။

# ၈ နောက်ဆုံးအဆင့် သုံးသပ်လေ့လာမှု ဆောင်ရွက်ခြင်း။

နောက်ဆုံးအဆင့်သုံးသပ်လေ့လာမှုပြုလုပ်ခြင်းဆိုသည်မှာ စီမံချက်ဝင်ရောက်အကောင် အထည်ဖော်မှုကြောင့် ဖြစ်ပေါ်လာသောအကျိုးဆက်များ၊ ပြောင်းလဲမှုများကို လေ့လာမှုပြုခြင်းပင် ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းသည် စောင့်ကြည့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏ အရေးကြီးသောအဆင့် တစ်ခုဖြစ်ပြီး ကနဦးလေ့လာဆန်းစစ်မှုပြုလုပ်စဉ်က ရရှိထားသောအချက်အလက်များပေါ်တွင် အခြေခံ၍ တိုးတက်ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာခြင်းဖြစ်သည်။

**အကွက် ၁၇**
**နောက်ဆုံးအဆင့် သုံးသပ်လေ့လာမှု (အဓိပ္ပါယ်ဖွင့်ဆိုချက်)**

နောက်ဆုံးအဆင့်သုံးသပ်လေ့လာမှုဆောင်ရွက်ခြင်းဆိုသည်မှာ စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ပြီးဆုံးပြီးနောက် ရရှိလာသောအကျိုးဆက် ရလဒ်များကို စီမံချက်မစတင်မီ ကောက်ယူထားသောအချက်အလက်များ၊ ရပ်ရွာ၏မူလအခြေများနှင့် နှိုင်းယှဉ်လေ့လာမှုပြုခြင်းဖြစ်သည်။ အဆိုပါ လုပ်ငန်းစဉ်သည် စောင့်ကြည့်အကဲဖြတ်ခြင်းလုပ်ငန်း၏ အရေးကြီးသောအဆင့်လည်း ဖြစ်သည်။
(IFRC, VCA လမ်းညွှန်ချက် )

အဆိုပါ နောက်ဆုံးအဆင့်လေ့လာသုံးသပ်မှုကို ရပ်ရွာအတွက်သာမက ကျောင်းများအတွက်ပြုလုပ်ဆောင်ရွက်ရန် လိုအပ်သည်။ ထို့ကြောင့် ကျောင်းများအတွက် သီးခြားအုပ်စုငယ်များ ဖွဲ့၍ လုပ်ငန်းခွင်ကျွမ်းကျင်မှုကိုစောင့်ကြ ည်အကဲဖြတ်အဖွဲ့ဝင်များက သင့်လျော်မည့်နည်းလမ်းများကို အသုံး ပြု၍ ဆောင်ရွက်ရမည်ဖြစ်သည်။

## ၈.၁။ စောင့်ကြည့်အကဲဖြတ်ခြင်းဆိုင်ရာ မွမ်းမံသင်တန်း။

စီမံချက်အစောပိုင်းကာတွင်ပြုလုပ်သော သင်တန်းကဲ့သို့ပင် အဆိုပါမွမ်းမံသင်တန်းတွင် လုပ်ငန်းကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်ကောက်ယူခြင်းဆိုင်ရာ ကျွမ်းကျင် မှုများကို ထပ်မံပို့ချသည်။ ယခုနောက်ဆုံးအဆင့်လေ့လာမှုအဖွဲ့တွင် ဖြစ်နိုင်ပါက ကနဦးလေ့လာမှုတွင် ပါဝင်သောသူများနှင့်သာ ဆောင်ရွက်ရမည်ဖြစ်သည်။ သို့သော်အဖွဲ့တွင် အချို့သောနုတ်ထွက်သူများရှိပါက စေတနာ့ဝန်ထမ်းကြက်ခြေနီလူငယ်များနှင့် ရပ်ရွာလူထုအဖွဲ့ဝင်များအား ထပ်မံခေါ်ယူ၍ ကျွမ်းကျင် သင်တန်းများပို့ချကာ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်သည်။

**ဇယား ၃၀**
**အကျဉ်းချုပ် – စောင့်ကြည့်အကဲဖြတ်ခြင်း မွမ်းမံသင်တန်**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| စောင့်ကြည့်အကဲဖြတ်ခြင်းအဖွဲ့ဝင်များနှင့်အခြားသောအဖွဲ့ဝင်အသစ်များအားလိုအပ်သောကျွမ်းကျင်မှုများအတွက် မွမ်းမံသင်တန်းပေးခြင်း | ၁။ အဖွဲ့တွင်ဝန်ထမ်းနုတ်ထွက်မှုရှိပါက ဝန်ထမ်းအသစ်များရှာဖွေစုဆောင်းခြင်း။<br>၂။ လုပ်ငန်းစဉ်အကြောင်းပြုစုရေးသားဖြင်း။<br>၃။ သင်တန်းနည်းပြများရှာဖွေခြင်း။<br>၄။ နှစ်ရက်တာသင်တန်းပို့ချခြင်း။<br>၅။ သင်တန်းအစီရင်ခံစာရေးသားခြင်း။ | လေ့ကျင့်သင်ကြားထားသောကြက်ခြေနီစေတနာ့ဝန်ထမ်းများနှင့် ဆွေးနွေးညှိနှိုင်း၍ စီမံချက်စောင့်ကြည့်အကဲဖြတ်အရာရှိမှ ဆောင်ရွက်ရန်။ | လေ့ကျင့်သင်ကြားထားသော စောင့်ကြည်အကဲဖြတ်အဖွဲ့ဝင်များ<br><br>အကြံပြုချက်များ | သင်တန်းလက်စွဲစာအုပ်နှင့် ပါဝါပွိုင့်များ။ |

## ၈.၂။ နောက်ဆုံးအဆင့်သုံးသပ်လေ့လာမှုပြုလုပ်ခြင်း

နောက်ဆုံးအဆင့် သုံးသပ်လေ့လာမှုပြုလုပ်ရာတွင် ကနဦးဆန်းစစ်မှုပြုလုပ်စဉ်က အသုံး ပြုသောနည်းလမ်းများအတိုင်း ဆောင်ရွက်နိုင်ပြီး ထိုစဉ်ကမေးမြန်းခဲ့သော အိမ်ထောင်စုများကိုသာ သတင်းအချကအလက်ကောက်ယူမှုပြုသင့်သည်။

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| စီမံချက်အကျိုးသက်ရောက်မှုကိုတိုင်းတာရန်သတင်းအချက်အလက်များကောက်ယူခြင်း။ | ၁။ စောင့်ကြည့်အကဲဖြတ်အဖွဲ့အားအဖွဲ့ငယ်များအဖြစ်ပြန်လည်ဖွဲ့စည်းခြင်း။<br>၂။ သတင်းအချက်အလက်ကောက်ယူစုဆောင်းခြင်း။<br>၃။ သတင်းအချက်အလက်များအားသုံးသပ်လေ့လာခြင်း။ | အဖွဲ့ငယ်များပြန်လည်ဖွဲ့စည်းခြင်းနှင့်သတင်းအချက်အလက်သုံးသပ် ခြင်း – စီမံချက် စောင့်ကြည့်အကဲဖြတ်အရာရှိ<br><br>သတင်းအချက်အလက်ကောက်ခံ ရာတွင် ပံ့ပိုးကူညီ ခြင်း – စီမံချက် စောင့်ကြည့်အကဲဖြတ်အရာရှိနှင့် ဒု တပ်ရင်းမှူး | နောက်ဆုံးအဆင့်သတင်းအချက်အလက်အခြေအ နေများ။ | နောက်ဆုံးအဆင့်လေ့လာမှုအတွက်မေးခွန်းများ။ |

**ဇယား ၃၁**
**အကျဉ်းချုပ် –**
**နောက်ဆုံးအဆင့်လေ့လာမှုပြုလုပ်ခြင်း။**

## ၈.၃။ လေ့လာမှုအစီရင်ခံစာ။

ရရှိလာသောသတင်းအချက်အလက်များကို ကွန်ပြူတာဆော့ဝဲလ် (SPSS) အသုံးပြု၍ စီမံချက်စောင့်ကြည့်အကဲဖြတ်ခြင်းဆိုင်ရာအရာရှိမှ လေ့လာသုံးသပ်မှုပြုလုပ်ပြီး အများနားလည်လွယ်ကူ စေရန် အဓိကအချက်အလက်များကို ထုတ်နှုတ်၍ရေးသားပြုစုထားရမည်ဖြစ်သည်။ ကျောင်းအဆင့်အနေ ဖြင့် အချက်အလက်များပြင်ဆင်ခြင်းနှင့် အစီရင်ခံစာရေးသားခြင်းကို မြို့နယ်ပညာရေးမှူးမှ အဓိကလုပ် ဆောင်ရမည်ဖြစ်သည်။

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| စီမံချက်နှင့်သက်ဆိုင်သောပုဂ္ဂိုလ်များအားရပ်ရွာနှင့်ပတ်သက်သောအကြောင်းအရာများကိုအသိပေးအကြောင်းကြား ခြင်း။ | ၁။ အစီရင်ခံစာပြင်ဆင်ရေးသားခြင်း။<br>၂။ အစီရင်ခံစာအားမြန်မာနိုင်ငံကြက်ခြေနီအသင်းအမှုဆောင်များနှင့်သက်ဆိုင်ရာသောမိတ်ဆက်အဖွဲ့အစည်းများအားပေးပို့တင်ပြခြင်း။ | အစီရင်ခံစာပြင်ဆင်ခြင်းနှင့် ပေးပို့ ခြင်း<br>• စီမံချက်စောင့်ကြည့်အကဲဖြတ်ဆိုင်ရာအရာရှိ (ကျေးရွာအဆင့်)<br>• မြို့နယ်ပညာ ရေးမှူး (ကျောင်းအဆင့်) | နောက်ဆုံးအဆင့်လေ့လာမှု အစီရင် ခံစာ။ | ကောက်ခံရရှိထားသောသတင်းအချက်အလက် များ။<br><br>လစဉ်အစီရင်ခံစာ။ |

**ဇယား ၃၂**
**အကျဉ်းချုပ် –**
**လေ့လာမှုအစီရင်ခံစာ**

## ၈.၄။ စီမံချက်၏သက်ရောက်မှုအားအကဲဖြတ် လုပ်ငန်းစဉ်။

ကနဦးနှင့်နောက်ဆုံးအဆင့် လေ့လာမှုများအပြင် ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ စီမံချက်၏ အကျိုးသက်ရောက်မှုကိုတိုင်းတာရန် လေ့လာဆန်းစစ်မှုလုပ်ငန်းကို ဆောင်ရွက်ရသည်။ ဤလုပ် ငန်းစဉ်တွင် ကနဦးနှင့်နောက်ဆုံးအဆင့်လေ့လာမှုများမှ ရရှိသောအချက်အလက်များကို စုဆောင်းသည့်အပြင် ရပ်ရွာလူထုနှင့် တွေ့ဆုံမှုများပြုလုပ်၍ စီမံချက်မဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီးပြောင်းလဲမှုများ၊ စီမံချက်ပိုမိုကောင်းမွန်စေရန် ရပ်ရွာလူထု၏ အကြံပြုချက်များ၊ ၎င်းတို့၏အမြင်များ စသည်တို့ကို အသေး စိတ်ဆွေးနွေးတိုင်ပင်မှုပြုသည်။ ထို့နောက် အစီရင်ခံစာရေးသားရန်အတွက် ကနဦးလေ့လာမှုနှင့်

**အကွက် ၁၈**
**အကဲဖြတ်ခြင်း**
**(အဓိပ္ပါယ်ဖွင့်ဆိုချက်)**

အကဲဖြတ်ခြင်းဆိုသည်မှာ ဆောင်ရွက်ဆဲ (သို့) ပြီးဆုံးသောစီမံချက်တို့၏ လုပ်ငန်းစဉ်ရေးဆွဲ ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ရလဒ်များကို စနစ်တကျ၊ ရည်ရွယ်ချက်ဖြင့် လေ့လာဆန်းစစ်မှုပြုလုပ်ခြင်းပင်ဖြစ်သည်။ အဓိကရည်ရွယ်ချက်မှာ စီမံချက်မှချမှတ်ထားသော ရည်မှန်းချက်များ သင့်လျော်မှန်ကန်မှု ရှိ/ မရှိ၊ ရည်ရွယ်ချက်ပြည့်မီခြင်း ရှိ/ မရှိ၊ လုပ်ငန်းစဉ်များထိရောက်အောင်မြင်မှုနှင့် သတ်မှတ်ချိန်အတွင်းပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်း၊ လုပ်ငန်းစဉ်များ ရေရှည်တည်တံ့နိုင်ခြင်း စသော အချက်များကို လေ့လာသုံးသပ်ခြင်းဖြစ်သည်။ စီမံချက်မန်နေဂျာ၊ အကျိုးခံစားခွင့်ရှိသော ရပ်ရွာလူထု၊ မိတ်ဖက်အဖွဲ့အစည်းနှင့် အခြားသောစီမံချက်နှင့်သက်ဆိုင်သော ပုဂ္ဂိုလ်များအနေဖြင့် အဆိုပါလေ့လာ အကဲဖြတ်မှုရလဒ်များမှ အတွေ့အကြုံ၊ သင်ခန်းစာများရရှိစေကာ နောင်လုပ်ငန်းစဉ်များကို ပိုမိုကောင်းမွန် အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နောက်ဆုံးအဆင့်လေ့လာမှုတို့မှ ရရှိလာသောအချက်အလက်များကို ကွန်ပြူတာစနစ်ထဲသို့ စနစ်တကျ ထည့်သွင်း၍ လေ့လာသုံးသပ်မှုပြုလုပ်စေသည်။ လေ့လာသုံးသပ်မှုတွေ့ရှိချက်များကို စီမံချက်စောင့်ကြည့် အကဲဖြတ်အရာရှိမှ ကြက်ခြေနီအသင်းဝန်ထမ်းများနှင့် ပူးပေါင်း၍ သက်ရောက်မှုအကဲဖြတ်အစီရင်ခံစာ အဖြစ်ရေးသားစေသည်။

**ဇယား ၃၃**
**အကျဉ်းချုပ် – သက်ရောက်မှုအကဲဖြတ်လုပ်ငန်းစဉ်**

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| စီမံချက်မစတင်မီ နှင့် ပြီးဆုံးပြီး နောက်ဖြစ်ပေါ်လာ သောပြောင်းလဲမှု များကိုသိရှိစေရန်။ | ၁။ တွေ့ဆုံမေးမြန်းမှုအစီအစဉ်အကြမ်း တွင်ရေးဆွဲခြင်း။<br>၂။ စီမံချက်နှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များစာရင်း ပြုစုခြင်း။<br>၃။ တွေ့ဆုံမေးမြန်း မှုများပြုလုပ်ခြင်း။<br>၄။ ရရှိလာသော အချက်အလက်များ ကိုပြင်ဆင်ခြင်း။<br>၅။ ကနဦးနှင့် နောက်ဆုံးအဆင့် လေ့လာမှု၊ တွေ့ဆုံ မေးမြန်းမှုမှ ရရှိ လာသောအချက် အလက်များကို အစီရင်ခံစာအဖြစ် ရေးသားခြင်း။ | မေးမြန်းမည့်အချက် များအကြမ်းဖျင်း ရေးသားခြင်း၊ တွေ့ ဆုံမေးမြန်းမှုပြုလုပ် ခြင်း၊ အစီရင်ခံစာ ရေးသားခြင်း – စီမံချက်စောင့်ကြည့် အကဲဖြတ်အရာရှိ နှင့်မြို့နယ်ပညာ ရေးမှူး။<br><br>မေးမြန်းရမည့်ရပ်ရွာ အတွင်းရှိပုဂ္ဂိုလ်များ ရွေးချယ်ခြင်း – ကြက်ခြေနီစေတနာ လုပ်အားရှင်များ၊ စီမံချက်အရာရှိတို့ နှင့် ပူးပေါင်း၍ စီမံ ချက်စောင့်ကြည့် အကဲဖြတ်ရာရှိ | သက်ရောက်မှု အကဲဖြတ်အစီရင် ခံစာ | ကောက်ယူထား အချက်အလက် များနှင့် လစဉ်အစီရင်ခံစာ |

## အဓိကစိန်ခေါ်မှုများ။

**ပြောင်းလဲမှုများကို တိုင်းတာခြင်း။** ။ဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရပ်ရွာ လူထု၏ သဘောထား၊ ၎င်းတို့၏အမူအကျင့်ပြောင်းလဲမှုနှင့် အသိပညာတိုးတက်ပြောင်းလဲမှုတို့ကို တိုင်းတာခြင်းလုပ်ငန်းရပ်သည် လွန်စွာခက်ခဲ၍ အချိန်များစွာလည်းပေးရလေသည်။ အချို့သောပြောင်းလဲ မှုဖြစ်စဉ်များသည် ပေါ်လွင်ထင်ရှားမှုမရှိခြင်း၊ တိုင်းတာရခက်ခဲခြင်းတို့ကြောင့် အချိန်ကုန်လူပန်းဖြစ်ကြ ရသည်။ ထို့ကြောင့်ပြောင်းလဲမှုများကိုတိုင်းတာရန် ဆီလျှော်မှုရှိပြီး ထင်သာမြင်သာရှိသောစံသတ်မှတ် ချက်များ၊ တိုင်းတာမှုများကို သတ်မှတ်ထားရှိခြင်းသည်လည်း အရေးကြီးသောအဆင့်တစ်ခုဖြစ်သည်။ ထို့ပြင် တိုင်းတာမှုများပြုလုပ်ရန်လုံလောက်သောအချိန်နှင့် အရင်းအမြစ်များကို ပြင်ဆင်ထားရှိရန်လိုအပ်ပြီး လူထုအခြေပြုဘေးအန္တရာယ်လျော့ချရေးစီမံချက်ကြောင့် ရရှိလာသောအကျိုးသက်ရောက်မှုများ၊ ပြောင်းလဲမှုများကို စနစ်တကျ မှတ်တမ်းပြုစုထားရမည်ဖြစ်သည်။

**သတင်းအချက်အလက်များဆီလျှော်မှန်ကန်ခြင်း။** ။နောက်ဆုံးအဆင့်လေ့လာဆန်းစစ်မှု၏ အဓိကစိန် ခေါ်မှုမှာ ကနဦးလေ့လာဆန်းစစ်မှုတွင် ပါဝင်ဖြေဆိုခဲ့သော ရပ်ရွာအိမ်ထောင်စုများကို တဖန်ပြန်လည်မေး မြန်းမှုများပြုလုပ်ရခြင်းပင်ဖြစ်သည်။ လေ့လာဆန်းစစ်မှုနှစ်ခုကို နှိုင်းယှဉ်စစ်ဆေး၍ ပြောင်းလဲမှုများကို တိုင်းတာလိုသောကြောင့် နောက်ဆုံးအဆင့်လေ့လာဆန်းစစ်မှုအတွက် မေးခွန်းများမေးမြန်းရာတွင် ကနဦး လေ့လာဆန်းစစ်မှုတွင်အသုံးပြုသော မေးခွန်းများကိုသာပြန်လည်အသုံးပြုရန်ဖြစ်သည်။ အနည်းဆုံးတွင် မေးခွန်းတည်ဆောက်မှုနှင့် မေးခွန်းပုံစံတူညီရန်လိုအပ်သည်။ သို့မှသာ နှိုင်းယှဉ်သုံးသပ်မှုကို လွယ်ကူစွာ ပြုလုပ်နိုင်မည်ဖြစ်သည်။

**ရပ်ရွာလူထုပါဝင်စေခြင်း။** ။ရပ်ရွာလူထုအနေဖြင့်စီမံချက်အပေါ် စိတ်ဝင်စားမှုရှိခြင်းနှင့် မေးခွန်းများ ကိုလိုလားတက်ကြွစွာဖြေဆိုလိုခြင်းတို့သည် စီမံချက်အောင်မြင်စေသောအချက်တစ်ချက်ပင်ဖြစ်သည်။ ရပ်ရွာလူထုအနေဖြင့်လည်း ဘေးအန္တရာယ်နှင့်ပတ်သက်သော ပညာ၊ ဗဟုသုတများရရှိပြီး စီမံချက်၏ ရည်ရွယ်ချက်ကို သိမြင်မှသာ စီမံချက်အပေါ်စိတ်ဝင်စားမှု ရရှိလာမည်ဖြစ်သည်။ သို့မှသာ စီမံချက် ဆောင်ရွက်ရာတွင် ထိရောက်မှုရှိမည်ဖြစ်သည်။

## အခြားသောဆက်စပ်အကြောင်းအရာများ။

လေ့လာဆန်းစစ်မှုပြုရာတွင်ရပ်ရွာလူထု၏ ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်း ကျင်ဆိုင်ရာကိစ္စရပ်များတွင် မည်ကဲ့သို့သဘောထားပြောင်းလဲမှုကို သုံးသပ်လေ့လာမှုပြုခြင်းကဏ္ဍတစ် ရပ်လည်းပါဝင်သည်။ ထိုကဲ့သို့ ရပ်ရွာလူထု၏ သဘောထားအမြင်များသာမက စီမံချက်ဆောင်ရွက်မှု ကြောင့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များပေါ်တွင် မည်သို့အကျိုးသက်ရောက်မှု ရှိသည်ကို မှတ်တမ်းပြုစုရန်လိုအပ်သည်။

## လုပ်ငန်းခွင်ဥပမာ။

**ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တွင်နောက်ဆုံးအဆင့်လေ့လာဆန်းစစ်မှု ပြုလုပ်ခြင်း (ဒီအာအာ စီမံချက် – မေ ၂၀၁၃)**
ပထမဦးစွာ ကနဦးလေ့လာဆန်းစစ်မှုအဖွဲ့တွင်ပါဝင်သော ကြက်ခြေနီစေတနာ့ဝန်ထမ်း (၁၅) ယောက်အား (၄)ရက်တာစေ ၁င့်ကြည့်အကဲဖြတ်ခြင်းဆိုင်ရာသင်တန်းကို ပို့ချသင်ကြားပေးပါသည်။ အဆိုပါ စေတနာ့ဝန်ထမ်းကြက်ခြေနီလူငယ် (၁၅) ယောက်အား ကနဦးလေ့လာဆန်းစစ်မှုတွင် အသုံးပြုသော မေးခွန်းများအားပေး၍ သက်ဆိုင်ရာကျေးရွာများသို့ စေလွှတ်ကာ အချက်အလက်များကို ကောက်ယူ မှုပြုစေသည်။ စုစုပေါင်းကျေးရွာ (၁၀)ရွာရှိ အိမ်ထောင်စုပေါင်း (၄၈၄)စုထံမှ အချက်အလက်များကို ကောက်ယူစေသည်။ ထိုပမာဏသည် ကျေးရွာ (၁၀)ရွာရှိ စုစုပေါင်း အိမ်ထောင်စု၏ (၃၀%) ကို ကိုယ်စားပြုပါသည်။ စီမံချက်သင်တန်းရေးရာအရာရှိမှ ဖြည့်စွက်ပြီးသော အချက်အလက်ပုံစံအားလုံးကို စုဆောင်း၍ စီမံချက်စောင့်ကြည့်ခြင်းနှင့်အကဲဖြတ်ခြင်း အရာရှိထံသို့ ပေးပို့သည်။ အဆိုပါအရာရှမှ အချက်အလက်များအားလုံးကို ကွန်ပြူတာစနစ်သို့ထည့်သွင်း၍ လေ့လာသုံးသပ်မှုများပြုလုပ်သည်။ ထို့နောက် အဆိုပါသုံးသပ်မှုများကို အစီရင်ခံစာအဖြစ်ရေးသား၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြင်သစ်ကြက်ခြေနီ စီမံချက်ညှိနှိုင်းရေးမှူး ထံသို့ပေးပို့သည်။

# ၉ လုပ်ငန်းစဉ်များလွှဲပြောင်းပေးခြင်းနှင့် စီမံချက်ဆုတ်ခွါရေးဆိုင်ရာ နည်းဗျူဟာ။

ဘေးအန္တရာယ်လျော့ချရေးဆိုသည်မှာ စဉ်ဆက်မပြတ်ဆောင်ရွက်ရသော လုပ်ငန်းစဉ် ဖြစ်ပြီး ရေရှည်ဆက်လက်ဆောင်ရွက်နိုင်ရန် ထိန်းသိမ်းစောင့်ရှောက်ထားရမည်ဖြစ်သည်။ သို့သော် စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အချိန်ကန့်သတ်ချက်ရှိပြီး သတ်မှတ်ကာလရောက်ရှိ ပါက စီမံချက်များပိတ်သိမ်းရမည်ဖြစ်သည်။ သို့ပါသော်လည်း သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်မှုသည် ရပ်တန့်မှုရှိမည် မဟုတ်သောကြောင့် သင်လျော်သောအဖွဲ့အစည်း (သို့) ရပ်ရွာအခြေပြုအဖွဲ့အစည်းများမှ စီမံချက်မှဆောင်ရွက်ခဲ့သော ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်နိုင်ရန် ပြင်ဆင်မှုများ ပြုလုပ်ထားသင့်သည်။ အချို့သောဒေသများတွင် စီမံချက်၏ ဦးစားပေးလုပ်ငန်းအစီအစဉ် များကြောင့် ဒေသတွင်းလုပ်ဆောင်ရန် ကျန်ရှိနေသေးသောလုပ်ငန်းများကိုလည်း ရပ်ရွာလူထုအနေဖြင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။ ထို့ကြောင့် ရပ်ရွာလူထုအနေဖြင့် အဆိုပါလုပ်ငန်း စဉ်များအား စီမံချက်မှလွှဲပြောင်းပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းနားလည်စေရန် စီမံချက်ဆုတ်ခွါရေး ဆိုင်ရာနည်းဗျူဟာကို ကြိုတင်ရေးဆွဲမှု ပြုလုပ်ထားသင့်သည်။

လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန် လုပ်ဆောင်ရမည့်အဓိကတာဝန်ကို ကျေးရွာနှင့် မြို့နယ်ဘေး အန္တရာယ်စီမံခန့်ခွဲရေးကော်မတီမှ မြန်မာနိုင်ငံကြက်ခြေနီအသင်းထံသို့ လွှဲပြောင်း ရယူရမည်ဖြစ်သည်။ ထို့ပြင် လုပ်ငန်းဆောင်ရွက်မှုအတွက် လိုအပ်သောအရင်းအမြစ်များ ပံ့ပိုးမှုကိုလည်း ကော်မတီမှ စီစဉ်ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် အဖွဲ့ဝင်များအနေဖြင့် စိတ်အားထက်သန်မှုရှိလာပြီး လုပ်ငန်းစွမ်းဆောင် ရည်များ ပိုမိုတိုးတက်လာစေမည်ဖြစ်သည်။

စီမံချက်၏နောက်ဆုံးအဆင့်ဖြစ်သော လုပ်ငန်းစဉ်လွှဲပြောင်းပေးခြင်းအဆင့်တွင် မြို့နယ် အရေးပေါ်အခြေအနေသုံးပစ္စည်းများထောက်ပံ့ခြင်း၊ သက်ဆိုင်ရာရပ်ရွာတာဝန်ရှိသူများထံသို့ စီမံချက်ဆိုင်ရာစာရွက်စာတမ်းများပေးအပ်ခြင်း၊ စီမံချက်၏ထောက်ပံ့မှု မပါဘဲရပ်ရွာလူထုကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အစီအစဉ်များအား ပြန်လည်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းများကို မိမိတို့ရပ်ရွာတွင် ဆက်လက်ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာလူမှုအဖွဲ့ အစည်းများ၊ ရပ်ရွာအုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် အခြားသောသက်ဆိုင်ရာအဖွဲ့အစည်းများ တွင် လုံလောက်သော စွမ်းဆောင်ရည်များရှိရန်လိုအပ်သည်။

**အကွက် ၁၉**
**စီမံချက်ဆုတ်ခွါရေးနည်းဗျူဟာရေးဆွဲခြင်း (လုပ်ဆောင်ရန်)**

- ဤအစီအစဉ်အား မည်သူကအဓိကတာဝန်ယူဆောင်ရွက်ပါမည်နည်း။
- လုပ်ငန်းလွှဲပြောင်းပေးရန် ရပ်ရွာတွင် အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်း (ဥပမာ – ကျေးရွာ စည်ပင်သာယာရေးကော်မတီ (သို့) လူမှုရေးအသင်းအဖွဲ့)များ ရှိပါသလား။
- လုပ်ငန်းအစီအစဉ်အား မည်ကဲ့သို့လွှဲပြောင်းပေးမည်နည်း။
- လုပ်ငန်းဆောင်ရွက်မှုတွင် သတ်မှတ်ထားသောအချက်များ ရှိပါသလား။
- လုပ်ငန်းဆောင်ရွက်မှုအတွက်ရံပုံငွေ မည်ကဲ့သို့ထားရှိပါမည်နည်း။
- လုပ်ငန်းများဆောင်ရွက်မှုအား စောင့်ကြည့်လေ့လာခြင်းကို မည်ကဲ့သို့ပြုလုပ်ပါမည်နည်း။
- လုပ်ငန်းစီမံခန့်ခွဲမှုတွင် ရပ်ရွာမှ မည်သည်တို့ကို တာဝန်ယူဆောင်ရွက်ပါမည်နည်း။
- ထိုသို့ဆောင်ရွက်ခြင်းအတွက် မည်ကဲ့သို့သော ပံ့ပိုးမှုများပြုလုပ်ပါမည်နည်း။
- ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီအသင်းရုံးခွဲ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ စေတနာ့ဝန်ထမ်းကြက်ခြေနီလူငယ်များနှင့် ရပ်ရွာလူထု၏ အဓိကအခန်းကဏ္ဍ။
- တာဝန်လွှဲပြောင်းယူမည့်အဖွဲ့အစည်းအတွက် လိုအပ်သောသင်တန်းများရှိပါသလား။
- စီမံချက်မှ မည်သည့်ပစ္စည်းများကို ရပ်ရွာသို့လွှဲပြောင်းမည်၊ မည်သည်တို့ကိုပြန်လည်သိမ်းဆည်းမည် တို့ကိုဖော်ပြပါသည်။

## ၉.၁။ လုပ်ဆောင်ရန်အစီအစဉ်အား ပြန်လည်သုံးသပ်ခြင်း။

လုပ်ဆောင်ရန်အစီအစဉ်ပြန်လည်သုံးသပ်ခြင်းဟုဆိုရာတွင် စီမံချက်အား လက်တွေ့ ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာသောပြောင်းလဲမှုများကို သိရှိစေရန်ပြုလုပ်ခြင်းဖြစ်သည်။ အဆိုပါလုပ်ငန်း စဉ်ကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ အဓိကလုပ်ဆောင်ပြီး ကြက်ခြေနီအဖွဲ့ဝန်ထမ်းများ နှင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းလုပ်အားပေးလူငယ်များက ပံ့ပိုးကူညီရန်ဖြစ်သည်။ လုပ်ဆောင်ရန်အစီအစဉ် ပြန်လည်သုံးသပ်ခြင်းကြောင့် လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့ရသောအခက်အခဲ နှင့် ကွာဟချက်များ ကို ရပ်ရွာလူထုအနေဖြင့် ၄င်းတို့ကိုယ်တိုင် လက်တွေ့ကွင်းဆင်းမဆောင်ရွက်မီ ကြိုတင်လေ့လာ သိရှိနိုင်သည်။

| ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|
| လက်တွေ့ဆောင်ရွက်ရာတွင်ဖြစ်ပေါ်လာသော ဘေးအန္တရာယ်အခြေအနေပြောင်းလဲမှုများကို သိရှိစေရန်နှင့်ဘေးအန္တရာယ်လျော့ ချရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရာ တွင် ပံ့ပိုးကူညီရန်။ | ၁။ ဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီအား သတင်း အချက်အလက်များ ပံ့ပိုးခြင်း။<br>၂။ ကျေးရွာလူထု နှင့် တွေ့ဆုံဆွေးနွေးခြင်း။<br>၃။ ကျေးရွာလူထု လုပ်ဆောင်ရန်အစီအစဉ်အားပြန်လည်သုံးသပ်၍ ပြင်ဆင်ခြင်း<br>၄။ ကုန်ကျစရိတ်များပြန်လည်တွက်ချက်ပြင်ဆင်ခြင်း။<br>၅။ ဌာနချုပ်သို့ ပေးပို့အစီရင်ခံခြင်း။<br>၆။ ဌာနချုပ်မှအတည်ပြုခြင်း။ | ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မ တီမှ စီမံချက်ညှိ နှိုင်းရေးမှူး၊ စီမံ ချက်အရာရှိ၊ ကြက်ခြေနီစေတနာ့ဝန်ထမ်းလုပ်အားရှင်များ၏ ပံ့ပိုးကူညီမှုဖြင့်အဓိကဆောင်ရွက်ရန်။ | အသစ်ပြန်လည်ရေးဆွဲထားသော လုပ်ငန်းအစီအစဉ်<br><br>အတည်ပြုစစ်ဆေးပြီးသော လုပ်ဆောင်ရန်အစီအစဉ်နှင့် ကုန်ကျစရိတ်များ | ယခင်ရေးဆွဲထားသောလုပ်ငန်းအစီအစဉ် နှင့်စောင့်ကြည့် အကဲဖြတ်အစီရင်ခံစာ။ |

ဇယား ၃၄
အကျဉ်းချုပ် – လုပ်ငန်းအစီအစဉ်အား ပြန်လည်သုံးသပ်ခြင်

## ၉.၂။ လိုအပ်သောပစ္စည်းများ ထောက်ပံ့ခြင်း။

စီမံချက်ဆုတ်ခွါပြီးနောက် ရေရှည်ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများ အကောင်အထည်ဖော် နိုင်စေရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ မြို့နယ်နှင့် ရပ်ရွာလူထုထံသို့ အချို့သောပစ္စည်းများ ကူညီ ထောက်ပံ့ပေးရပါသည်။ ပတမဦးစွာ မြို့နယ်တစ်ခုစီလျှင် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများဆောင် ရွက်ရာတွင် အရေးကြီးလိုအပ်သည့် ပစ္စည်းများပါဝင်သော အရေးပေါ်အခြေအနေသုံးပစ္စည်းအိတ်များကို ပေးပို့ကူညီစေသည်။ ထို့ပြင် စီမံချက်နှင့်သက်ဆိုင်သော စာရွက်စာတမ်းအားလုံးကိုလည်း မြို့နယ်ကြက် ခြေနီအသင်းနှင့် ကျေးရွာစီမံခန့်ခွဲမှုကော်မတီသို့ လွှဲပြောင်းပေးအပ်သည်။ အဆိုပါစာရွက်စာတမ်းများတွင် ကျေးရွာမြေပုံများ၊ တင်ပြတောင်းဆိုလွှာများ၊ အစီရင်ခံစာများနှင့် လှူဒါန်းထားသောပစ္စည်းစာရင်းတို့ ပါဝင်သည်။ ထိုစာရွက်စာတမ်းများကို နမူနာအဖြစ်ယူ၍ သက်ဆိုင်ရာမြို့နယ်ရုံးခွဲနှင့် စီမံခန့်ခွဲမှုကော်မတီ မှ နောင်ဆောင်ရွက်မည့်လုပ်ငန်းများတွင် အသုံးပြုရန်ဖြစ်သည်။

**ဇယား ၃၅**
**အကျဉ်းချုပ် – လိုအပ်သောပစ္စည်းများ ထောက်ပံ့ခြင်း။**

| လုပ်ဆောင်ချက် | ရည်ရွယ်ချက် | လုပ်ငန်းစဉ် | ရာထူးနှင့် တာဝန်ခွဲဝေခြင်း | ရလဒ် | ရရှိနိုင်သော အရင်းအမြစ်များ |
|---|---|---|---|---|---|
| မြို့နယ်အရေးပေါ် အခြေအနေသုံး ပစ္စည်း | စီမံချက်လုပ်ငန်း များဆက်လက် လုပ်ဆောင်နိုင် ရန်အတွက် လို အပ်သောပစ္စည်း များပံ့ပိုးကူညီ ရန်။ | ၁။ မြို့နယ်ကြက် ခြေနီ အလုပ်အ မှုဆောင်အဖွဲ့ ဝင်များနှင့် တွေ့ဆုံခြင်း။<br>၂။ လိုအပ်သော ပစ္စည်းစာရင်း ပြုစုခြင်း<br>၃။ မြန်မာနိုင်ငံ ကြက်ခြေနီအ သင်းမှထောက် ခံမှုပြုခြင်း<br>၄။ ပစ္စည်းများ ထောက်ပံ့လှူ ဒါန်းခြင်း | စီမံချက်ညှိနှိုင်း ရေးမှူး | မြို့နယ်တစ် မြို့နယ်လျှင် အရေးပေါ် သုံးပစ္စည်း များထားရှိ ခြင်း။ | အစည်းအဝေး မှတ်တမ်းများ |
| စီမံချက် စာရွက် စာတမ်းများ | နောင်လုပ်ငန်း စဉ်များအကောင် အထည်ဖော်ရာ တွင် ရည်ညွှန်း စာအဖြစ်အသုံး ပြုနိုင်ရန်မြို့နယ် နှင့် ရပ်ရွာလူထု ထံသို့ စာရွက် စာတမ်းများ လွှဲပြောင်းပေး အပ်ခြင်း။ | ၁။ စီမံချက် စာရွက်စာတမ်း များအား စု ဆောင်းထား ရှိခြင်း<br>၂။ စီမံချက်ပြီး ဆုံးပြီးနောက် မြို့နယ်ကြက် ခြေနီအသင်း ရုံးခွဲနှင့် ရပ်ရွာ စီမံခန့်ခွဲမှုကော် မတီအား စာရွက်စာတမ်း များ တရားဝင် လွှဲပြောင်းပေး ခြင်း။ | စီမံချက်ညှိနှိုင် | | စီမံချက် စာရွက် စာတမ်းများ နောင်လုပ်ငန်း စဉ်များအကောင် အထည်ဖော်ရာ တွင် ရည်ညွှန်း စာအဖြစ်အသုံး ပြုနိုင်ရန်မြို့နယ် နှင့် ရပ်ရွာလူထု ထံသို့ စာရွက် စာတမ်းများ လွှဲပြောင်းပေး အပ်ခြင်း။ ၁။ စီမံချက်စာရွက်စာတမ်း များအား စု ဆောင်းထား ရှိခြင်း<br><br>၂။ စီမံချက်ပြီး ဆုံးပြီးနောက် မြို့နယ်ကြက် ခြေနီအသင်း ရုံးခွဲနှင့် ရပ်ရွာ စီမံခန့်ခွဲမှုကော် မတီအား စာရွက်စာတမ်း များ တရားဝင် လွှဲပြောင်းပေး ခြင်း။ စီမံချက်ညှိနှိုင်း ရေးမှူး မြေပုံများ၊ လုပ် ဆောင်ရန်အစီအ စဉ်တင်ပြတောင်း ခံလွှာများ၊ လှူ ဒါန်းထားသော ပစ္စည်းစာရင်း များ။ |

## အဓိကစိန်ခေါ်မှုများ။

**လုပ်ငန်းအမျိုးမျိုးအတွက် ဆုတ်ခွါမှုအမျိုးမျိုး** ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ချရေးစီမံချက်တွင်ပါရှိသော လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းအားလုံးပြီးစီးချိန်သည် တူညီမှုရှိမည်မဟုတ်ပါ။ အထူး သဖြင့် လုပ်ဆောင်ရန်အဆင့်များစွာပါရှိသော စီမံချက်တွင် လုပ်ငန်းစဉ်တစ်ခုချင်းစီအနေဖြင့် ၄င်းတို့၏ သတ်မှတ်ထားသောရည်ရွယ်ချက်များ အောင်မြင်ပြည့်စုံမှုပေါ်မူတည်၍ လုပ်ငန်းဆုတ်ခွါချိန်ကိုလည်း သီးခြားစီသတ်မှတ်ထားလေသည်။ အချို့သောလုပ်ငန်းစဉ်များအနေဖြင့်လည်း သတ်မှတ်ထားသော ပြီးဆုံးရက်မရောက်မီ တဖြည်းဖြည်းလုပ်ငန်းစဉ်ဆုတ်ခွါရန်လိုအပ်ပြီး ရပ်ရွာအဖွဲ့သို့ လွှဲပြောင်းပေးရန် လိုအပ်သည်။

**ပုံမှန်သတင်းအချက်အလက်များ ဝေမျှခြင်း** စီမံချက်လုပ်ငန်းတိုတက်မှုအခြေအနေ၊ အရင်းအမြစ်များအသုံးချမှု၊ အထူးသဖြင့်ကာလ အလိုက် လေ့လာဆန်းစစ်မှုရလဒ်များကို သက်ဆိုင်ရာတာဝန်ရှိသူများအား အကြောင်းကြားမျှဝေပေးရန် လိုအပ်သည်။ သို့မှသာ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စီမံချက်နှင့်ပတ်သက်သော နောက်ဆုံးရ အချက်အလက်များကို သိရှိနိုင်မည်ဖြစ်ပြီး တာဝန်လွှဲပြောင်းမှု ပြုလုပ်ရာတွင်လည်း ပိုမိုထိရောက်မှုရှိမည် ဖြစ်သည်။

**လုပ်ငန်းစဉ်လွှဲပြောင်းမှုကို စနစ်တကျဆောင်ရွက်ရန်လိုအပ်သည်။** သို့မှသာရပ်ရွာရှိ ပုဂ္ဂိုလ်များအားလုံးအနေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်၊ ဆောင်ရွက်မည့်ပုဂ္ဂိုလ်၊ မျှော်မှန်းထားသော ရလဒ်များ၊ ရာထူးနှင့်တာဝန်ခွဲဝေမှုများကို စေ့စေ့ စွာသိရှိနားလည်နိုင်မည်ဖြစ်သည်။

## လုပ်ငန်းခွင် ဥပမာ။

**ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် လုပ်ငန်းစဉ်လွှဲပြောင်းဆောင်ရွက်ခြင်း။ (ဒီအာအာ စီမံချက်၊ ဇွန်လ ၂၀၁၂)**
မင်းလှမြို့နယ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် တစ်နှစ်တာကာလရှေ့ဆက် လုပ်ဆောင်ရန် အစီအစဉ်များကို မြို့နယ်ကြက်ခြေနီ အမှုဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်း ရေးဆွဲပြီး လုပ်ငန်းများဆောင်ရွက်ရန်အတွက် ငွေကျပ် (၁၇) သိန်းကို လှူဒါန်းပံ့ပိုးမှု ပြုလုပ်ခဲ့သည်။ စီမံ ချက်တရားဝင်ဆုတ်ခွါခြင်းနှင့် မြို့နယ်ရုံးခွဲ၊ ကျေးရွာခေါင်းဆောင်များထံသို့ လုပ်ငန်းလွှဲပြောင်းခြင်းကို စီမံချက်ပိတ်ပွဲအခမ်းအနားတွင် တပြိုင်တည်းပြုလုပ်စေသည်။ ထို့ပြင် ကြက်ခြေနီစေတနာ့ဝန်ထမ်းများခန့် အပ်မှုစာရင်း၊ လှူဒါန်းမှုစာရွက်စာတမ်းများ၊ လုပ်ငန်းအစီရင်ခံစားများ၊ ကြက်ခြေနီစေတနာ့ဝန်ထမ်းများ ရှိရာပြမြေပုံနှင့် ဝန်ထမ်းအင်အားတိုးတက်မှု မှတ်တမ်း၊ ၄င်းတို့၏ကိုယ်ရေးရာဇဝင်နှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများ၊ နောက်ဆုံးအစီရင်ခံစားများကို မြို့နယ်ကြက်ခြေနီအသင်းရုံးခွဲသို့ လည်းကောင်း။ ရပ်ရွာလူထုနှင့်ပတ်သက်သော အိမ်ထောင်စုအချက်အလက်များ၊ ကျေးရွာရာဇဝင်နှင့်မြေပုံများ၊ ကဏ္ဍစုံ လေ့လာဆန်းစစ်မှုတွေ့ရှိချက်များ၊ လုပ်ဆောင်ရန်အစီအစဉ်များ၊ ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ လုပ်ငန်းအစီရင်ခံစာများ၊ ကျေးရွာအရေးပေါ်သုံးပစ္စည်း လှူဒါန်းမှုအထောက်အထားစာရွက်စာတမ်း စသည်တို့ကို ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသို့ပေးပို့စေသည်။ ကျောင်းနှင့်ပတ်သက်သော ကျောင်းဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပြင်ဆင်ထားရှိမှုဆိုင်ရာ အစီအစဉ်အတွက်ပစ္စည်းများ၊ မြေပုံ များ၊ လုပ်ငန်းအစီရင်ခံစားများကို မြို့နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်စေပါသည်။

# Glossary

## နည်းပညာရပ်ဆိုင်ရာ အဓိက စကားရပ်များနှင့် ဝေါဟာရများ

**ထောက်ခံမှုရရှိရန် ဆောင်ရွက်ခြင်း**

ထောက်ခံမှုရရှိရန်ဆောင်ရွက်ခြင်းသည် လူများအား မူဝါဒ၊ အလေ့အကျင့်၊ စနစ် သို့မဟုတ် တည်ဆောက်ပုံ တစ်ခုခုတွင် ပြောင်းလဲမှုများပြုလုပ်ရန်အတွက် ဆွေးနွေးပြောဆိုခြင်းဖြစ်သည်။ ထောက်ခံမှုရရှိရန် ဆောင်ရွက်ခြင်းသည် ရပ်ရွာလူထုအား အတူတကွစုစည်းနိုင်စေပြီး သူတို့အား ပြင်ပခြိမ်းခြောက်မှုများကို တုံ့ပြန်ရန် အားပေးသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများဖက်ဒရေးရှင်းအဖွဲ့ချုပ်နှင့် အမျိုးသား မိတ်ဖက်အဖွဲ့အစည်းများ အတွက် ဆုံးဖြတ်ချက်ချမှတ်သူများနှင့် မူဝါဒရေးရာဦးဆောင်သူများသည် ဘေးထိခိုက် လွယ်သူများ၏ အကျိုးအတွက် အမြဲတမ်း လုပ်ဆောင်ရန်အတွက် ဆွေးနွေးခြင်းသည် သူတို့၏ ထောက်ခံမှုရရှိရန်ကြိုးစားအားထုတ်မှုတွင် ထိပ်တန်းဦးစားပေး ဖြစ်လာသည်။ (IFRC, ၂၀၁၂[၂]).

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူထုအခြေပြု ဘေးအန္တရာယ်လျှော့ချရေး စီမံခန့်ခွဲမှု လုပ်ဆောင်ချက်များ၏ အခြေအနေတွင် ထောက်ခံမှုရရန်ဆောင်ရွက်ခြင်းသည် အသိအမြင် မြှင့်တင်ပေးခြင်းနှင့် အဖွဲ့၏ လုပ်ဆောင်မှုများကို ခိုင်မာအားကောင်းစေရန်နှင့် စိတ်ဝင်စား ပတ်သက်သူများ ထောက်ပံ့မှုရရန်အတွက် မဲဆွယ်စည်းရုံးခြင်းနည်းလမ်းအဖြစ် သူတို့အား အသိပေးရန်အတွက် အသိပညာပေးခြင်းတို့အပေါ် ဦးတည်သည်။ ၄င်းသည် အဆင့်အမျိုးမျိုး တွင် အမျိုးမျိုးသော စိတ်ဝင်စားပတ်သက်သူများဖြစ်သည့် အဆင့်မြင့် ဆုံးဖြတ်ခြင်းနှစ် မူဝါဒ ချမှတ်သူများ၊ မြို့နယ်ခွဲ အမှုထမ်းများနှင့် ဒေသခံ အာဏာပိုင်များ၊ ကြက်ခြေနီ စေတနာ့ လုပ်အားရှင် များနှင့် ရပ်ရွာလူထုများကို ဦးတည်၍ ပြုလုပ်သည်။ သတင်းအချက်အလက် ဝေမျှခြင်းကို အထူးပြုလုပ်သောပွဲများ(အစ ည်းအဝေးများ၊ ညှိနှိုင်းဆွေးနွေးပွဲများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများ)စီစဉ်ခြင်း နှင့် ပုံမှန်အစီရင်ခံခြင်းလုပ်ငန်းစဉ်သ ည် ပုံမှန်သတင်းအချက်အလက် စီးဆင်းမှုကို သေချာစေရန်အတွက် ပြုလုပ်လေ့ရှိသော အဓိကပုံစံများဖြစ်သည်။

**ကနဦးအခြေအနေ လေ့လာချက်**

ကနဦးအခြေအနေလေ့လာချက်သည် စီမံကိန်းတစ်ခုမစတင်မီ အစကနဦးအခြေအနေကို ဖော်ပြသော ခွဲခြမ်းစိတ်ဖြာခြင်းဖြစ်ပြီး ၄င်းအားဖြင့် တိုးတက်မှုကို ဆန်းစစ်လေ့လာခြင်း သို့မဟုတ် နှိုင်းယှဉ်ခြင်းကို ပြုလုပ်နိုင်သည်။ စုစည်းကောက်ယူထားသော အချက်အလက်များသည် ညွှန်းကိန်းအဖြစ်လုပ်ဆောင်ပြီး ၄င်းကို စီမံကိန်း၏နောက်ပိုင်းကာလ သို့မဟုတ် အပြီးတွင် နှိုင်းယှဉ်ခြင်းအတွက် အသုံးပြုနိုင်သည်။ ၄င်းသည် စီမံကိန်း၏ဦးတည်ချက်ပြည့်မီရေးအတွက် စီမံကိန်းမှ မည်သည့်ခြားနားလုပ်ဆောင်မှုများ လုပ်ဆောင်ခဲ့သည်ကို အဆုံးအဖြတ်ပေးသည်။ (IFRC, ၂၀၁၁[၃]).

**စွမ်းဆောင်ရည်**

ရပ်ရွာ သို့မဟုတ် လူ့အဖွဲ့အစည်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုအတွင်းရှိ ဘေးအန္တရာယ် ကျရောက်မှု သို့မဟုတ် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို လျော့ကျစေနိုင်သည့် ရနိုင်သမျှသော ခွန်အားများနှင့် ရင်းမြစ်များအားလုံး၏ အစုအပေါင်းဖြစ်သည်။ စွမ်းဆောင်ရည်တွင် ရုပ်ပိုင်းဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ၊ လူမှုရေး သို့မဟုတ် စီးပွားရေးဆိုင်ရာ နည်းလမ်းများ အပြင် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုတို့ကဲ့သို့သော တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက် ကျွမ်းကျင်မှု အရည်အသွေးများလည်း ပါဝင်သည်။ စွမ်းဆောင်ရည်ကို လုပ်နိုင်စွမ်းဟုလည်း ဖော်ပြနိုင်သည်။ (CSRU- IFRC SEA Office, ၂၀၀၈)[၄]

2 Project/Programme Monitoring and Evaluation: Guide, IFRC 2011.

3 Project/Programme Monitoring and Evaluation: Guide, IFRC 2011.

4 Community Based Disaster Risk Reduction (CBDRR) Participants Workbook, Community Safety and Resilience Unit (CSRU) of International Federation of Red Cross and Red Crescent Societies (IFRC), 2008, the manual downloadable at https://sites.google.com/site/drrtoolsinsoutheastasia/disaster-risk-reduction/community-based-disaster-risk-reduction-cbdrr.

**စွမ်းဆောင်ရည် တည်ဆောက်ခြင်း**

လူများ၊ အဖွဲ့အစည်းများသည် အသိပညာ၊ ကျွမ်းကျင်မှု၊ နည်းစနစ်နှင့် အဖွဲ့အစည်းဆိုင်ရာ တိုးတက်ခြင်းတို့အပါအဝင် လူမှုရေးနှင့် စီးပွားရေး ဦးတည်ချက်များသို့ ရောက်ရှိရန်အတွက် အချိန်အလိုက် သူတို့၏ စွမ်းဆောင်ရည်ကို စနစ်တကျ အသုံးချရန်၊ တိုးတက်ရန်နှင့် ထိန်းသိမ်းထားနိုင်ရန် လုပ်ဆောင်သော လုပ်ငန်းစဉ်ဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူထုအခြေပြုဘေးအန္တရာယ်လျှော့ချမှု အစပျိုးလုပ်ဆောင်မှုများအောက်ရှိ အဆိုပါလုပ်ငန်းစဉ်များတွင် အဓိက လက်ခံရရှိသူများမှာ လူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေး အကောင်အထည်ဖော်လုပ်ဆောင်မှုတွင် ပါဝင်သော မြန်မာနိုင်ငံကြက်ခြေနီအသင်းဝန်ထမ်းများ၊ ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၊ ရပ်ရွာ ကိုယ်စားလှယ်များနှင့်ခေါင်းဆောင်များ၊ တွဲဖက်လုပ်ဆောင်သော အစိုးရအဖွဲ့အစည်းများ၊ အသင်းခွဲတာဝန်ရှိသူများ၊ ဆရာ/မများ၊ ကျောင်းသား/များနှင့် အရေးအကြီးဆုံးအဖြစ် ကျယ်ပြန့်သော ရပ်ရွာလူထုဖြစ်သည်။ ပုံစံတကျနှင့် စနစ်တကျပြုလုပ်ထားသော သင်တန်းများနှင့်အတူ လုပ်ကိုင်ရင်းဖြင့် သင်ယူခြင်းနှင့် လူထုအသိအမြင်တိုးတက်စေရေး လုပ်ဆောင်မှုများကို ပေါင်းစည်းခြင်းတို့ကို အသုံးပြုသည်။

**ရပ်ရွာလူထု**

ရပ်ရွာလူထုဆိုသည်မှာ တူညီသောပတ်ဝန်းကျင်ကို မျှဝေနေထိုင်သည့် (ဒေသတစ်ခုတွင်းနေထိုင်ခြင်း၊ ဒေသ သို့မဟုတ် နယ်မြေတစ်ခုတွင် အလုပ်လုပ်ကိုင်ခြင်း) အကြောင်းရင်းဖြင့် နယ်မြေဒေသတစ်ခုတွင်းရှိနေသည့် လူအုပ်စုတစ်စုဖြစ်သည်။ သူတို့သည် တွေ့ကြုံရသည့် အတိုင်းအတာ ကွဲပြားနိုင်သောလည်း တူညီသောဘေး အန္တရာယ်ခြိမ်းခြောက်မှုများကို တွေ့ကြုံကြရသည်။ တူညီသော ပြဿနာအခက်အခဲများ၊ စိတ်ဝင်စားမှုများ၊ မျှော်လင့်ချက်များနှင့် အပြုအမူများကို မျှဝေခံစားရနိုင်ပြီး ၎င်းတို့သည် ဘေးအန္တရာယ်လျှော့ချရေး စီမံခန့်ခွဲမှု၏ အများနှင့်ဆိုင်သော ဦးတည်ချက်များ၏ အခြေခံဖြစ်သည်။ (CSRU- IFRC SEA Office, ၂၀၀၈)[၅]

**လူထုအခြေပြု ဘေးအန္တရာယ်လျှော့ချရေး**

လူထုအခြေပြု ဘေးအန္တရာယ်လျှော့ချရေးသည် ဘေးအန္တရာယ်လျှော့ချရေး စီမံခန့်ခွဲမှု လုပ်ငန်းစဉ်ဖြစ်ပြီး ၎င်းတွင် ဘေးအန္တရာယ်ရှိသော ရပ်ရွာလူထုသည် သူတို့၏ ဘေးထိခိုက်လွယ်မှုကို လျှော့ချရန်နှင့် စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရန်အတွက် ဘေးအန္တရာယ်ဆုံးရှုံးနိုင်ခြေအား ဖော်ထုတ်သတ်မှတ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတို့တွင် တက်ကြွစွာ ပါဝင်လှုပ်ရှားကြသည်။ လူထုအား ဆုံဖြတ်ချက်ချခြင်းနှင့် ဘေးအန္တရာယ်လျှော့ချရေးစီမံခန့်ခွဲမှုလုပ်ဆောင်ချက်များအကောင်အထည်ဖော်ခြင်းတွင် အဓိကအခရာအဖြစ်ထားခြင်းဖြင့် သူတို့သည် လုပ်ပိုင်ခွင့်အာဏာပေးပြီး ပိုင်ဆိုင်မှု စိတ်ဓာတ်ကို ပံ့ပိုးပေးသည်။ ဘေးအန္တရာယ်လျှော့ချရေး စီမံခန့်ခွဲမှုတွင် ဒေသခံနှင့် အမျိုးသားအဆင့် အုပ်ချုပ်သူအစိုးရတို့မှ ပါဝင်ရန်နှင့် ထောက်ပံ့ပေးရန်မှာ အလွန် အရေးကြီးသည်။

**ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်ခြင်း**

လက်တွေ့နေရာတွင် အဓိက စိတ်ဝင်စားပတ်သက်သူများဖြစ်သည့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၊ ရပ်ရွာလူထုအဖွဲ့ဝင်များ၊ ဆရာ/မများ၊ ကျောင်းသား/သူများ စသူတို့ကို စည်းရုံးခြင်းဖြင့် သူတို့သည် သူတို့၏ကိုယ်ပိုင် ဆုံးရှုံးနိုင်ခြေနှင့် စွမ်းဆောင်ရည်များကို ဆန်းစစ်လေ့လာခြင်း၊ အစီအစဉ်ရေးဆွဲခြင်းနှင့် ဘေးအန္တရာယ်လျှော့ချရေး လုပ်ဆောင်ချက်များကို စီမံကိန်း၏ အဓိကပုဂ္ဂိုလ်များနှင့် အဆင့်အမျိုးမျိုးရှိ အာဏာပိုင်များနှင့်အတူ အကောင်အထည်ဖော်လုပ်ဆောင်ရာတွင် တက်ကြွစွာ ပါဝင်နိုင်ကြသည်။ လက်တွေ့လုပ်ဆောင်သောအဖွဲ့များကို ကျေးရွာ/မြို့နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏အမိုးအောက်တွင် ခွဲဝေသတ်မှတ်ထားသော လုပ်ငန်းနယ်ပယ်များဖြစ်သည့် သက်သာစေရေး၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ ကျန်းမာရေး၊ အသိအမြင်ဖွင့်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်သတိပေးခြင်း၊ လျော့ပါးသက်သာစေခြင်း စသည့်တို့အလိုက် အဖွဲ့များ ဖွဲ့စည်းနိုင်သည်။

**ဘေးအန္တရာယ်**

များစွာသောဖြစ်ရပ်များတွင် ထိခိုက်ခံရသော ရပ်ရွာတစ်ခု သို့မဟုတ် အဖွဲ့အစည်း တစ်ခုက မိမိကိုယ်ပိုင်ရင်းမြစ်များနှင့် အောင်မြင်စွာ ဖြေရှင်းနိုင်ခြင်းမရှိသော လွန်ကဲသည့်အကျိုးဆက်များနှင့် လူသားများ၊ ပစ္စည်း ကိရိယာများ၊ စီးပွားရေး သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးမှုများ ဖြစ်ပေါ်စေသော ရပ်ရွာတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းများ လည်ပတ်လုပ်ဆောင်မှုကို ပြင်းထန်စွာပြတ်တောက်စေသည့်ဖြစ်ရပ်ကို ခေါ်သည်။ (UNISDR, ၂၀၀၉[၆])

5 Community Based Disaster Risk Management Field Practitioners' Handbook, Asian Disaster Preparedness Center (ADPC), 2004.

6 UNISDR Terminology on Disaster Risk Reduction, 2009, downloadable at http://www.unisdr.org/files/7817_UNISDRTerminologyEnglish.pdf.

| | |
|---|---|
| **ဘေးအန္တရာယ်ဖြစ်နိုင်ခြေ** | အနာဂတ်အချိန်ကာလတစ်ခုတွင် ဘေးအန္တရာယ်၏ အကျိုးဆက်ကြောင့် ရပ်ရွာအဖွဲ့ အစည်းတစ်ခုတွင် ဖြစ်ပွားနိုင်သည့် ဘဝအသက်များ၊ ကျန်းမာရေးအခြေအနေ၊ အသက်မွေးဝမ်းကျောင်း၊ ပိုင်ဆိုင်မှုနှင့် ဝန်ဆောင်မှုများတွင် ဖြစ်နိုင်ခြေရှိသော ဆုံးရှုံးမှုများဖြစ်သည်။ (UNISDR, ၂၀၀၉[7]) |
| **ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေး** | ဘေးအန္တရာယ်များ၏ ဖြစ်လေ့ဖြစ်ထရှိသော အချက်များကို ခွဲခြမ်းစိတ်ဖြာရန်နှင့် စီမံအုပ်ချုပ်ရန် စနစ်တကျအားထုတ်မှုများဖြင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချခြင်း အယူအဆနှင့် အလေ့အထများဖြစ်သည်။ ၄င်းအားဖြင့် အန္တရာယ်နှင့် ရင်ဆိုင်ရမှုကို လျှော့ချနိုင်ပြီး လူများနှင့် ပစ္စည်းဥစ္စာတို့၏ ထိခိုက်ဆုံးရှုံးလွယ်မှုကို လျှော့ချပေးသည့်အပြင် မြေနှင့်ပတ်ဝန်းကျင်အား ပညာရှိရှိ စီမံအုပ်ချုပ်စေပြီး ဆိုးကျိုးဖြစ်စေသော ဖြစ်ရပ်များအတွက် ကြိုတင်ပြင်ဆင်မှု တိုးတက်လာစေသည်။ |
| **ဘေးအန္တရာယ်ဖြစ်နိုင်ခြေ စီမံခန့်ခွဲမှု** | အန္တရာယ်များ၏ ဆိုးကျိုးနှင့် ဘေးအန္တရာယ်များဖြစ်နိုင်ခြေကို လျှော့ချရန် အဖွဲ့ အစည်းနှင့်ရပ်ရွာများ၏ စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များ၊ ဖွဲ့စည်းမှု၊ လုပ်ငန်း ကျွမ်းကျင်မှုနှင့် မဟာဗျူဟာများ၊ မူဝါဒများ ချမှတ်နိုင်သည့် စွမ်းဆောင်ရည်များ နှင့် အောင်မြင်စွာ ဖြေရှင်းနိုင်သော စွမ်းဆောင်ရည်များကို စနစ်တကျအသုံးပြုသော လုပ်ငန်းစဉ်ဖြစ်သည်။ ၄င်းသည် ဘေးအန္တရာယ်နှင့် အန္တရာယ်များ၏ ဆိုးကျိုးများကို ရှောင်ကြဉ်ရန်၊ လျှော့နည်းစေရန် သို့မဟုတ် လွှဲပြောင်းပစ်ရန်အတွက် ကာကွယ် တားဆီးခြင်း၊ ထိခိုက်မှုနည်းပါးစေရန်ဆောင်ရွက်ခြင်း နှင့် ကြိုတင်ပြင်ဆင်ခြင်း တို့ဖြင့် လုပ်ဆောင်ရန် ရည်ရွယ်သည်။ |
| **ကြိုတင်သတိပေးချက် စနစ်** | အန္တရာယ်တစ်ခု၏ ခြိမ်းခြောက်မှုခံနေရသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအား လုံလောက်သောအချိန်အတိုင်း အန္တရာယ် သို့မဟုတ် ဆုံးရှုံးမှုဖြစ်ပေါ်နိုင်သည့် အလားအလာကို လျှော့ချနိုင်စေရန် အချိန်မီ၍ လေးနက်သော ကြိုတင်သတိပေးသည့် သတင်းအချက်အလက်များကို ဖော်ထုတ်ခြင်းနှင့် ဖြန့်ဝေခြင်းအတွက် လိုအပ်သော စွမ်းဆောင်ရည်အစုဖြစ်သည်။ လူထုကိုအခြေပြုသော ကြိုတင်သတိပေးစနစ်တွင် အဓိက လိုအပ်ချက် လေးခု ပါဝင်သည် – ဆုံးရှုံးနိုင်ခြေအား သိရှိနားလည်မှု၊ အန္တရာယ်အား စောင့်ကြည့်လေ့လာခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ခန့်မှန်းခြင်း၊ သတိပေးချက်များအား ဆက်သွယ်ပေးခြင်း သို့မဟုတ် ဖြန့်ဝေခြင်း၊ နှင့် ရရှိသော သတိပေးချက်ကို တုံ့ပြန်ရန်အတွက် ဒေသခံစွမ်းဆောင်နိုင်ရည်တို့ ဖြစ်သည်။ |
| **အန္တရာယ်ရှိသောအရာ** | အန္တရာယ်ကို တွေ့ကြုံရသော လူအစုအဝေး၊ အဆောက်အဦများနှင့် မြို့ပြအင်ဂျင်နီယာလုပ်ငန်းများ၊ စီးပွားရေးလုပ်ဆောင်မှုများ၊ အများပြည်သူဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦးများဖြစ်သည်။ |
| **အဆုံးသတ်အခြေအနေ လေ့လာချက်** | အဆုံးသတ်အခြေအနေလေ့လာချက်သည် စီမံကိန်းတစ်ခု၏ အပြီးတွင် ပြုလုပ်သော လုပ်ဆောင်မှုတစ်ခုဖြစ်သည်။ အများအားဖြင့် ကနဦးအခြေအနေများ နှိုင်းယှဉ်ရန်နှင့် ပြောင်းလဲမှုကို ဆန်းစစ်ရန်အတွက် နောက်ဆုံးအကဲဖြတ်ချက်၏ အစိတ်အပိုင်း ဖြစ်သည်။ ကနဦးနှင့် အဆုံးသတ်လေ့လာချက် ကိုယ်တိုင်သည် အကဲဖြတ်ခြင်း မဟုတ်သော်လည်း ၄င်းတို့သည် ပြောင်းလဲမှုများကို ဆန်းစစ်လေ့လာခြင်း၏ အရေး ပါသော အစိတ်အပိုင်းအဖြစ်တည်ရှိပြီး စီမံကိန်း အကဲဖြတ်ခြင်းတွင် ပံ့ပိုးပေးသည်။ ထို့ပြင် ၄င်းသည် ရေရှည်ဖြစ်သော စီမံကိန်းများတွင် ပြောင်းလဲမှုများကို စောင့်ကြည့် လေ့လာရန်အတွက် ထောက်ပံ့ပေးနိုင်သည်။ (IFRC, 2011) |
| **အကဲဖြတ်ခြင်း** | ဆက်လက်လုပ်ဆောင်နေသော သို့မဟုတ် ပြီးဆုံးသွားသော စီမံကိန်း သို့မဟုတ် မူဝါဒတို့၏ ပုံစံဒီဇိုင်း၊ အကောင်အထည်ဖော်လုပ်ဆောင်ခြင်းနှင့် ရလဒ်များကို စနစ်တကျနှင့် မျှတမှုအဖြစ်နိုင်ဆုံး ဆန်းစစ်လေ့လာမှုဖြစ်သည်။ ရည်ရွယ်ချက်မှာ ဦးတည်ချက်အား ပြည့်မီမှုနှင့် ဆီလျော်မှု၊ ဖွံ့ဖြိုးမှုဆိုင်ရာ ခရီးရောက်မှု၊ အကျိုးရှိမှု၊ အကျိုးသက်ရောက်မှုနှင့် ရေရှည်ထိန်းသိမ်းထားနိုင်မှုတို့ကို ဆုံးဖြတ်ရန်ဖြစ်သည်။ ၄င်းတို့၏ တွေ့ရှိချက်များသည် စီမံကိန်းစီမံအုပ်ချုပ်သူများ၊ အကျိုးခံစားရသူများ၊ မိတ်ဖက်များ၊ အလှူရှင်များနှင့် စီမံကိန်း စိတ်ဝင်စားပတ်သက်သူများအား အတွေ့အကြုံမှ လေ့လာနိုင်ရန်နှင့် အနာဂတ်တွင် လုပ်ဆောင်မှုများတွင် တိုးတက်လုပ်ဆောင်နိုင်စေသည်။ |
| **ထိခိုက်မှုနည်းပါးစေခြင်း** | ထိခိုက်မှုနည်းပါးစေခြင်း ဘေးအန္တရာယ်များနှင့် ဆက်စပ်လျက်ရှိသော အန္တရာယ်များ၏ ဆိုးကျိုးသက်ရောက်မှုကို ကန့်သတ်ရန် သို့မဟုတ် နည်းပါးစေရေးဖြစ်သည်။ |

7 UNISDR Terminology on Disaster Risk Reduction, 2009, downloadable at http://www.unisdr.org/files/7817_UNISDRTerminologyEnglish.pdf.

8 http://www.oecd.org/dac/dacglossaryofkeytermsandconcepts.htm#Evaluation

**စောင့်ကြည့်လေ့လာခြင်း**

စောင့်ကြည့်လေ့လာခြင်းသည် ချမှတ်ထားသော အစီအစဉ်များအပေါ် တိုးတက်မှု များကို ခြေရာခံရန်အတွက် ပုံမှန် သတင်းအချက်အလက်များစုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းဖြစ်ပြီး ပြုလုပ်ထားသော စံနှုန်းများကို လိုက်နာခြင်းကို စစ်ဆေးသည်။ ၎င်းသည် ဦးတည်ရာများနှင့် ပုံစံများကို ဖော်ထုတ်ခြင်း၊ နည်းဗျူဟာများကို ကိုက်ညှိဆောင်ရွက်ခြင်းနှင့် စီမံကိန်းစီမံခန့်ခွဲမှုအတွက် ဆုံးဖြတ်ချက်များကို သတင်းပေးခြင်းတို့တွင် ကူညီပေးသည်။

**ကဏ္ဍပေါင်းစုံ ဆန်းစစ်လေ့လာခြင်း**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေး လုပ်ဆောင်မှုများ လက်အောက်တွင် ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာခြင်းသည် စီမံကိန်း ဦးတည်ဒေသအတွင်း ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၊ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် ဒေသဆိုင်ရာအဆင့် ရှိနှင့်ပြီးသော ဘေးအန္တရာယ် စီမံ ခန့်ခွဲမှုအဖွဲ့များမှ (ဆက်စပ်နေသော ဌာနများနှင့် ကဏ္ဍအမျိုးမျိုးတို့မှ) အစိုးရကိုယ်စားလှယ်များ၏ ပါဝင်မှုဖြင့် ပူးပေါင်းပါဝင်သော ဘေးထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည် ဆန်းစစ်လေ့လာချက်အသွင်ဖြင့် ပြုလုပ်သည်။ ၎င်းတို့ကို တက်ရောက်လာသည့် အမျိုးမျိုးသောအဖွဲ့များအကြား သတင်းအချက်များ ဖလှယ်ရန်နှင့် အပြန်အလှန်ပြောဆိုရန် လှုံ့ဆော်ပေးသော ကျင်းပရက်အမျိုးမျိုး ဖြစ်နိုင်သည့် အလုပ်ရုံဆွေးနွေးပွဲနှင့် ဆွေးနွေးပွဲများအဖြစ် အများအားဖြင့် ပြုလုပ်လေ့ရှိသည်။ ၎င်းဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စံသတ်မှတ်ထားသော ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာရေးလုပ်ငန်းစဉ် အတိုင်း အထူးလေ့ကျင့်ထားသော ဦးဆောင်စည်းရုံးသူများ(အကြီးတန်း ကြက်ခြေနီစေတနာ့လုပ်အားရှင် သို့မဟုတ် အထူးတာဝန်ချထားသော စီမံကိန်းတာဝန်ရှိပုဂ္ဂိုလ်)မှ ပြုလုပ်သည်။ ထွက်ပေါ်လာသောရလဒ်သည် စေ့စပ်သေချာသော ဆန်းစစ်လေ့လာချက်နှင့် လက်ရှိ ဖြစ်ပေါ်နေသော ဘေးထိခိုက်လွယ်မှုများ၊ သူတို့၏ အကြောင်းရင်းနှင့် ဦးတည်ဒေသအတွင်း ရရှိနိုင်သော စွမ်းဆောင်ရည်များကို ဆန်းစစ်လေ့လာခြင်းတို့ ဖြစ်သည်။

ယေဘူယျအားဖြင့် ၎င်းသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်လျက်ရှိသောကဏ္ဍများတွင် ဘေးအန္တရာယ်လျှော့ချရေး လိုအပ်ချက်နှင့် ကွက်လပ်များကို ဖော်ထုတ်ခြင်းလုပ်ငန်းစဉ်ဖြစ်သည်။ ၎င်းသည် ကဏ္ဍအလိုက် စီမံကိန်းလုပ်ငန်းစဉ်များတွင် ဘေးအန္တရာယ်လျှော့ချရေး အတွေးအမြင်နှင့်လုပ်ဆောင်မှုများကို စီးဝင်စေခြင်းဖြင့် ပို၍ပြည့်စုံသော ဘေးအန္တရာယ်လျှော့ချရေးနည်းဗျူဟာအတွက် လမ်းခင်းပေးရန် ဖြစ်သည်။

**သဘာဝအန္တရာယ**

ဘဝအသက်ဆုံးရှုံးမှု၊ ထိခိုက်ဒဏ်ရာရမှု သို့မဟုတ် အခြား ကျန်းမာရေးအကျိုးသက်ရောက်မှုများ၊ ပစ္စည်းဥစ္စာပျက်စီးခြင်းများ၊ အသက်မွေးဝမ်းကျောင်းနှင့် ဝန်ဆောင်မှုများ ဆုံးရှုံးခြင်း၊ လူမှုရေးနှင့် စီးပွားရေး အနှောက်အယှက်ဖြစ်ခြင်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတို့ကို ဖြစ်ပေါ်စေသော သဘာဝဖြစ်စဉ် သို့မဟုတ် လက္ခဏာဖြစ်သည်။ (UNISDR, ၂၀၀၉)

**သဘာဝဘေးအန္တရာယ်**

ကြိုတင်သိမြင်နိုင်၍သော်လည်းကောင်း၊ မသိမြင်နိုင်၍သော်လည်းကောင်း သဘာဝအန္တရာယ်(များ) ကြောင့် စတင်ဖြစ်ပေါ်သော ဘေးအန္တရာယ်။ ဇလဗေဒနှင့် မိုးလေဝသဆိုင်ရာ အန္တရာယ်များဖြစ်သည့် ရေကြီးခြင်းကဲ့သို့သော ကိစ္စရပ်များတွင် ကြိုတင်ခန့်မှန်းနိုင်သော အခွင့်အရေးမြင့်မားသော်လည်း မြေငလျင်လှုပ်ခြင်းကဲ့သို့သော ဘူမိဗေဒဆိုင်ရာ အန္တရာယ်များတွင်မူ ကြိုတင်ခန့်မှန်းနိုင်ခြေမှာ အလွန်နည်းသည်။

**ပူးပေါင်းပါဝင်သော ဆန်းစစ်လေ့လာမှု**

သက်ဆိုင်သောအဖွဲ့များအားလုံးသည် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ သတင်း အချက် အလက်များ၊ အကာင်အထည်ဖော်မည့်အဖွဲ့အစည်း(အဖွဲ့အစည်းနှင့် ရပ်ရွာလူထု အပါအဝင်)အတွင်းလက်ရှိစွမ်းဆောင်ရည်များ နှင့် ရယူနိုင်ခြေရှိသော အရင်းအမြစ် များကို စုစည်း၍ ခွဲခြမ်းစိတ်ဖြာသော လုပ်ငန်းစဉ်ဖြစ်သည်။ ၎င်း၏ ရည်ရွယ်ချက်မှာ သူတို့၏ ဘဝများကို ဆိုးကျိုးသက်ရောက်နိုင်စေသော ဘေးအန္တရာယ်ဖြစ်နိုင်ခြေ များကို လျှော့ချရန်နှင့်/သို့မဟုတ် ပပျောက်စေရန်အတွက် သင့်တော်သော အစီအစဉ်များနှင့် လက်တွေ့လုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်ရန်ဖြစ်သည်။ ၎င်းသည် အန္တရာယ်ကျရောက်သူများ၊ အာဏာပိုင်များနှင့် အခြား စိတ်ဝင်စားပတ်သက်သူများ ပါဝင်သော အပြန်အလှန်ပြောဆိုမှုနှင့် ညှိနှိုင်းမှု နှစ်မျိုးလုံးဖြစ်သော လုပ်ငန်းစဉ်ဖြစ်သည်။ (ဗီဇာဃ အခိပ္ပါယ်သတ်မှတ်ချက်အပေါ် အခြေခံသည်)။

**ပူးပေါင်းပါဝင်သော လုပ်ငန်းစီမံကိန်းဆွဲခြင်း**

စိတ်ဝင်စားပတ်သက်သူများအားလုံးကို အတိုင်းအတာအမျိုးမျိုးအလိုက် တိုင်ပင်ဆွေးနွေးသော စီမံကိန်းဆွဲခြင်း လုပ်ငန်းစဉ်ဖြစ်သည်။ ရပ်ရွာလူထုမှ ရင်ဆိုင်နေရသော ဘေးအန္တရာယ်နှင့် ဆက်နွယ်နေသော ဆုံးရှုံးမှုများနှင့် ဘေးထိခိုက်လွယ်မှုများကို လျှော့ချရန်နှင့် ပို၍ ဒဏ်ခံနိုင်အောင်ပြုလုပ်ရန် ရည်မှန်းချက်ဖြင့် (ယဉ်ကျေးမှု၊ ဘာသာရေး၊ လူမှုရေးနှင့် စီးပွားရေးရှုထောင့် များတွင်) ဒေသနှင့် ကိုက်ညီသော ဘေးအန္တရာယ်လျှော့ချရေး လုပ်ဆောင်မှုများကို ဖော်ထုတ်ရန်အတွက် အချို့သော အုပ်စုများ၏ ပါဝင်မှုသည် အခြားသော အုပ်စုများထက်ပို၍ ပြင်းထန်သည်။ ၄င်းသည် အသေးစိတ်လုပ်ဆောင်များသာမက မည်သည့် အရင်းအမြစ်အမျိုးအစားလိုအပ်သည်၊ လိုအပ်သော စွမ်းဆောင်ရည်အဆင့်နှင့် ထိရောက်သောအကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် တာဝန်ရှိသူတို့ကိုပါ သတ်မှတ်သည်။ တစ်ချိန်တည်းမှာပင် ၄င်းသည် ထိုနေရာတွင် မည်သည့် အရင်းအမြစ်များ/ စွမ်းဆောင်ရည်များ ရှိနှင့်ပြီးဖြစ်ကြောင်းနှင့် မည့်သည့် ကွပ်လပ်များရှိနေသည်တို့ကိုပါ သတ်မှတ်သည်။

**ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှု**

ကျရောက်နိုင်ခြေရှိသော၊ ကျရောက်အံ့ဆဲဆဲ (သို့) လက်ငင်းဖြစ်ပေါ်နေသည့် အန္တရာယ်ဖြစ်ရပ် သို့မဟုတ် အခြေအနေ၏ ဆိုးကျိုးသက်ရောက်မှုများက ဘေးအန္တရာယ်ဖြစ်ရပ်မတိုင်မီတွင် ထိရောက်စွာ ကြိုတင်ကာကွယ်ရန်နှင့် တုံ့ပြန်ရန် အစိုးရ၊ ကျွမ်းကျင်သူအဖွဲ့အစည်း၊ ကယ်ဆယ်ရေးအဖွဲ့အစည်း၊ရပ်ရွာအဖွဲ့အစည်းနှင လူတစ်ဦးချင်းစီတို့၏ စွမ်းရည်များနှင့်အသိပညာများကို တိုးတက်စေခြင်းဖြစ်သည်။

**ကာကွယ်တားဆီးခြင်း**

အန္တရာယ်များနှင့် ဆက်စပ်နေသော ဘေးအန္တရာယ်များ၏ ဆိုးကျိုးသက်ရောက်မှုကို လုံးဝရှောင်ရှားခြင်း ဖြစ်သည်။ ဆောင်ရွက်မှုများသည် ဘေးအန္တရာယ်၏ အကျိုး သက်ရောက်မှုကို အမြဲတမ်းကာကွယ်ရန် ရည်ရွယ်သော်လည်း သဘာဝဘေးအန္တရာယ် များ၏ အကျိုးဆက်များကို ကာကါယ်ရန်မှာ အမြဲတမ်းမဖြစ်နိုင်ကြောင်း သဘော ပေါက်ရန် အရေးကြီးသည်။ အကောင်းဆုံးဖြေရှင်းနည်းမှာ ထင်ရှားသော ဘေး ထိခိုက်လွယ်မှုနှင့် ဆုံးရှုံးနိုင်မှုများ၏ အကြောင်းရင်းကို ဖော်ထုတ်ရန်အတွက် ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို လျော့ပါးသက်သာစေခြင်းနှင့် ကြိုတင် ပြင်ဆင်ခြင်းတို့နှင့် တွဲဖက်ရန်ဖြစ်သည်။ (UNISDR Terminology အပေါ်တွင် အခြေခံသည်။)

**လူထုသိမြင်သဘောပေါက်မ**

အန္တရာယ်ကျရောက်နိုင်မှုနှင့် ဘေးထိခိုက်လွယ်မှုကို လျော့ကျစေရန်ရည်ရွယ်ချက်ဖြင့် လူအများအား ဘေးအန္တရာယ်ဖြစ်နိုင်ခြေဆိုင်ရာ အထွေထွေအသိပညာများ၊ ဘေးအန္တရာယ်သို့ ဦးတည်သောအချက်များနှင့် တစ်ဦးချင်းနှင့် အုပ်စုလိုက် ပြုလုပ်နိုင်သော လပ်ဆောင်ချက်များဆိုင်ရာ အသိပညာများကို ဖြန့်ဝေပေးသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

**(ဘေးအန္တရာယ်ဒဏ်) ခံနိုင်ရည်ရှိမှု/ ခံနိုင်ရည်ရှိသော**

အန္တရာယ်များကို ရင်ဆိုင်ရတတ်သည့် စနစ်တစ်ခု၊ ရပ်ရွာဒေသ သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ခုအား ၄င်း၏ မရှိမဖြစ် အခြေခံ အဆောက်အအုံများနှင့် လုပ်ငန်း လည်ပတ်မှုများ၏ ရေရှည်တည်တံ့စေခြင်းနှင့် မူလအခြေအနေအတိုင်း ပြန်လည် ပြင်ဆင်မှုတို့အားဖြင့် အန္တရာယ်၏ အကျိုးဆက်များကို အချိန်မီ ကျွမ်းကျင်စွာဖြင့် ကြံ့ကြံ့ခံနိုင်ခြင်း၊ ကိုက်ညှိနေထိုင်နိုင်ခြင်းနှင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်သော စွမ်းဆောင်ရည်ဖြစ်သည်။

**ဘေးအန္တရာယ်ဖြစ်နိုင်ခြေ**

ဖြစ်ရပ်တစ်ခုနှင့် ၄င်း၏ နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်နိုင်ခြေအလားအလာ။ (UNISDR, ၂၀၀၉)

**ဘေးအန္တရာယ်ဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာခြင်း**

လူများ၊ ပစ္စည်းဥစ္စာများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ယင်းတို့ တည်မှီရာ ပတ်ဝန်းကျင်ကို ခြိမ်းခြောက်မှုပြုနေသော သို့မဟုတ် ဘေးအန္တရာယ်ဖြစ်ပေါ်စေမည့် အလားအလာ၊ အခြေအနေများကို စိစစ်ခြင်းနှင့် ထိခိုက်ခံရလွယ်သည့် လက်ရှိအခြေအနေများကို သုံးသပ်ခြင်းတို့ဖြင့် ဘေးအန္တရာယ် ဖြစ်နိုင်ခြေ၏ သဘာဝနှင့်အတိုင်းအတာကို ဆုံးဖြတ်သောနည်းစနစ်ဖြစ်သည်။ ထွက်ပေါ်လာသော ရလဒ်သည် ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်းတို့အတွက် အကြံ ပေးရန် ခန့်မှန်းတွက်ချက်ထားသော အမှန်တကယ် သို့မဟုတ် မျှော်မှန်းထားသော ပျက်စီးနိုင်မှု သတင်းအချက်အလက်များကို ပေးသည်။ (UNISDR, ၂၀၀၉)

**စိတ်ဝင်စား ပတ်သက်သူ(များ)**

စိတ်ဝင်စား ပတ်သက်သူ(များ)သည် သီးသန့်ကိစ္စရပ်တစ်ခုအပေါ်တွင် စိတ်ဝင်စားမှု သို့မဟုတ် စိုးရိမ်ပူပန်မှုရှိသော လူပုဂ္ဂိုလ်များ၊ အုပ်စုများ အဖွဲ့အစည်းများနှင့် ရပ်ရွာလူထုတို့ကို ရည်ညွှန်းသည်။

**ဦးတည် ရပ်ရွာအုပ်စု**

အန္တရာယ်များကို ရင်ဆိုင်နေရတတ်သော ရပ်ရွာသည် ဘေးအန္တရာယ်လျော့ချရေး အစပျိုးလုပ်ဆောင်မှုများကို လုပ်ဆောင်သင့်သောနေရာဖြစ်သည်။ ကန့်သတ်ချက် ရှိသော အရင်းအမြစ်များနှင့် အချိန်ကန့်သတ်ချက်တို့ကြောင့် အစိုးရ သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ အကောင်အထည်ဖော်ဆောင်ရွက်သော ဘေးအန္တရာယ်လျှော့ချရေး စီမံကိန်းအများစုသည် ဘေးအန္တရာယ်ဖြစ်လွယ်မှု မြင့်မားသောဒေသများတွင် နေထိုင်သော ရွေးချယ်ထားသည့် ရပ်ရွာလူထုအပေါ် တွင်သာ အာရုံစိုက်ရန် လိုအပ်သည်။ ထိုကဲ့သို့သော ရပ်ရွာများကို ရွေးချယ်ခြင်း စံသတ်မှတ်ချက်များသည် အများအားဖြင့် အကောင်အထည်ဖော်မည့်အဖွဲ့အစည်း၏ ဘေးအန္တရာယ်လျော့ချရေးလုပ်ပိုင်ခွင့်များ၊ စီမံကိန်း၏ ရည်မှန်းချက်နှင့် ပန်းတိုင်များ၊ ရပ်ရွာလူထု၏ ရင်ဆိုင်ရသည့်အတိုင်းအတာနှင့် ပူးပေါင်းလုပ်ဆောင် မည့် ရပ်ရွာလူထုနှင့် ၄င်း၏ ဒေသဆိုင်ရာ အာဏာပိုင်များ၏ လိုလားမှုတို့အပေါ်တွင် တည်မှီနေသည်။

**ထိခိုက်ခံရလွယ်ခြင်း/ ခုခံကာကွယ်နိုင်စွမ်း နည်းပါးခြင်း**

အန္တရာယ်တစ်ခု၏ ပျက်စီးစေသောသက်ရောက်မှုအတွက် သံသယဖြစ်စေသော ရပ်ရွာလူထု၊ စနစ် သို့မဟုတ် ပိုင်ဆိုင်မှု တစ်ခု၏ လက္ခဏာများနှင့် ပတ်ဝန်းကျင်အခြေအနေများ ဖြစ်သည်။ (UNISDR, ၂၀၀၉)

## References

ADPC (2004). Community Based Disaster Risk Management Field Practitioners' Handbook.
Aid Workers Network (2002). Exit Strategy: How to Withdraw Responsibly. Retrieved from *http://www.aidworkers.net/?q=node/246*
DRR Program Overview 2013 – PowerPoint presentation on MRCS DRR Capacity Building & Community Based Disaster Risk Reduction Coastal Area Program (2009-2013).
Government of the Union of Myanmar (2009). Myanmar Action Plan on Disaster Risk Reduction 2009 – 2015).
High-level meeting on violence, Geneva, 2008
IFRC (2007). VCA Guidelines.
IFRC (2010). Strategy 2020: Saving lives, changing minds
IFRC (2011). Key Determinants of a Successful CBDRR Programme: Community Based Disaster Risk Reduction Study conducted by ARUP International Development.
IFRC (2011). Project Monitoring and Evaluation (M&E) Guide 2011.
IFRC (2011). Public awareness and public education for disaster risk reduction: A Guide.
IFRC (2012). Annual Report 2011 Myanmar.
IFRC (2012). Disaster Risk Reduction: A Global Advocacy Guide
IFRC (2012). DREF Operation Final Report: Myanmar Magway Floods May 2012.
IFRC (2010). A Practical Guide to Gender-Sensitive Approaches for Disaster Management.
MRCS - Standard Operating Procedures.
MRCS – Township Red Cross Branch Capacity Assessment.
MRCS (2009). CBDRM Implementation Guidelines
MRCS (2010). Disaster Management Policy.
MRCS (2010). Strategic Plan 2011-2015.
MRCS (2011). Impact Evaluation Report in Kyon Pyaw Township.
MRCS (2011). Narrative Report February 2010 to January 2011: Myanmar Red Cross Society Disaster Risk Reduction Capacity Building & Community Based Disaster Risk Reduction Coastal area Program.
MRCS (2012). Contingency Plan.
MRCS (2012). Narrative Report January 2011 to December 2011: Myanmar Red Cross Society Disaster Risk Reduction Capacity Building & Community Based Disaster Risk Reduction Coastal area Program.
MRCS (2013).Narrative Report January 2012 to December 2012: Myanmar Red Cross Society Disaster Risk Reduction Capacity Building & Community Based Disaster Risk Reduction Coastal area Program.
MRCS-FRC Disaster Risk Reduction Costal Area Program - Basic Education School Hazard Risk Assessment Questionnaire.
MRCS-FRC Disaster Risk Reduction Costal Area Program - Initial Diagnosis Assessment Form.
OECD-DAC Glossary of Key Terms and Concepts
United Nations Development Programme (UNDP) (2011). Community Based Disaster Risk Management: DRR Good Practices in Myanmar.

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရှိနှင့်ပြီးဖြစ်သော နည်းစနစ်များ၊ လုပ်ငန်းစဉ်များနှင့် လက်တွေ့လုပ်ဆောင်မှုများကို ညီညာမှုရှိစေရန်နှင့် ခိုင်မာကျစ်လျစ်စေရန် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး မူဘောင်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စတင်ဦးဆောင်ပြုလုပ်ပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများ ဖက်ဒရေးရှင်း၊ ပြင်သစ်ကြက်ခြေနီ၊ ကနေဒါကြက်ခြေနီနှင့် အမေရိကန်ကြက်ခြေနီတို့မှ ထောက်ပံ့မှုတို့ဖြင့် ပြုစုထားသည်။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး မူဘောင်တွင် ရလဒ် ၅-မျိုး ထွက်ပေါ်လာသည်။

**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်တွေ့ဖြစ်ရပ်လေ့လာချက်များ။** ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေးမူဘောင် အောက်တွင် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လက်တွေ့ဖြစ်ရပ်လေ့လာမှုများကို ဖော်ထုတ်ထားသည်။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းများ အကောင်အထည်ဖော်လုပ်ဆောင်ရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ယခုအချိန်ထိ တာဝန်ယူဆောင်ရွက်ခဲ့သော လုပ်ဆောင်မှုအစဉ်ကို တင်ပြထားသည်။ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လက်တွေ့ဖြစ်ရပ်လေ့လာချက်များ၏ ခေါင်းစဉ်များမှာ စီမံကိန်းနေရာရွေးချယ်ခြင်း၊ မြို့နယ်စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ကနဦးအခြေအနေလေ့လာခြင်း၊ ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်ခြင်းနှင့် ရပ်ရွာလူထုတွင်း အသိအမြင်မြှင့်တင်ပေးခြင်းတို့ဖြစ်သည်။ အဆိုပါ လက်တွေ့လုပ်ဆောင်မှု ဖြစ်ရပ်လေ့လာချက်များသည် မူလရှိရင်းအခြေအနေကို ထင်ဟပ်စေပြီး လုပ်ဆောင်နေကျဖြစ်ရပ်များကို မီးမောင်းထိုးပြထားရုံသာမက မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သူတို့၏ စီမံကိန်းအကောင်အထည်ဖော်ရာတွင် အသုံးပြုသည့် အမျိုးမျိုးသော ချဉ်းကပ်နည်းများ၊ နည်းစနစ်များနှင့် ကိရိယာများကိုလည်း ညွှန်ပြထားသည်။

**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်နည်း။** ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်နည်းသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရှိနှင့်ပြီးဖြစ်သော လူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး နည်းစနစ်များ၊ လုပ်ငန်းစဉ်များနှင့် လက်တွေ့လုပ်ဆောင်မှုများကို ခိုင်မာကျစ်လျစ်စေခြင်းနှင့် ညီညာမှုရှိစေရန်ပြုလုပ်ထားခြင်းဖြစ်သည်။ ၎င်းသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းတစ်ခုစီ၏ အခြေခံမှုစတင်သော အဓိကအဆင့်များကို ဖော်ထုတ်ခြင်းဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံရှိ အခြားသော ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်သူများမှ အကောင်အထည်ဖော်လုပ်ဆောင်မည့် အသစ်ပြုလုပ်မည့် ရပ်ရွာလူထုအခြေပြု သို့မဟုတ် ကျောင်းအခြေပြု ဆောင်ရွက်မှုများကို ဖော်ထုတ်ခြင်းနှင့် ထိရောက်စွာ အကောင်အထည်ဖော်ခြင်းတို့အတွက် လမ်းညွှန်ပေးရန် ရည်ရွယ်သည်။

**လူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်စွဲစာအုပ်။** ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေး လက်စွဲစာအုပ်သည် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးတွင် လေ့ကျင့်ပေးထားသော ကြက်ခြေနီစေတနာ့လုပ်အားရှင်များ မြန်မာနိုင်ငံကြက်ခြေနီအသင်း စီမံကိန်းဝန်ထမ်းများနှင့် မြန်မာနိုင်ငံရှိ အခြားသော ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျှော့ချရေး လက်တွေ့လုပ်ဆောင်သူများအတွက် မည်သို့ လုပ်ဆောင်ရမည်ကို လက်တွေ့လမ်းညွှန်ချက်ဖြစ်သည်။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် လျော့ပါးရေး အသိအမြင်ပေး ကိရိယာသေတ္တာနှင့်အတူ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေး လက်စွဲစာအုပ်သည် အကောင်အထည်ဖော်လုပ်ဆောင်ရေး အဆင့်များနှင့် အသုံးပြုသောကိရိယာတစ်ခုစီအား ရှင်းလင်းပြသလျက် မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြု စီမံကိန်းများကို အကောင်အထည်ဖော်လုပ်ဆောင်ခြင်းအတွက် လမ်းညွှန်မှုနှင့် ပံ့ပိုးမှု ပေးသည်။ ၎င်းသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်နည်းတွင် ဖော်ထုတ်ခဲ့သော အနည်းဆုံးပြုဖွယ်ဆောင်တာစု အပေါ်တွင် အခြေခံသည်။

**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး သင်တန်း သင်ရိုးညွှန်းတမ်း။** ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသင်တန်း သင်ရိုးညွှန်တမ်းသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်စွဲစာအုပ်တွင် ဖော်ပြခဲ့သော ပုံမှန် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အကောင်အထည်ဖော်ရေး ချဉ်းကပ်နည်းများအပေါ်တွင် အခြေခံသည်။ ၎င်းသည် ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း စီမံကိန်းဝန်ထမ်းများနှင့် မြန်မာနိုင်ငံရှိ အခြား ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်တွေ့လုပ်ဆောင်သူများအား ပုံမှန် ချဉ်းကပ်လုပ်ဆောင်နည်းဖြင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နည်းနှင့် လက်တွေ့အခြေအနေတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေးလက်စွဲစာအုပ်အား သုံးစွဲနည်းတို့ကို သင်ပြပေးသည်။ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျှော့ချရေးသင်တန်း သင်ရိုးညွှန်းတမ်းတွင် ကွန်ပျူတာကားချပ် PowerPoint တင်ဆက်မှုများနှင့်အတူ ဦးဆောင်ဆွေးနွေးသူလမ်းညွှန်စာအုပ် တစ်အုပ်နှင့် တက်ရောက်သူ လက်စွဲစာအုပ်တစ်အုပ် ပါဝင်သည်။

**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အသိအမြင်ပေး ကိရိယာသေတ္တာ။** ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အသိအမြင်ပေး ကိရိယာသေတ္တာတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းများတွင် အသိအမြင် မြှင့်တင် ပေးရန်အတွက် လက်ရှိအသုံးပြုနေသော ကိရိယာများအားလုံး ပါဝင်သည်။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အသိအမြင်ဖွင့်ကိရိယာသေတ္တာသည် ရှိနှင့်ပြီးဖြစ်သော ကိရိယာများအား ခြုံငုံတင်ပြခြင်းနှင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းများတွင် ၎င်းကိရိယာများအား အသုံးပြုခြင်းနှင့်ပတ်သက်သော လမ်းညွှန်ချက်ကို ပေးသည်။


သတင်းအချက်အလက်များ ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်
**ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနမှူး**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ရာဇသင်္ဂဟလမ်း၊ ဒက္ခိဏသီရိ၊ နေပြည်တော်၊ မြန်မာ**
**ဖုန်း – (+၉၅)၀၆၇-၄၁၉၀၁၇ ခွဲ-၂၂၀**
**ဖက်စ် – (+၉၅)၀၆၇-၄၁၉၀၁၇ ခွဲ-၂၂၁**



**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးမူဘောင် အစပျိုးလုပ်ဆောင်မှုအား ထောက်ပံ့သူများ**

croix-rouge française
CANADIAN RED CROSS
American Red Cross
International Federation of Red Cross and Red Crescent Societies

**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး ဦးဆောင်လှုံ့ဆော်သူ**

adpc